www.burmeseclassic.com

ဓမ္မအမြုတေစာစဉ်

ရဝေနွယ် (အင်းမ)

# ဘဝတိုင်းဆုံတွေ့ချင်ပါသလား နှင့် ဘာသာရေးလမ်းညွှန် ဓမ္မစာစုများ



BURMESE CLASSIC .com

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဘဝတိုင်း ဆုံတွေ့ချင်ပါသလား
# နှင့် ဘာသာရေးလမ်းညွှန် ဓမ္မစာစုများ

ရဝေနွယ်(အင်းမ)

BURMESE CLASSIC .com

www.yawainwe.net

ဖြန့်ချိရေး
**နေလတာပေ**
အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၃၈၂၃

ပင်ရင်း
**New Day**
အမှတ်(၁၄၈)၊ လမ်း - ၅၀(ထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းခွင့်ပြုချက် | ၁၀၀၃/ ၂၀၀၃(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၅/ ၂၀၀၄(၁) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၁-ခုနှစ်၊ ဇန်နဝါရီလ<br>ဒုတိယအကြိမ်<br>၂၀၀၂-ခုနှစ်၊စက်တင်ဘာလ<br>တတိယအကြိမ်<br>၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ၃,၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဗကျိုလင်းဝဏ္ဏ |
| အတွင်းဖလင် | အေဇက် |
| ကာလာခွဲ | နယူးဒေး |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ<br>အမှတ် ၃၈၊ ၁၀၉-လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန် |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ်(၁၉၉)၊ လမ်း(၅၀)<br>ပုဇွန်တောင်မြို့နယ်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| ဖြန့်ချိရေး | နေလစာပေ<br>အမှတ်(၂၁၆)၊ ၃၁-လမ်း(ထက်)<br>ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | ၆၀၀ ကျပ် |


BURMESE CLASSIC .com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဒုတိယအကြိမ်အတွက်အမှာ | ၅ |
| | ဆရာဟိန်းလတ်၏ အမှာ | ၇ |
| | ဆရာချစ်ဦးညို၏ အမှာ | ၁၂ |
| | စာရေးသူ၏ အမှာ | ၂၂ |
| ၁။ | ဘုန်းကြီးကျောင်းဝိုင်းထဲ ဖိနပ်စီးကောင်းပါသလား | ၂၈ |
| ၂။ | မိန်းမများ ဘုရားဆုပန်၍ ရနိုင်ပါသလား | ၅၁ |
| ၃။ | သေသွားသောသူကို တောင်းပန်၍ ရနိုင်ပါသလား | ၇၁ |


www.burmeseclassic.com

www.burmeseclassic.com

၄။ ပြစ်မှားမိသော အပြစ်ကို ဝန်ချတောင်းပန်က ကျေပျောက်နိုင်ပါသလား ၈၀
၅။ မိဘက သားသမီးကိုဆဲတာ ဖရုသဝါစာ ဖြစ်ပါသလား ၈၈
၆။ စေတီပေါင်းကို ဖျက်ကောင်းပါသလား ၉၄
၇။ ဥပုသ်သည်များ ည(၁၂)နာရီကျော်လျှင် ထမင်းစားကောင်းပါသလား ၁၀၇
၈။ ဘဝတိုင်း ဆုံတွေ့ချင်ပါသလား ၁၁၈
၉။ ဝသုန္ဒရီ ဆံရေညှစ်ပါသလား ၁၂၆
၁၀။ တောင်းခြင်းသည် မုန်းခြင်းကို ဖြစ်စေပါသလား ၁၃၆
၁၁။ စကြဝဠာမင်း ၁၄၄
၁၂။ ဗောဓိဆု (၃) မျိုး ၁၅၀
၁၃။ ဝိရတီ (၃) ပါး ၁၅၈
၁၄။ နိယာမ (၅) ပါး ၁၆၈
၁၅။ အဟိတ် (၃) ပါး ၁၇၇

# ဒုတိယအကြိမ်အတွက်

## အမှာစာ

ကိုယ်ရေးတဲ့စာအုပ် ဒုတိယအကြိမ် ပြန်ရိုက်ရတယ်ဆိုတော့ ပုထုဇဉ်ပီပီ ကျေနပ်ပီတိဖြစ်မိတာတော့ အမှန်ပါပဲ။ ဒီစာအုပ်က မိမိရဲ့ ပထမဆုံးလုံးချင်းစာအုပ်ပါ။ ထုတ်ဝေပေးခဲ့တဲ့ တိုက်ကတော့ ပညာရွှေတောင်စာအုပ်တိုက်ပါပဲ၊ စာတွေကတော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်စုက စာတွေပါ။ ခက်တာက ဒီစာအုပ်ကို စာဖတ်ရည်ဝနေတဲ့ ပညာရှင်တချို့ကတော့ သိပ်ပြီး သဘောမကျကြပါဘူး။ သူတို့ရဲ့ အကြောင်းပြချက်ကတော့ အရေးအသား ကလက်-လို့ ပါတဲ့။ မိမိက အဲဒီပညာရှင်တချို့ကို ရည်ရွယ်ပြီးရေးခဲ့တာ မဟုတ်လေတော့ သိပ်ပြီးပြဿနာတော့ မရှိလှပါဘူး။ မိမိရည်ရွယ်တာက ညီငယ် ညီမငယ်တွေ အတွက်ပါပဲ။ အဲဒီ ညီငယ် ညီမငယ်တွေက နားလည်တယ်သဘောပေါက်တယ် ကျေနပ်တယ်ဆိုရင် ပြီးတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းအရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)ကတော့ စာအုပ်ကို ကောင်းကောင်းလုပ်ပါတဲ့။ မိမိကိုယ်တိုင်ကလဲ ကိုယ့်စာအုပ်ကိုယ်ကြည့်ပြီး (ရောင်းရတာ မရောင်းရတာ အသာ ထား) စိတ်ချမ်းသာနေချင်သူပါ။ ဒါကြောင့် စက္ကူ ဖလင်၊ စာအုပ်ချုပ်စသည်တွေကို ကောင်းတာတွေနဲ့ချည်း လုပ်ထား ပါတယ်။

မိမိရဲ့စာအုပ်များ စဉ်ဆက်မပြတ် ထုတ်ဝေနိုင်ရေး အတွက် နဝကမ္မဝတ္ထုငွေ မ,တည်လှူဒါန်းပေးတဲ့ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) အပါအဝင် စာအုပ်ဓမ္မဒါန အလှူရှင်များ၊ စာတွေဆက်ရေးပါလို့ အမြဲ တိုက်တွန်းတဲ့ ဆရာမကြီး ဒေါ်ခင်စောတင့်၊ စာအုပ်ကို ဒကာရင်း ဆရာရင်း စိတ်ဓာတ်နဲ့ အထူးကြောင့်ကြစိုက် ဖြန့်ချိပေးတဲ့ ဒေါက်တာ ရန်မျိုးသိန်း(ရွှေနန်းမှန်ကူစာပေ)၊ မိမိရဲ့စာပေလမ်းကြောင်း တစ်လျှောက် အစဉ်သဖြင့် နားလည်ခံစားပေးတဲ့ ဗဂျိ လင်းဝဏ္ဏ၊ အခြားစာအုပ်နဲ့နွယ်ရာ မိတ်ဆွေများ အားလုံး အားလုံးကို ကျေးဇူးတင်ပါတယ်။

စာဖတ်ပရိသတ်ကို
အစဉ်ထာဝရချစ်ခင်လျက်
ရဝေနွယ်(အင်းမ)
၂၆-၄-၂၀၀၂

## စာရေးဆရာဟိန်းလတ်၏
### အမှာစာ

ကျွန်တော့်စာပေသက် နှစ် (၃၀) အတွင်းတွင် စာမျိုးစုံအပုဒ်ရေ (၃၀၀၀)ကျော် ရေးခဲ့သည်နှင့် နှိုင်းစာလျှင် စာအုပ်အမှာစာ (၁၂)ပုဒ်မျှသာ ရေးဖူးခဲ့ခြင်းမှာ အရေအတွက် အတော်နည်းသည်ဟု ဆိုရပါမည်။ တကယ်တမ်း ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်မိသောအခါ ကျွန်တော် အမှန်တကယ် ဝါသနာပါသည်မှာ စာရေးခြင်းမဟုတ်ဘဲ စာဖတ်ခြင်းသာ ဖြစ်သည်ကို သိရှိမိခဲ့သည်။ ကျွန်တော် စာဖတ်တာမှ စာစုံ။ နိုင်ငံရေး၊ ဘာသာရေး၊ ဒဿန၊ သိပ္ပံ၊ ဂမ္ဘီရ၊ ဝတ္ထု၊ ကဗျာ၊ အားကစား၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်၊ ဓာတ်သဘင်။ ဖတ်ခဲ့သမျှကို စာရင်းရေးမှတ်ထားရာ လုံးချင်းစာအုပ်ပေါင်းပင် တစ်သောင်းကျော်ခဲ့ပြီ။ ဆောင်းပါးတွေကတော့ မရေမတွက်နိုင်။ ကျွန်တော် တစ်ခုခု ဖတ်ပြီးတိုင်း တစ်ဦးဦးကို ပြန်ပြောပြချင်သည်။ ကျွန်တော် ပြောသည်ကို နားထောင်မည့်သူရှိလျှင် ကိုယ်ကပင် ထမင်းကျွေး၊ လက်ဖက်ရည် တိုက်ပြီး မမောနိုင်၊ မပန်းနိုင် ပြောတတ်သည်။ သို့သော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး မမောနိုင်၊ မပန်းနိုင် ပြောတတ်သည်။ သို့သော် ကျွန်တော့်ဝန်းကျင်တွင် ကျွန်တော် ပြောချင်သည်ကို နားထောင်လိုသော ပရိသတ်က သိပ်မရှိ။ ရုပ်ရှင်ကြည့်တာ၊ သီချင်းနားထောင်တာလောက်မျှသာ မွေ့လျော်သူတွေ များသည်။ ကျွန်တော်၏ "အသံထွက်စာအုပ်"ကို အချိန်ပေး အရသာခံ နားထောင်ချင်သူ ရှာမှရှား။ ဖတ်ရသမျှကို ပြန်မပြောရ မနေနိုင်သော ကျွန်တော့်အဖို့ စာရေးရတော့သည်။ ကျွန်တော်ပြောချင်တာ နားထောင်မည့်ပရိသတ် ရှားပါးလှသော်လည်း ကျွန်တော်ရေးတာကို ဖတ်မည့်ပရိသတ်တော့ ရှိသင့်သလောက် ရှိသည်ကို တွေ့ရတော့ အားတက်လာသည်။ ထို့ကြောင့် စာဆက်ရေးမိသည်။ သို့ဖြင့်ရေးဖြစ်သော စာအရေအတွက် များသည်ထက် များလာသည်။ စာရေးဆရာ(Writer)ဆိုသော အဆင့်ထက် 'ပြန်ပြောပြသူ' (Reteller) အဆင့်မျှသာ ရှိသည်ဟု ကိုယ့်ဘာသာကိုယ် သတ်မှတ်မိသည်။ ထိုအခါမျိုးတွင် ကျွန်တော်သည် သူတစ်ပါး၏ စာအုပ်များတွင် အမှာစာ အရေးနည်းလာခြင်း အငှေါ်မည်သို့မျှ မအံ့ဩမိ။

အချို့သော စာအုပ်အမှာစာများကို ကျွန်တော် လေးစားနှစ်ခြိုက်မိသော်လည်း အများစုကိုမူ သဘောမတွေ့ပါ။ စာအုပ်အတော်များများ၏ အမှာစာများကို ကျွန်တော် ကျော်ကျော် ဖတ်တတ်သည်။ အပိုစာသားတွေဟု ထင်မိ၍ ဖြစ်သည်။ စာအုပ် ကြော်ငြာ၊ လူကြော်ငြာတွေပဲဟုသာ



သဘောထားသည်။ စာအုပ်အညွှန်းဆိုတာ အများဆုံးအဆင့်။ သို့သော် ဆရာဒဂုန်တာရာ၏ အမှာစာမျိုးကျတော့ သဘောကျမိပြန်သည်။ ဆရာဒဂုန်တာရာသည် သူရေးသော အမှာစာတိုင်းတွင် သူပြောချင်တာတွေကိုသာ လျှောက်ပြောတတ်၏။ တစ်ခါတစ်ခါ အမှာစာရေးသော စာအုပ်နှင့်ပင် ဘာမျှမသက်ဆိုင်သလိုလို။ သို့သော် သူ့အမှာစာတွေက ဖတ်လို့ကောင်း၏။ အထူး စီမံဖော်စပ်ထားသော ရသစာတွေ။ အမှာစာအများစုကို ခြုံ၍ပြောရလျှင် ကျွန်တော် အမှာစာကို မယုံကြည်ဟုပင် ရှင်းရှင်းပြောရဲသည်။ ထို့ကြောင့်ပင် ကျွန်တော်ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း(၃၆)အုပ်တွင် အမှာစာမှာ နှစ်အုပ်တွင်သာပါ၏။ **ဆွာမိဝိဝေကာနန္ဒ** စာအုပ်အတွက် ဆရာပါရဂူ အမှာရေးပေးဖူးသည်။ **စာပေ အင်္ဂါ**တာဗျူးတွင် ဆရာလူထုစိန်ဝင်း အမှာစာပါ၏။ ဒါအကုန်ပဲ။

ယခု ရဝေနွယ် (အင်းမ) က ဘဝတိုင်းဆုံချင်ပါသလား စာအုပ်တွင် အမှာစာရေးပေးရန် ကျွန်တော့်ကို လာတောင်းသည်။ ရဝေနွယ် (အင်းမ)၏ ကဗျာတွေကို ဖတ်ဖူးသည်။ သူ့ကဗျာတွေက ဖွဲ့စည်းပုံ ဆန်းသစ်သည်။ နုနွဲ့သည်။ စကားလုံး ကျစ်လျစ်သည်။ သူ့စာတွေဖတ်ပြီး ခေတ်မီ အတွေးအခေါ်ရှိသော လူငယ် အနုပညာရှင်တစ်ယောက်ပဲဟု ထင်မိသည်။ တကယ်တမ်း တွေ့သိရတော့ သူသည် ရဟန်းတော်တစ်ပါးဖြစ်နေသည်ကို အံ့ဩနွယ်ရာ

www.burmeseclassic.com



တွေ့ရှိလိုက်ရသည်။ သူက ကဗျာအပြင် ဆောင်းပါးတွေလည်း ရေးနေသည်ပဲ။ ဆောင်းပါးအများစုက ဘာသာရေးလမ်းညွှန် ဓမ္မစာစုတွေ။ ရစေနှယ် (အင်းမ) ၏ ဆောင်းပါးအတော်များများကို သစ္စာ ဘာသာယဉ်ကျေးမှု မဂ္ဂဇင်းတွင် ဖတ်ရသည်။ သူ၏ ဆောင်းပါးခေါင်းစဉ်တော်တော်များများသည် စိတ်ဝင်စားစရာ ကောင်းသည်။ မိမိသိချင်သော အမေးပုစ္ဆာများချည်း သူကရွေးပြီး ဖြေပြထား၍ ပိုကောင်း၏။ တင်ပြပုံမှာ သွက်လက်သည်။ ပါဠိမြန်မာ ဝေါဟာရများ မလွှဲသာမရှောင်သာ တွေ့နေရတာတ်တာ တ်ချို့ကလွဲ၍ ဘာသာရေးဟာန် သီးသန့်မဆန်လှသည်ကိုပင် ကျွန်တော်ပိုသဘောကျမိသည်။ ဘုန်းကြီးကျောင်းဝိုင်းထဲ ဖိနပ်စီးသင့်မစီးသင့်၊ ဥပုသ်သည်တွေ ည (၁၂) နာရီထိုးလျှင် ထမင်းစားကောင်း မစားကောင်း၊ သေသူကို တောင်းပန်၍ ရမရ၊ မိန်းမတွေ ဘုရားဆုပန်နိုင် မပန်နိုင်၊ မိဘက သားသမီးကို ဆဲတာ ဖရုသဝါစာ ဖြစ် မဖြစ်...စသည်။ ထို့နောက် စကြဝတေးမင်း အကြောင်း၊ ဝသုန္ဓရီနတ်သမီးအကြောင်း။ ဒါတွေဒါတွေကို လူတိုင်း သိချင်သည်။ သိသင့်သည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင် လူကြီးတွေက ဗုဒ္ဓဘာသာဝင် ကလေးတွေ ပေါက်ပေါက်ရှာရှာ မေးလာလျှင် အသင့်ဖြေနိုင်အောင် ဖတ်ထား၊ သိထားသင့်သည် မဟုတ်ပါလား။ ယခု ကျွန်တော် နမူနာထုတ်ယူ၍ တင်ပြထားသော မေးခွန်း



တချို့ကို ဖတ်ပြီး စာဖတ်သူအနေ ဖြင့် အလွယ်တကူ ဖြေကြားနိုင်မည်ဆိုပါအံ့။ ဤစာအုပ်ကို အချိန်ကုန်ခံ ဖတ်စရာ မလိုပါ။ အမှာစာရေးသူ ကျွန်တော့် အနေဖြင့်မူ ဘာသာရေး အသိပညာ ဗဟုသုတနည်းသည်ဟု အထင်သေးကြလျှင် သည်းခံပါမည်။ ယခု ရစေနှယ်(အင်းမ) ရေးမှသာ ဒီအဖြေတွေ သိကြောင်း ဝန်ခံပါရစေ။ ကျွန်တော့် အမှာစာသည် သိပ်အရေးမပါလှပါ။ စာအုပ်ကိုသာ ဖတ်ဖြစ်အောင် ဖတ်ပါ။ ဤစာအုပ်မျိုးသည် အစမှအဆုံး ဖတ်စရာမလို။ ကိုယ်ဖတ်ချင်သည့် အခန်းကို ဖောက်၍ ဖတ်နိုင်သည့် စာအုပ်မျိုး ဖြစ်သည်။ စာကြည့်တိုက်တွင် 'ရည်ညွှန်းစာအုပ်' (Reference Book) အဖြစ် သတ်မှတ်ခြင်းခံရသည့် စာအုပ် မျိုး။ တစ်သက်တာ ကိုးကားရမည့် စာအုပ်မျိုး။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း မလွဲမသွေ ဖတ်ရှု သိမ်းဆည်းထားရမည့် စာအုပ်မျိုးဟု ကျွန်တော်ဆိုလျှင် ဤအမှာစာသည်လည်း ဒီပုတ်ထဲကဒီပဲစာအုပ် ကြော်ငြာ ပုံစံမျိုး အဆင့်မျှသာဟု ပညာရှင်များ ရှုတ်ချအထင်သေးမည်ဆိုပါက ကျွန်တော် ကျေကျေနပ်နပ်ကြီးခံယူပါရစေ။

**ဟိန်းလတ်**

www.burmeseclassic.com

www.burmeseclassic.com

# ဥယျောဇနေဟောတ

ချစ်ဦးညို

(၁)

အာဠဝကသည် ဗုဒ္ဓကို အကြမ်းဖက် တိုက်ခိုက်နည်းမျိုးစုံဖြင့် အနိုင်ယူ၍ မရသောအခါ၊ မေးခွန်းပုစ္ဆာထုတ်၍ အနုနည်းဖြင့် တိုက်ခိုက်ရာတွင် 'ရဟန်းကြီး၊ ပညာရအောင် ဘယ်လိုလုပ်ရသနည်း'ဟူ၍ မေးခဲ့၏။ ထိုအခါ မြတ်စွာဘုရားက–

'မမေ့မလျော့၊ အမြော်အမြင်ရှိသူသည် ကြားနာမှတ်သားခြင်းဖြင့် ပညာရနိုင်သည်'ဟု မဆိုင်းဘဲ ဖြေတော်မူခဲ့လေသည်။ စတုရင်္ဂဗလ အမတ်ကြီးက လောကနီတိကျမ်း၌–

'ကြားနာမှတ်သားခြင်းဖြင့် ဗဟုသုတ အကြားအမြင်များခြင်း ဖြစ်နိုင်သည်။ ဗဟုသုတ အကြားအမြင် များခြင်းကြောင့် ပညာဉာဏ် ကြီးမားပွားများနိုင်သည်'ဟု မှတ်တမ်းတင်ခဲ့သည်။ အမတ်ကြီး၏ နောက်ထပ် စကားတစ်ခွန်းကို လောကနီတိကျမ်းလာ စာနံပါတ် (၂၁)မှာပင် တွေ့ရပြန်၏။



'ပညာဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အနက်အဓိပ္ပါယ်သဘောတရားကို သိမြင်နိုင်သည်။ ယင်းသို့ သိမြင်သော အနက်အဓိပ္ပါယ် သဘောတရားသည် ချမ်းသာကို ဆောင်မည် ဖြစ်သည်။'

(၂)

မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ်သော ပါရမီဖြင့် တွဲဖက်ပါမှ ပညာသည် 'တကယ့်ပညာ'ဖြစ်လာကြောင်း သတိချပ်ဖို့တော့ လိုပေလိမ့်မည်။ သို့မဟုတ်က အသိမှန်၊ အကျင့်များ ဖြစ်သွားပါမည်။ ဤအရာသည် ကုသိုလ်ဟုသိ၏။ သိသည့်အတိုင်းမလုပ်။ ဤအရာသည် အကုသိုလ်မှန်းသိ၏။ သို့ရာတွင် သိသိနှင့် ဆက်လုပ်၏။ အသိမှန် အကျင့်မှား...။

ကျွန်တော်တို့တစ်တွေမှာ အသိမှား၊ အကျင့်မှားတွေအပြင် အသိမှန် အကျင့်မှားတွေလည်း တစ်ပုံတစ်ခေါင်း ရှိနေကြပါသည်။ ဤသို့ဖြစ်ရသည်မှာ ပညာကို ပါရမီမြောက် အဖြစ် ကပ်မထားနိုင်သောကြောင့်လည်းဖြစ်၏။ လောကစီးပွားကို လျစ်လျူပြု၍ မိမိစီးပွားကိုသာ ရှေ့ရှုနေသောကြောင့်လည်းဖြစ်၏။ ဉာဏ်မဲ့စိတ် ပင်ကိုစရိုက်ကြောင့်လည်းဖြစ်၏။ ထို့အပြင်...

– တကယ်မသိဘဲ၊ သိဟန်ဆောင်နေခြင်းကြောင့်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



- ဝိုးတိုးဝါးတားအသိကို ပြက်ပြက်ထင်ထင်အသိဟု ယူမှတ်မှားနေခြင်းကြောင့်လည်းကောင်း၊
- နည်းနည်းလေး သိတာကို များများကြီး သိတာဟုချဲ့ကားယုံမှတ်နေခြင်းကြောင့်လည်းကောင်း၊
- သမုတိနယ်မှ အသိကို သမုတိသဘောဖြင့် ပြန်မသုံးသပ်ဘဲ ပရမတ္ထနယ်အထိ တွန်းထိုးပို့ ရွှေ့ခြင်းကြောင့် လည်းကောင်း၊

ကျွန်တော်တို့တစ်တွေ၏ ဗဟုသုတဆိုသော အရာများ၊ ပညာဆိုသော အရာများသည် ရှုပ်ထွေးနောက်ကျို နေတတ်ကြလေသည်။

(၃)

ဆရာရဝေနွယ်(အင်းမ)၏ ခမ္မစာစုများကို ကွန်ပျူတာပရဖ်အဖြစ် ကျွန်တော် ဖတ်ခွင့်ရသောအခါ ထိုသဘောများကို ထပ်၍ဆင်ခြင်မိပါသည်။ ထိုဆင်ခြင်မှုမှသည် မေးခွန်းတစ်ခုမွေးဖွားလာ၏။

"တို့သိတယ် ဆိုတာတွေဟာ တကယ်ကော သိတာဟုတ်ရဲ့လား"

LITTLE KNOWLEDGE IS TOO DANGEROUS တဲ့။

ဤနေရာဟွင် LITTLE KNOWLEDGE ဆိုသည်မှာ အနည်းငယ်မျှသာဖြစ်သော ဗဟုသုတဟု ယူခြင်းထက်၊



မစို့မပို့သိခြင်းဟု ယူခြင်းက ပိုပြည့်စုံမည် ထင်သည်။ မစို့ မပို့သိခြင်းသည် အန္တရာယ်ကြီးသည်။ ကိုယ့်အတွက်လည်း အန္တရာယ်၊ တစ်ပါးသူအတွက်လည်း အန္တရာယ်၊ လောက ကြီးအတွက်လည်း အန္တရာယ်။

ဆရာရဝေနွယ် (အင်းမ)၏ ခမ္မစာစု (၁၅)ပုဒ်ကို ဖတ်ပြီး နောက်တွင် ကျွန်တော်သည် (ကျွန်တော်ကိုယ်တိုင် အပါအဝင်) စာဖတ်သူများကို နှိုးဆော်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဤအမှာစာကို ဥဃေျာဇနပဟေတု (တိုက်တွန်းရခြင်း၏ အကြောင်းရင်း)ဟု ခေါင်းစဉ်တပ်လိုက်ခြင်းဖြစ်ပါသည်။ နှစ်သက်အပ်သော၊ နှစ်သက်ဖွယ်ဖြစ်အပ်သော အရာတစ်ခုကို အဘယ်ကြောင့်လာကြ၊ ရှုကြ၊ ကြည့်ကြဟု မတိုက်တွန်းဘဲနေရပါမည်နည်း။

(၄)

ဆရာရဝေနွယ်(အင်းမ)၏ ခမ္မစာစုမှ နှစ်သက်အပ်သော အရာများကို ကျွန်တော် အနည်းငယ် ထုတ်ပြပါရစေ။

ဦးစွာ ပြောချင်သည်မှာ ရေးသားတင်ပြမှု ပုံစံဖြစ်၏။

ဆောင်းပါးစာစု ဖြစ်သော်လည်း ဇာတ်ဆောင်နှစ်ဦး ပါဝင်နေသည်။ ဇာတ်ဆောင်ဟူသည်မှာ ဝတ္ထု၊ ပြဇာတ်၊ ကဗျာ...စသော ရသနွယ်ဝင် စာပေများ၏ လက်တက်ပွား သာ ဖြစ်သည်ဟု ကျွန်တော်တို့ သတ်မှတ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤစာစုဆောင်းပါးများတွင်မူ ဇာတ်ဆောင်နှစ်ဦး ရှိလေသည်။ ကိုလေးနှင့် ညီမလေး၊ မောင်နှမ နှစ်ယောက်။

အဲဒီ ဇာတ်ဆောင်တွေမှာလည်း ဆောင်းပါးထဲက ဇာတ်ဆောင်ဆိုပြီး 'သေ'မနေကြပေ။ စရိုက်လေးများဖြင့် 'ရှင်'နေကြ၏။ ညီမလေးက စပ်စပ်စုစု သိလိုသူ၊ ဆင်ခြေတက်လိုသူ၊ စဉ်းစားတတ်သူ၊ ပြောတိုင်းယုံ၊ ကြားတိုင်းယုံ မဟုတ်သူ၊ အတွန့်တက် အကွန့်စွက်လိုသူ၊ လွတ်လပ်ပွင့်လင်းသော စိတ်အခံရှိသူ OPEN MINDEDရှိသူ။

အဲဒီ ညီမလေး၏ အမေး၊ သိလိုစိတ်၊ သံသယ၊ ဆင်ခြေ၊ အကွန့်အတွန့်တွေကို မမောနိုင် မပန်းနိုင်၊ စိတ်ရှည်လက်ရှည်ဖြေကြားပေးရသူ ကိုလေးက စေတနာကောင်း ဓာတ်ခံရှိသူ၊ အလင်းကူးပေးလိုသူ၊ သိသမျှကို ကြိုးစားရှင်းလင်းပေးသူ၊ လေးလေးစားစား ဖြေသူ၊ ဉာဏ်ပညာ ဗဟုသုတ ပြည့်ဝသူ၊ အရှဲ့ကို အတည့်၊ အကောက်ကို အဖြောင့်ဖြစ်အောင် လုပ်ပေး ချင်သူ။

ဆောင်းပါးဇာတ်ဆောင်နှစ်ဦး၏ ကံသုံးပါး အမူအရာများမှာ လတ်ဆတ်စိုပြည်၍ အသက်ဝင်နေကြ၏။ တစ်ဖက်သတ် စီးဆင်းမှုမဟုတ်၊ အပြန်အလှန် ပျော်ဝင်မှု ဖြစ်၏။ တစ်လမ်းသွား ဆက်သွယ်မှုမဟုတ်၊ အပေးအယူမျှသော ပေါင်းစည်းမှု ဖြစ်၏။

တစ်ဦးကလည်း ဆရာကြီး မလုပ်။ တပည့်မမွေး။



တစ်ဦးကလည်း တပည့်ကြီး မလုပ်။ ဆရာမမွေး။

သိပြီးသူနှင့် မသိသေးသူတို့ အပို့အထောက် အထိန်း အယူမှန်ကန်စွာဖြင့် ဓမ္မ ဆီသို့သာ ဦးတည် ချီတက်နေကြသည်။

နှစ်သက်ဖွယ် ဇာတ်ဆောင်များ ဖြစ်ပါသည်။

(၅)

သတ္တဝါများကို ကယ်တင်ရာ၌ ဗုဒ္ဓရှင်တော်မြတ်လေးဆယ့်ငါးနှစ်လုံးလုံး အသုံးပြုတော်မူခဲ့သော နည်းလမ်းမှာ စကားဆိုခြင်းပင် ဖြစ်၏။ နာသူအား မေးမြန်းခြင်း၊ ဖြေဆို စေခြင်း၊ တန်ပြန်မေးခွန်းများ ထွက်ပေါ်စေခြင်း၊ ကြားနာသူ အား လွတ်လပ်ခွင့်ပေးခြင်း၊ နည်းလမ်းများဖြင့် ဓမ္မသို့ ဆိုက် စေတော်မူပါသည်။

အမှန်တရားသို့ ဆိုက်ရောက်အောင် သွားသောနည်းလမ်းများအနက် အမေးအဖြေ ပြုလုပ်ခြင်း၊ အပြန်အလှန် စကားဆိုခြင်းသည် အရေးပါလှသော နည်းလမ်းတစ်ခု ဖြစ်သည်။

ဆရာရဝေနွယ်(အင်းမ)၏ ကိုလေးနှင့် ညီမလေးတို့ စကား ဆိုကြ၏။ မေးကြ၊ ဖြေကြ ပြုကြ၏။ ညီမလေး၏ ကတ်သီးကတ်သတ် (ခွတိုက်မေးခြင်း မဟုတ်၊ သူတကယ် သိလို၍ ချောင်ကြိုချောင်ကြားအထိ လိုက်တွေး၍ မေးခြင်း ဖြစ်သည်) မေးခွန်းအချို့ကို ကိုလေးသည် မနည်းကြီး ဖြေရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တစ်ခါတစ်ရံ ကျမ်းထုတ် ကျမ်းနုတ်၍ ဖြေပေးရသည်။ ကျမ်းကိုးသော်လည်း ကိုလေးသည် ကျမ်းနှင့်မပေါက်။ (ညီမလေးကလည်း ကျမ်းနှင့်ပေါက်တာကို ခံမည့်သူ မဟုတ်)၊ ကျမ်းနှံ့အောင်၊ ကျမ်းစုံအောင် သူလှမ်းမီသမျှကို ဆန့်ထုတ်ဖွေရှာ အကိုးအကား ပြရှာ၏။

ထိုအခါ မောင်နှမနှစ်ယောက်၏ စကားပြောခန်းသည် အလွန်ပင် 'နေရာကျ'လှသည်။ အချုပ်စကားဆိုရသော် ဆရာ ရဝေနွယ်(အင်းမ)သည် ဗုဒ္ဓနည်းကို ဆက်ခံအသုံးပြုထား ခြင်းပင် ဖြစ်လေသည်။

(၆)

မေးရင်း၊ ဖြေရင်းဖြင့် လိုအပ်လာသော အခါမျိုးတွင်၊ ကိုလေးသည် ပုံဆောင်သာဓက ဝတ္ထုဇာတ်ကြောင်းများကို ဥပမာသွင်းရလေသည်။ ဤသည်မှာလည်း ဗုဒ္ဓမြတ်စွာ၏ သုတ္တန်တရားတော်လာ နည်းလမ်းဟု ကျွန်တော် မြင်ပါသည်။

ပုံဆောင်သာဓက ဝတ္ထုဇာတ်ကြောင်းများ ထည့်သွင်းခြင်းသည် အလွန်ထိရောက်သော နည်းလမ်းဖြစ်သည်ဆိုသော်လည်း အထည့်မတတ်ပါက မူလတရားကိုယ်သေွဖွယ်ပြီး ပျက်သွားတတ်ပါသည်။ တရားကိုယ်တခြား၊ ဝတ္ထုတခြားဖြစ်ကာ ဝတ္ထုသည် ဘေးထွက်ပစ္စည်း ဖြစ်သွားတတ်ပါသည်။



ဤခမ္မစာစုလာ ဆောင်ပါးများ၌ လိုအပ်သလိုထည့်ထားသော ဝတ္ထုဇာတ်ကြောင်းများကား သူ့နေရာနှင့်သူ ခွင်ကျနေကြ၏။ အံဝင်နေကြ၏။ ကောင်းစွာသွန်းခတ်ပုံဖော်အပ်ပြီးသောရွှေ၊ ပလက်တီနံ၊ ငွေသတ္တု၊ အကွက်၊ အကွင်း၊ အအိမ်၊ အခန်းများ၌ လျောက်ပတ်သော စိန်၊ ပတ္တမြား၊ ပုလဲ၊ ဥဿဖရား၊ နီလာ ရတနာများကို နေရာတကျ ထည့်သွင်း မြှုပ်နှံလိုက်သကဲ့သို့ပင် ဖြစ်ပါသည်။

ထိုအခါဝယ် တရားကိုယ်နှင့် ဝတ္ထုဇာတ်ကြောင်းတို့သည် သဟဇာတဖြစ်စွာ အပြန်အလှန် ရောရှောရှု၍ ပြုကြလျက်။

ရတနာဝတ်ကို ဆင်မြန်းသူ၌ အမြင်ကျက်သရေ တင့်တယ်သွားကဲ့သို့ ဓမ္မစာစုဖတ်သူ၌လည်း၊ အသိ၊ ဉာဏ်၊ ပညာကျက်သရေတို့ဖြင့် တင့်တယ်ထွန်းပလာမည် ဖြစ်လေသည်။

နှစ်သက်ဖွယ်ပင် မဟုတ်ပါလား။

(၇)

နှစ်သက်အပ်သော၊ နှစ်သက်ဖွယ်ဖြစ်သော အချက်အချို့ ကို ဖော်ပြပြီးပါပြီ။ ကျွန်တော် ထုတ်နုတ်ပြသည်မှာ ရေးသား တင်ပြမှုပုံစံ အပိုင်းသာ ဖြစ်ပါသည်။ ထိုပုံစံ အပိုင်းနှင့် ခွဲမရအောင်တွဲစပ်နေသော အတွင်းသား အနှစ်သာရ အကြောင်းကော...။

www.burmeseclassic.com

www.burmeseclassic.com



အထူး မဆိုတော့ပါပြီ။ လေးစားအပ်သော စာဖတ်သူ အနေဖြင့် ဓမ္မစာစုဆောင်းပါးများ၏ မာတိကာကို တစ်ချက် ဖတ်ကြည့်လိုက်ရုံဖြင့် မြင်လောက်ပြီဟု ယူဆပါသည်။

ကျွန်တော်တို့ သိသည်ဟု ထင်ရသော၊ သိသလိုလို မသိ သလိုလို ဖြစ်နေသော၊ သိဖို့ မကြိုးစားခဲ့ဘူးသော၊ လုံးဝ မသိသေးသော၊ အကြောင်းအရာများကို စာရှုသူ တွေ့ရပါ လိမ့်မည်။

(၈)

အလင်းကူးညှိပေးသော၊ အမိုက်ခွင်းသော ဤဓမ္မစာစု များကို အဘယ်ကြောင့် မနှစ်သက်ဘဲ ရှိရမည်နည်း။

နှစ်သက်အပ်၊ နှစ်သက်ဖွယ် ဤစာများကို အဘယ် ကြောင့်ရှုကြ၊ ကြည့်ကြဟု မတိုက်တွန်းဘဲ နေရမည်နည်း။

လိုရင်း အရှင်းပြောရလျှင် “ဖတ်ဖြစ်အောင်ဖတ်ပါ”။

ဖတ်ပြီးလျှင် လေးစားအပ်သော စာဖတ်သူ၌ ဤဓမ္မ စာစုလာ အကြောင်းအရာများကို သိနားလည်သွားခြင်းနှင့် အတူနောက်ထပ် တန်ဖိုးရှိသော တစ်စုံတစ်ရာ ထွက်ပေါ် လာဦးမည်ဟု ကျွန်တော် ထင်သည်။

ထိုတစ်စုံတစ်ရာ ဆိုသည်ကား ...

ငါ မသိသေးတာတွေ ရှိပါသေးသကော၊ သိသလို လိုနဲ့ မသိတာတွေ၊ အသိမှားနေတာတွေ၊ ထဲထဲဝင်ဝင် မသိတာတွေရှိပါသေးသကောဟူသော အတွေးဖြစ်ပါ လိမ့်မည်။



ထိုအတွေးသည်ပင် စာဖတ်သူအား နောက်တစ်ဆင့် မြင့်သော နေရာဆီသို့ ခေါ်ဆောင်သွားပါလိမ့်မည်။ ဤသို့ ဖြင့်...

ဗဟုသုတ၊ အကြားအမြင်မှသည် အသိ၊ ဉာဏ်၊ ပညာဆီသို့ ကိုယ့်ကိုယ်ကိုယ် ဆွဲတင်သွားဖြစ်ပါလိမ့်မည်။ ထို့ကြောင့်ပင် ကျွန်တော်၏ အမှာစာကို ဥဃေ့ဇာနေ ဟောတု ဟု ခေါင်းစီးတပ်ခြင်း ဖြစ်ပါသည်။

လေးစားသော

ချစ်ဦးညို

(၂၀.၂.၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

(၁)

ရင်ခုန် ကြည်နူးရသော အာရုံများစွာတို့တွင် စာရေးပြီး ရင်ခုန်ရသော အလုပ်သည် အကြည်နူးရဆုံးသော အာရုံဟု မိမိဘာသာ ခံယူထားမိပါသည်။ ဘဝအမောများနှင့် ရင်ဆိုင်ရသည့်အခါတိုင်း ဖြေဆည်ရာသည် စာရေးသားခြင်း၊ စာဖတ်ခြင်းသာ ဖြစ်ခဲ့ရပါသည်။ သည်စာရေးခြင်းကြောင့်ပင် ဘဝနှင့်နွှယ်သော အခွင့်အရေးများ ဆုံးရှုံးပေးဆပ်ခဲ့ရသည်။ အထူးသဖြင့် စာမေးပွဲ အကြိမ်ကြိမ် ကျခဲ့ဖူးခြင်းများ...။ ကျန်သည့်ဝန်းကျင်တော့ မပြောတတ်၊ မိမိဝန်းကျင်မှာတော့ စာမေးပွဲကျခြင်းသည် အတော်လေး အနေကျုံ့ခဲ့ရပါသည်။ ယခုတိုင် မိမိပညာရေးက အတိုင်းအတာ တစ်ခုအထိ မပြီးဆုံးသေး။ ဆရာတော် ဦးတိလောကသာရ (ရဝေထွန်း)၊ ဆရာမောင်ရင့်ကျူး(မြောင်းမြ)တို့ကတော့ မိမိကိုတွေ့သည့်အခါတိုင်း "စာမေးပွဲဆိုတာ အရွယ်ရှိတုန်းဖြေလို့ရတာ၊ စာရေးတာက မသေမချင်း တစ်သက်လုံး ရေးလို့ရပါတယ်။



စာမေးပွဲကို ပြီးပြတ်အောင် အရင်လုပ်စေချင်တယ်။ ပြီးမှရေးပေါ့"ဟု သတိပေးလေ့ရှိသည်။ သည်အခါမျိုးတွင် ဆရာမဂျူး၏ မရှိမဖြစ်မိုး ဝတ္ထုထဲမှ "ရှင်ကလေ အခိုကနဲ့ သာမညကိုအမြဲတမ်း တလွဲတချော် လုပ်တတ်တယ်" ဟူသော စကားကို ပြေး၍ သတိရမြဲ၊ ဟုတ်လည်းဟုတ်သည်။ မိမိဘဝတွင် အခိုကနှင့်သာမညကို တော်တော်လေး တလွဲတချော် လုပ်ခဲ့ဖူးသည်။ သို့အတွက် အခွင့်အရေးတော်တော်များများနှင့် ဝေးခဲ့ရသည်။ ဘာပဲပြောပြော၊ ပညာရေးကိုလည်း မျှော်လင့်ထားသော အတိုင်းအတာ တစ်ခုအထိရောက်အောင်သွားရမည်။ စာပေသည်လည်း မိမိဘဝနှင့် ထပ်တူရှိနေမည်ဟု နှလုံးအိမ်ထဲတွင် ရှိနေသည်ကတော့အမှန်။ ရင်ထဲရှိသည့်အတိုင်း ပြောရလျှင် ဘဝ၏ နောက်ဆုံးအချိန်များကို စာရေးခြင်းဖြင့်သာ ကုန်လွန်ချင်ပါသည်။

(၂)

၁၉၉၂ ခုနှစ်၊ ဧပြီလတွင် 'သစ္စာ'ဘာသာ ယဉ်ကျေးမှုမဂ္ဂဇင်း ထွက်လာပါသည်။ စာတည်းချုပ်က ဆရာမ မမိုးမြေ၊ တာဝန်ခံစာတည်းက ဆရာဦးကြည်နိုင်၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကို အခြေခံသော မဂ္ဂဇင်းဖြစ်သည့်အတွက် စိတ်ဝင်တစားရှိသည်နှင့် စာမူနှစ်ပုဒ်ပို့လိုက်ပါသည်။ ထုံးစံ အတိုင်းတစ်ပတ်လောက်ကြာတော့ စာမူရွေး၊ မရွေး ဖုန်းနှင့် လှမ်းမေးရသည်။ တစ်ဖက်မှ မိမိစာမူကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးထားကြောင်း၊ ပြီးတော့ ဆရာမ မမိုးမြေက တွေ့ချင်ကြောင်းလည်း ပြောပါသည်။ သို့နှင့် ဆရာမအားသည့်ရက်ကို မေးပြီး သွားတွေ့ဖြစ်ပါသည်။ ဆရာမနှင့် တွေ့တော့ ဆရာမက မဂ္ဂဇင်းမှာ ပင်တိုင်ရေးပေးဖို့ ပြောပါသည်။ အမှန်အတိုင်းပြောရလျှင် ထိုစဉ်က မိမိအတော် အံ့သြခဲ့ရသည်။ အကြောင်းမှာ ဆရာမ မမိုးမြေကို အခုမှ တွေ့ဖူးခြင်းဖြစ်သည်။ မိမိသိရသလောက် အယ်ဒီတာတစ်ယောက်အနေနှင့် စာရေးဆရာတစ်ယောက်ကို မိမိမဂ္ဂဇင်းတွင် ပင်တိုင်နေရာပေးဖို့ အတော်ချင့်ချိန်ကြရပါသည်။ ထိုအသိနှင့်အတူ မိမိပေါ့ပေါ့တန်တန် လုပ်၍မဖြစ်ကြောင်း ထိုစဉ်ကပင် တစ်ပါးတည်း နားလည်ခဲ့ရပြန်ပါသည်။ သစ္စာမှာ စောစောပိုင်းက အဆင်သင့်သလို ရေးခဲ့သော်လည်း နောက်ပိုင်းတွင် "သစ္စာတရား ဆွေးနွေးခန်း" ဟူသော ခေါင်းစဉ်ကို ယူ၍ အစ်ကိုနှင့်ညီမ ဆွေးနွေးဟန်ဖြင့် ရေးဖြစ်ပါသည်။ ဤသည်ပင် ဓမ္မစာစုများ၏ မြစ်ဖျားခံရာ ဖြစ်ပါသည်။

(၃)

ယခု စာအုပ်လုပ်ဖို့ စီစဉ်တော့ သစ္စာတွင်ပါခဲ့သော စာစုများကို အဓိကထား၍ အကြောင်းအရာတူ၊ ရေဟန်းတူပြီး ပရိသတ်နှင့်နီးစပ်သော ဓမ္မစာစု(၁၅)ပုဒ်ကို ရွေးထုတ်ပြီး စီစဉ်လိုက်ရပါသည်။ ထုတ်ဝေသူကတော့ ပုဒ်ရေများများနှင့် ထူထူထဲထဲ။ ခံ့ခံ့ညားညား ထုတ်ချင်သည်ဟု ဆိုပါသည်။ မိမိက ထုတ်ဝေသူကို ပြန်ပြီး တောင်းပန်ပြောပြောရသည်။ "မိမိရဲ့ ပထမဆုံး လုံးချင်းကို ခပ်ပါးပါးသာ ထုတ်ချင်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ထုတ်ဝေသူလည်း ကုန်ကျစရိတ်သက်သာ၊ စာဖတ်ပရိသတ်လည်း ဈေးသက်သက်သာသာနှင့် ဝယ်နိုင်စေချင်ကြောင်း၊ စာအုပ်ထူပြီး တန်ဖိုးမြင့်သွားရင် စာဖတ်ပရိသတ် မဝယ်နိုင်မှာ စိုးရိမ်ရကြောင်း" ထုတ်ဝေသူက မိမိစကားကို လက်ခံပေးခဲ့ပါသည်။

သည်နေရာမှာ စာဖတ်ပရိသတ်ကို တစ်ခုတောင်းပန်ထား ချင်ပါသည်။ ပါဠိစာပေနှင့် အထိုက်အလျောက် နီးစပ်သော မိမိသည်ပင် စာဖတ်သည့်အခါ ပါဠိများပါလာလျှင် ဖတ်အား သိပ်မသွက်တော့ပါ။ ကိုယ့်အတွေ့အကြုံအရ မိမိစာရေးသည့်အခါ ပါဠိကင်းနိုင်သမျှ ကင်းအောင် ရေးမည်ဟု ခံယူထားပါသည်။ ခံယူထားသည့်အတိုင်း ပါဠိကင်းနိုင်သမျှ ကင်းအောင် ရေးသားခဲ့ပါသည်။ သို့သော် ယခု မိမိ၏ ဓမ္မစာစုများသည် ပြဿနာနှင့် အဆုံးအဖြတ်ကို အခြေတည်သော စာစုများ ဖြစ်နေပါသည်။ ပြဿနာနှင့် အဆုံးအဖြတ် များသည် အကိုးသာဓက ပါဠိများနှင့်ကင်း၍ မရတော့ပါ။ သည့်အတွက် စာဖတ်ပရိသတ်က မိမိကို နားလည်ပေးစေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဤ ခမ္ဗစာစုများ သန္ဓေတည်ဖို့ ပယောဂ စိုက်ထုတ်ခဲ့ကြသော ဆရာမ မမိုးမြေနှင့် သမီးများဖြစ်ကြသော ဗိုင်းနှင့် မိုမို (ဆေးတက္ကသိုလ်) မိသားစုကို ကျေးဇူးစကား ဦးစွာဆိုပါရစေ။

မိမိမသိသော ဘာသာရေးပြဿနာများကို မေးလျှောက်သည့်အခါတိုင်း စိတ်ရှည်လက်ရှည် ဖြေကြားပေးသော ဆရာတော် ဦးတိလောကသာရ(ရဝေထွန်း)၊ ရန်ကုန်ကြွလာသည့်အခါတိုင်း မိမိကို တကူးတက ဖုန်းဆက်၍ "ဘယ်အကြောင်း အရာတွေ ဘယ်ကျမ်းထဲမှာပါတယ်၊ အဲဒီကျမ်းကို ဖတ်ကွ"ဟု အစဉ်သဖြင့် ကျမ်းညွှန်လေ့ရှိသော ဘုန်းကြီးဦးဝိရိယ (တောင်စွန်း)၊ မိမိ စာမူများကို သစ္စာမဂ္ဂဇင်းသာမက တရားရိပ်မြိုင် မဂ္ဂဇင်းမှာပါ ဆက်လက်ထည့်ပေးခဲ့သော ဆရာဦးကြည်နိုင် (မြန်မာ့စနေ)၊ စာအုပ်အတွက် လိုအပ်သော အကြံဉာဏ်များနှင့်အတူ အမှာစာပါ ရေးသားချီးမြှင့်ပေးသော(မိမိကိုယ်တိုင် သံယောဇဉ်ရှိလှသော) ဆရာဟိန်းလတ်နှင့် ဆရာချစ်ဦးညို၊ မိမိဘဝနှင့်ဆန္ဒကို လိုအပ်သည့်အခါတိုင်း သံယောဇဉ်ကြီးစွာ ကူညီလေ့ရှိသော ညီငယ်လေး နေဝင်းထွန်း (တောင်ဥက္ကလာ)၊ စာအုပ်အတွက် မိမိနှင့်အတူ ရင်ခုန်ပေးကြသော ချစ်သော သူငယ်ချင်းများ၊ အထူးသဖြင့် ဤစာအုပ်ကို အရည်အသွေးမီမီနှင့် သပ်သပ်ရပ်ရပ် ထုတ်ဝေ



ပေးသော ပညာရွှေတောင်စာအုပ်တိုက်၊ အားလုံး... အားလုံး ကို ကျေးဇူးတင်ပါသည်။

စာဖတ်ပရိသတ်ကို
အစဉ်ထာဝရ ချစ်ခင်လျက်

**ရဝေနွယ် (အင်းမ)**

၂၂-၁-၂၀၀၀ (ည ၁၂ နာရီ ၅၀ မိနစ်)

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးကျောင်းဝိုင်းထဲ ဖိနပ်စီးကောင်းပါသလား

တက္ကသိုလ်ရောက်စ ညီမငယ်သည် တစ်ဖက်မှ ဘာသာရေးသင်တန်းများကိုလည်း အခါအခွင့်သင့်သလို တက်ရောက်နေသည်။ ညီမငယ် ဖတ်သင့်သော ဘာသာရေး စာအုပ်များကိုလည်း ကျွန်တော်ကပဲ ရှာပေးရသည်။ အထူးသဖြင့် ညီမငယ်သည် သူမသိသော ဘာသာရေးအယူအဆတို့ကို ကျွန်တော့်အား မကြာခဏ မေးတတ်သည်။ ညီမငယ် မေးသော မေးခွန်းတို့တွင် တချို့ကို ဖြေနိုင်သည်။ တချို့ကို မဖြေနိုင်ပါ။ တချို့ကို ဆရာသမားများထံမေး၍ ဖြေပေးရသည်။ တချို့ကို စာအုပ်ကြည့်၍ ဖြေပေးရသည်။ ဤတွင် ကျွန်တော်နှင့် ကျွန်တော့်ညီမငယ်တို့၏ ပညာရှင်မဆန်သော တရားဆွေးနွေးခန်းလေးတစ်ခု ဖြစ်လာခဲ့ပါသည်။

"ကိုလေး ဘုန်းကြီးကျောင်းထဲဖိနပ်စီးကောင်းသလား"

"အဲ... အဲဒါမှ ပြဿနာပဲ"



"ဘာပြဿနာလဲ ကိုလေးရ"

"ညီမလေး မေးခွန်းက မြင့်လွန်းနေလို့ပါ"

"အို... ကိုလေးသိသလောက် ဖြေပေါ့"

"အင်း... ကိုလေးအယူအဆ မပါဘဲ ဖြေမယ်နော်"

"ကိုလေး ကြိုက်သလိုသာဖြေ"

"ဒီလိုရှိတယ် ညီမလေးရဲ့၊ တချို့ဆရာတော်တွေက ဘုန်းကြီးကျောင်းဝိုင်းထဲမှာ ဖိနပ်မစီးကောင်းဘူးလို့ ယူဆကြတယ်။ တချို့ဆရာတော်တွေက စီးကောင်းတယ်လို့ ယူဆကြတယ်။ ခုအချိန်အထိ ဖိနပ်ပြဿနာကတော့ ရှိနေတုန်းပဲ"

"အင်း ဒါကြောင့်ထင်တယ်။ တောကဘုန်းကြီးကျောင်းတွေမှာဆို ဘယ်သူမှဖိနပ်မစီးကြဘူး၊ မြို့ကျောင်းတွေမှာတော့ဖိနပ်စီးခွင့်ပြုသည်လို့ တရားဝင်ကြေညာထားတော့ မြို့တွေမှာအားလုံးလိုလို စီးနေကြတာထင်တယ်နော်"

"ဟာ...ညီမလေးကလည်း လုပ်ချလိုက်ပြန်ပြီ"

"ဟင်...ဘာဖြစ်လို့လဲ ကိုလေးရဲ့"

"မြို့ကဆရာတော်တွေ သိလို့ကတော့ သူတို့ကို စော်ကားရမလားဆိုပြီး ညီမလေးကို တောင်ဝှေးနဲ့ ခေါက်တော့မှာပဲ"

"ဘာဖြစ်လို့"

"ဘာဖြစ်ရမလဲ၊ ညီမလေးပြောတာပဲ ပြန်စဉ်းစားကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ တောကဆရာတော်တွေက မစီးကောင်းဘူး၊ မြို့က ဆရာတော်တွေက စီးကောင်းတယ်လို့ ယူဆကြတဲ့ပုံစံမျိုး ဖြစ်မကုန်ဘူးလား"

"အဲ...ဟုတ်သားပဲ"

"မြို့ကဆရာတော်တွေထဲမှာ မစီးကောင်းဘူးလို့ ယူဆကြတဲ့ဆရာတော်တွေလည်း အများကြီးပဲ"

"ထားပါတော့ ကိုလေးရာ၊ အဲဒီဖိနပ်ပြဿနာကိုပဲ ပြောစမ်းပါ"

"ပြောမလို့ပဲ ညီမလေးရ၊ ပြောရမှာက အများကြီးဆိုတော့ ဘယ်ကစပြောရမလဲလို့ စဉ်းစားနေတာ"

"ညီမလေး နားလည်နိုင်မယ့်နေရာက စပြောလေ"

"ဖိနပ်ပြဿနာ စတာကတော့ ဗိမ္ဗိသာရမင်းကြီးက စတယ်ပြောရမလား မသိဘူး၊ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးမှာ ဓားခွဲခံရတဲ့အကြောင်း ညီမလေး သိတယ် မဟုတ်လား"

"သိတယ်လေ၊ အရှင်ဘဝက စေတီရင်ပြင်မှာ ဖိနပ်စီးမိလို့ မဟုတ်လား"

"ဒါတင်မကဘူး ညီမလေးရဲ့"

"ဟင်... ဘာရှိသေးလို့လဲ"

"ရှိသေးတယ် ညီမလေးရ၊ သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်မှာ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး ဓားခွဲခံရခြင်းရဲ့အကြောင်းနှစ်ချက်ကို ပြထားတယ်။

(၁) ရှေးအတိတ်ဘဝက စေတီရင်ပြင်၌ ဖိနပ်ခြေနင်းကို စီးလျက် သွားမိခြင်း။



(၂) ရဟန်းသံဃာတို့ ထိုင်ဖို့ရာ ခင်းထားအပ်သော ကော်ဇော ကမ္ဗလာ သင်ဖြူးအခင်းများကို ပေကျံသော ခြေတို့ဖြင့် နင်းတက်မိခြင်း၊ အဲဒီအကြောင်းနှစ်ချက်ကြောင့် ဓားခွဲခံရတာပဲ ညီမလေး"

"သြော်"

"ဒါနဲ့ တစ်ဆက်တည်း ပြောရဦးမယ်၊ စေတီရင်ပြင်အကြောင်း ရွှေတိဂုံတို့၊ မဟာဝိဇယတို့ကျတော့ အရံတံတိုင်း သီးသန့်ရှိတော့ စေတီရင်ပြင်ကို သိကြတယ်။ အရံတံတိုင်း မရှိတဲ့စေတီတွေကျတော့ စေတီရင်ပြင်ကို သတိမထားကြတော့ဘူး"

"အင်း ... စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး အရံတံတိုင်မရှိတဲ့ စေတီတွေကျတော့ စေတီရင်ပြင်ယူပုံ"

"အရံတံတိုင်းမရှိတဲ့ စေတီဆိုရင် စေတီခြေရင်းကနေ အားအလယ်အလတ်ရှိတဲ့ ယောကျ်ားပျိုတစ်ယောက် ပစ်အပ်တဲ့ ခဲနှစ်ကျအတွင်း အရပ်ကို စေတီရင်ပြင်လို့ ယူရမယ်လို့ ဝိနည်း မဟာဝါ အဋ္ဌကထာမှာ ဖွင့်ထားတယ်။ သာရတ္ထဋီကာ တတိယအုပ်မှာတော့ ခဲတစ်ကျအတွင်းအရပ်ကို ယူရမယ်တဲ့။ လယ်တီဆရာတော်ဘုရားကြီးကလည်း စေတီဝန်းကျင်မှ (၁၂)တောင်အတွင်း အင်္ဂါရဝအမှုတို့ကို မပြုအပ်လို့ ဆုံးဖြတ်ထားတယ်။ ပြီးတော့ ဗောဓိရင်ပြင်၊ ဂန္ဓကုဋီတိုက်

www.burmeseclassic.com

www.burmeseclassic.com



စေတီရင်ပြင်တို့မှာ အချည်းနှီးအကျိုးမရှိတဲ့ စကားတွေ ပြောဆိုနေမယ်၊ ရတနာသုံးပါး အာရုံမှတစ်ပါး တခြား ရူပ၊ သဒ္ဒ အစရှိတဲ့ အာရုံတွေကို ကြည့်ရှုခံစားနေမယ်ဆိုရင် ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းနှင့်မခြား အပါယ်လားကြောင်း ဗုဒ္ဓအဂါရဝဖြစ်တယ်လို့ ပဉ္စင်္ဂုတ္တရ အဋ္ဌကထာ တတိယအုပ်နဲ့ သံယုတ်အဋ္ဌကထာ ဒုတိယအုပ်တို့မှာ ဖွင့်ထားတယ်"

"ဟင် ... ဒါဆို ဘုရားပေါ်မှာ အတွဲတွေထိုင်ပြီး ကိုယ်ရေး ကိုယ်တာစကားတွေ ပြောနေရင် အပါယ်ကျနိုင်တာပေါ့နော်"

"ကျနိုင်တာပေါ့၊ ညီမလေးရာ၊ ညီမလေးကော ထိုင်ဖူးလား"

"အို ... ကိုလေးကလည်း ရှိမှမရှိတာ၊ ဘယ်လိုလုပ်ထိုင်မလဲ"

"အလကားစတာပါ ညီမလေးရာ၊ အဲဒီအကြောင်းတွေကို ညီမလေး သူငယ်ချင်းတွေကိုလည်း ပြောပြထားပေါ့"

"ဟုတ်တယ် ကျောင်းရောက်ရင် ပြောပြရဦးမယ်၊ ကဲ ဆက်ပါဦး"

"ဒါလောက်ဆို ညီမလေး စေတီရင်ပြင်နဲ့ ပတ်သက်လို့ နားလည်လောက်ပြီပေါ့နော်"

"နားလည်ပြီ ကိုလေး၊ ဆရာတော်တွေရဲ့ ဖိနပ်အယူအဆကို ပြောပါဦး"

"လယ်တီဆရာတော်ဘုရားကြီးက သာသနဝိသောဓနီ



ဒုတိယတွဲ စေတီယင်္ဂဏဝိနိစ္ဆယမှာ မစီးကောင်းဘူးလို့ ဆုံးဖြတ်ထားတယ်။ နောက် ပတ္တမြားဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာထဲမှာ ဖိနပ်နဲ့ပတ်သက်လို့ ဩဝါဒပေးထားတာ စိတ်ဝင်စားစရာပဲ"

"ပြောပါဦး၊ ပတ္တမြားဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို"

"ပတ္တမြား ဆရာတော်ဘုရားကြီးက ဖိနပ်မပါ၊ ထီးမဆောင်း၊ ယာဉ် မစီးဘဲ၊ ကျောင်းတိုက်အရပ်အတွင်း ဝင်လေ့ရှိသူ (၁၀)ယောက်ကို ထုတ်ပြထားတယ်။ အဲဒီ (၁၀)ယောက်က–

(၁) ပသေနဒီကောသလမင်းကြီး (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဓမ္မစေတီယသုတ် နှာ–၂၄၂)
(၂) အဇာတသတ်မင်း (သီလက္ခန်ပါဠိတော် သာမညဖလသုတ်၊ နှာ ၄၇)
(၃) လိစ္ဆဝီမင်း (ဝိနည်းမဟာဝါ ပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓက၊ နှာ ၃၂၇)
(၄) ဗြဟ္မဒတ်မင်းကြီး (သဋ္ဌိနိပါတ် ဇာတ်ပါဠိတော်၊ သံကိစ္စဇာတ်၊ နှာ ၅၉)
(၅) ပေါက္ခရသာတိပုဏ္ဏား (သီလက္ခန် ပါဠိတော်၊ အမ္ဗဋ္ဌသုတ် နှာ ၁၀၁)
(၆) ဖုဿတိမိဖုရားကြီး (ဝေဿန္တရာဇာတ်ပါဠိတော်၊ နှာ

www.burmeseclassic.com

www.burmeseclassic.com



၃၇၃)

(၇) အမွှပါလီ ပြည့်တန်ဆာမ (ဓိနည်းမဟာဝါ ပါဠိတော် ဘေသဇ္ဇက္ခန္ဓက၊ နှာ ၃၂၆)

(၈) ဘူရိဒတ်နဂါးမင်း(ဘူရိဒတ်ဇာတ် ပါဠိတော်၊ နှာ ၂၂၈)

(၉) သိကြားမင်း (သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ သက္က သံယုတ် မရှဉာယတနသုတ်၊ နှာ ၂၂၈)

(၁၀)အမ္ဗဋ္ဌလုလင် (သီလက္ခန်ပါဠိတော်၊ အမ္ဗသုတ်၊ နှာ ၈၄) တို့ပဲ။ ဒီပုဂ္ဂိုလ်(၁၀)ယောက်ဟာ ဖိနပ်မပါဘဲ၊ ထီးမဆောင်း ယာဉ်မစီးဘဲ ကျောင်းတိုက်အရာမ်ထဲကို ဝင်သလို၊ ယခုခေတ် ဒါယကာ၊ ဒါယိကာမတွေဟာလည်း ကျောင်းတိုက် တံခါးမုခ်ရောက်ရင် ဖိနပ်မပါ၊ ထီးမဆောင်း ယာဉ်မစီးဘဲဝင်သင့်တယ်လို့ ဆုံးမ ဩဝါဒပေးထားတယ်"

"ညီမလေးကတော့ ပတ္တမြားဆရာတော်ဘုရားကြီးရဲ့ ဆုံးဖြတ်ချက်ကို ကြိုက်သွားပြီ"

"ဟော..ညီမလေးကလည်း လုပ်ချလိုက်ပြန်ပြီ"

"ဟင်.. ဘာဖြစ်လို့လဲ ကိုလေးရဲ့"

"ဘာဖြစ်ရမလဲ၊ ပတ္တမြားဆရာတော်ဘုရားကြီးရဲ့ ဆုံးဖြတ်ချက်ကျတော့ ကြိုက်တယ်ဆိုတော့ တခြားဆရာတော်တွေရဲ့ ဆုံးဖြတ်ချက်တွေကို မကြိုက်သလို ဖြစ်မသွားဘူးလား။ စကားပြောရင် ဆင်ခြင်ပြီး ပြောရတယ်"



"ဘွာတေး ကိုလေးရ ဘွာတေး၊ ပြောချင်လွန်းအားကြီးလို့ ညီမလေးက ဆရာတော်ကြီးရဲ့ အကြောင်းပြချက်ကို သဘောကျသွားလို့ပါ၊ ပြောပါဦး ကိုလေးရဲ့၊ နောက်ဆရာတော်တွေရဲ့ ဩဝါဒ"

"ညီမလေး၊ မစိုးရိမ်ဆရာတော်ဘုရားကြီးကို ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးတယ်လေ၊ မန္တလေးမြို့က မစိုးရိမ်ကျောင်းတိုက်ကြီးနှစ်ခုကို စတင်တည်ထောင်သွားတဲ့ ဆရာတော်ကြီး မဟုတ်လား"

"အေး ဟုတ်တယ်၊ အဲဒီ မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိ စာအုပ်ထဲမှာ ဆရာတော်ကြီးက ဘုန်းကြီးကျောင်းထဲ ဖိနပ်စီးတာနဲ့ပတ်သက်ပြီး ပြောထားတာလည်း သိပ်စိတ်ဝင်စားဖို့ ကောင်းတယ် ညီမလေးရဲ့"

"ဟုတ်လား ကိုလေး၊ မစိုးရိမ်ဆရာတော်ကြီး အယူအဆကို ပြောပါဦး"

"မစိုးရိမ်တိုက်သစ်မှာ မကွေးမြို့က မောင်အောင်သိန်းဆိုတဲ့ ကျောင်းသားတစ်ယောက် ရှိတယ်။ သူက မစိုးရိမ်ကျောင်းတိုက်မှာ တည်းခိုပြီး မန္တလေးတက္ကသိုလ်မှာ ကျောင်းတက်နေတာ၊ အဲဒီမောင်အောင်သိန်းက တက္ကသိုလ်ကျောင်းသားပီပီ ကျန်းမာရေး ထိခိုက်မှာစိုးလို့ သူ့ကိုမစိုးရိမ်ကျောင်းတိုက်အတွင်းမှာ ဖိနပ်စီးခွင့်ပေးဖို့ ဆရာတော်ကြီးဆီမှာ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းတယ်။ ဆရာတော်ကြီးက ဘယ်လို ပြန်မိန့်သလဲ ဆိုတော့–

'ငါကတော့ ခွင့်မပေးရဲဘူး။ မင်းဟာမင်း အပြစ်ကို မကြောက်ရင် စီးပေါ့။ ကျောင်းဝင်း၊ ဘုရားဝင်းထဲမှာ ဖိနပ်စီးရင် အပြစ်ရှိတယ်လို့ ယူဆတဲ့ လူများလည်းရှိတယ်။ အပြစ်မရှိဘူးလို့ယူဆတဲ့ လူများလည်း ရှိတယ်။ သူတို့ယူဆတဲ့ အတိုင်း အပြစ်မရှိဘူးဆိုရင်တော့ ဖိနပ်စီးတဲ့သူတွေ တော်သေးတာပေါ့ကွ။ အပြစ်ရှိတယ်ဆိုတဲ့ အယူအဆကသာ မှန်ရင်တော့ ဖိနပ်စီးတဲ့သူတွေ မသက်သာဘူးသာမှတ်။ အပြစ်ဆိုတာက တမလွန်ဘဝမှာ ခံရမယ့်ဟာကို ပြောတာ။ တို့ကတော့ ကိုယ့်ကိုယ်ကို ဘာမှမဟုတ်သေးဘဲနဲ့ ဟိုစာကြည့် ဒီစာကြည့်ပြီး အပြစ်ရှိတယ်။ မရှိဘူးလို့ အဆုံးအဖြတ် မပေးရဲဘူး။

ကျောင်းဝင်းထဲ ဖိနပ်စီးခွင့်ပြုပါတယ်လို့လည်း ဒကာ ဒကာမတွေကို မပြောရဲဘူး။ မင်းသဘောပဲ။ တို့မစိုးရိမ်ကျောင်း ဒကာ၊ ဒကာမတွေဆိုရင် ကျောင်းဝင်းထဲ ဖိနပ်စီးဖို့ ဝေးလို့ကားတောင် မစီးဘူး။

ကားကို တိုက်အပြင်ဘက်မှာပဲ ရပ်ထားခဲ့တယ်။ လူက ဆင်းပြီး ခြေလျှင်လာတယ်။ အပြစ်ကြောက်တော့ အဲသည်လောက်ထိ ရှောင်ကြဉ်တာ၊ ကျောင်းဝင်းထဲ ဘုရားဝင်းထဲ ဖိနပ်မစီးရလို့ အသက်အန္တရာယ် ဖြစ်လောက်အောင် ကျန်းမာရေးထိခိုက်မယ် မထင်ပါဘူးကွာ"တဲ့။ တကယ်



တော့ ဆရာတော်ကြီးက ကျောင်းဝိုင်းထဲ ဖိနပ်စီးရင် အပြစ်ရှိတယ်လို့ တစ်ထစ်ချယူဆတာ မဟုတ်ဘူး။ အပြစ်ရှိတဲ့ အယူအဆ မှန်နေရင် အပြစ်ဖြစ်မှာစိုးလို့တဲ့။

ဒီလိုပဲ တစ်ခါကလည်း ဦးပန်းရည်ဆိုတဲ့ ဒကာကြီးတစ်ယောက်က မစိုးရိမ်ဆရာတော်ကြီးကို သူ့အိမ်မှာ ဆွမ်းပင့်ကပ်ရင်း'ဆရာတော်ဘုရား၊ ဘုရားဝင်းထဲ ဖိနပ်မစီးရဘူးလို့ ဘယ်သူက အမိန့်ထုတ်ထားတုန်းဘုရား'လို့ မေးလျှောက်တော့ ဆရာတော်က ချက်ချင်းပဲ 'ကုသိုလ်စိတ်က အမိန့်ထုတ်ထားတာပေါ့'လို့ ဖြေတယ်။ ဒါကို ဦးပန်းရည်က မကျေနပ်နိုင်သေးဘဲ တစ်ဆင့်ထပ်တက်ပြီ 'ဘုရားဝင်းခတ်ထားတဲ့ ဘုရားလူကြီးတွေက အမိန့်ထုတ်ထားတာ မဟုတ်ဘူးလားဘုရား"လို့ ထပ်မေးပြန်တယ်။

ဒီတော့ ဆရာတော်ကြီးက 'မဟုတ်ပါဘူး၊ ဒကာကြီးမှာ ဘုရားကို ရိုသေတဲ့ ကုသိုလ်စိတ် ကိန်းအောင်းနေတုန်းဆိုရင် ဘုရားဝင်းထဲရောက်ရောက်၊ မရောက်ရောက် ဘုရားမြင်တဲ့နေရာကစပြီး ဖိနပ်ချွတ်ရမယ်။ ဘုရားကို မထီလေးစားပြုချင်တဲ့ အကုသိုလ်စိတ်က ကိန်းအောင်းနေရင် ဘုရားဝင်းထဲမှာမကဘူး ဘုရားပလ္လင်ပေါ်အထိ ဖိနပ်စီးရဲမှာပဲပေါ့'လို့ ပြန်ပြောတယ်။

ဒီတော့မှ ဦးပန်းရည်ဆိုတဲ့ ဒကာကြီးက တဟဲဟဲရယ်ပြီး 'တပည့်တော် ဘုရားကို ရိုသေတဲ့ ကုသိုလ်စိတ် ရှိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား'လို့ ပြန်လျှောက်သတဲ့"

"မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ အယူအဆကလည်း ကောင်းတာပဲနော် ကိုလေး"

"ဟုတ်တယ် ညီမလေး။ နောက် ဆရာတော်ကြီးတွေ ဆုံးဖြတ်ထားတာ ရှိသေးတယ်။ အဲဒီ ဆရာတော်တွေက ဘုန်းကြီးကျောင်းဝိုင်းထဲမှာ ရှိသေလေးစားရမယ့် ရုပ်ပွားတော်တွေ၊ စေတီတော်တွေ၊ ပြီးတော့ တရားစာတွေရှိတယ်။ အဲဒီ ရတနာသုံးပါးကို ရိုသေလေးစားသောအားဖြင့် မစီးသင့်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ထားပါတော့ ညီမလေးရာ၊ မစီးသင့်ဘူးလို့ ယူဆကြတဲ့ ဆရာတော်တွေ အများကြီး ရှိသေးတယ်။ ပြောရင် ဆုံးတော့မှာ မဟုတ်တော့ဘူး။ မစီးသင့်တဲ့ အယူဝါဒကို ဒါလောက်ပြောပြရင် ညီမလေး ကျေနပ်နိုင်လောက်ပါပြီနော်"

"ကျေနပ်ပြီ ကိုလေး၊ စီးသင့်တယ်လို့ ယူဆကြတဲ့ ဆရာတော်တွေရဲ့ ဆုံးဖြတ်ချက်ကို ပြောပါဦး"

"ဘုန်းကြီးကျောင်းဝင်းထဲမှာ ဖိနပ်စီးခွင့်ပြုထားတဲ့ ဆရာတော်တွေရဲ့ အယူအဆက ဒီလို ညီမလေးရ၊ ဖိနပ်မစီးဘဲ ကျောင်းပေါ်တက်ရင် ကျောင်းပေါ်မှာ သံဃိကပစ္စည်းတွေကို ဖိနပ်မစီးတဲ့အတွက် ခြေထောက်မှာ ပေနေတဲ့ အညစ်အကြေးတွေနဲ့ ပေကျံကုန်နိုင်တယ်။ ဆိုလိုတာက တော့ သံဃိကပစ္စည်းတွေကို အညစ်အကြေးတွေက ပေကျံကုန်မှာ စိုးလို့ပါပဲ။ သံဃိကပစ္စည်း အပြစ်ကြီးပုံကိုတော့



ညီမလေး သိတယ်မဟုတ်လား"

"သိတယ်လေ၊ ကိုလေးတောင် သံဃိကပစ္စည်း အပြစ်ကြီးပုံကို 'အဆိပ်ကို အဆိပ်လို့ မမှတ်နှင့်' ဆိုပြီး သစ္စာမဂ္ဂဇင်းမှာဆောင်းပါးရေးဖူးတယ် မဟုတ်လား"

"ဟုတ်တယ် ညီမလေး၊ အဲဒီဆောင်းပါးကိုပဲ ပြန်အာရုံပြုကြည့်၊ အဲဒီဆောင်းပါးထဲမှာ သုစိလောမဘီလူးနဲ့ ခရလောမ ဘီလူးအကြောင်း၊ သုစိလောမဘီလူးဟာ ကဿပဘုရားရှင် လက်ထက်က သီလစင်ကြယ်တဲ့ ရဟန်းတစ်ပါးဖြစ်တယ်။ အဲဒီ ရဟန်းဟာ တစ်နေ့မှာ ခရီးဝေးက ပြန်လာတယ်။ ခရီးဝေးက ပြန်လာတဲ့အတွက် ခန္ဓာကိုယ်မှာ ချွေးအညစ် အကြေးတွေ လိမ်းကျံနေတယ်။ ချွေးအညစ်အကြေးတွေ လိမ်းကျံနေတဲ့ ခန္ဓာကိုယ်နဲ့ သတိမေ့လျော့ပြီး အမှတ်တမဲ့ သံဃိကကုတင်ပေါ် တက်အိပ်မိတယ်။ အဲဒီ အမှတ်တမဲ့ ပြုမိတဲ့အပြစ်တွေဟာ ပျံလွန်တော်မူတဲ့အခါမှာ အမှိုက်တွေ စွန့်ပစ်တဲ့ ဃယာရွာရဲ့အနီးမှာ အမွေးတွေက အပ်တွေဖြစ်ပြီး သုစိလောမ အမည်ရတဲ့ ဘီလူးဖြစ်သွားရတယ်။

နောက် ခရလောမ ဘီလူးကိုကြည့်၊ သူကတော့ ရဟန်းမဟုတ်ဘူး။ ဒကာတစ်ယောက်ပဲ။ သူလည်းပဲ သီလလုံခြုံတဲ့ သူ တစ်ယောက်ပဲ။ တစ်နေ့မှာ ဥပုသ်စောင့်ဖို့ ကျောင်းကို လာတယ်။ ကျောင်းရောက်တော့ အမှတ်တမဲ့ သံဃိက ကျောင်းနံရံကို မှီလိုက်တယ်။ အညစ်အကြေးတွေ နံရံ[illegible]ကျံ

www.burmeseclassic.com

www.burmeseclassic.com



ကုန်တယ်ပေါ့။ အဲဒီ အမှတ်မထင်ပြုမိတဲ့ အပြစ်ဟာ သေလွန်တဲ့အခါ သုစိလောမဘီလူးရဲ့ အနီးအပါးမှာ အမွေး အလွန်ပေါတဲ့ ခရလောမဘီလူး ဖြစ်သွားရတယ်။

ဒီဝတ္ထုသာဓကတွေကို ထောက်ပြီး ဖိနပ်စီးသင့်တယ်လို့ ယူဆကြတာ"

"နေပါဦး ကိုလေးရ။ မြတ်စွာဘုရားကဘုန်းကြီးကျောင်း ထဲမှာ ဖိနပ်မစီးရဘူးလို့ တိုက်ရိုက်ပညတ်ထားတဲ့ ပါဠိမရှိ ဘူးလား"

"တိုက်ရိုက်ပညတ်ထားတာတော့ မရှိဘူး ညီမလေးရ၊ ဒါပေမယ့် ဆရာတော်တွေက ဗိမ္ဗိသာရမင်း ဓားခွဲခံရတာတို့၊ ဘုန်းကြီးကျောင်းထဲမှာ ရှိသေရမယ့် ရတနာသုံးပါး ရှိတာ တို့ကို ထောက်ပြီး မစီးသင့်ဘူးလို့ ယူဆကြတာပဲ။

ဝိနည်းမှာ ခန္ဓကဝတ် (၁၄)ပါးဆိုတာ ရှိတယ်။ ရဟန်း သာမဏေတွေ ကျင့်ရတဲ့ ဝတ်တွေပေါ့။ အဲဒီ (၁၄)ပါးထဲမှာ အာဂန္တုက ဧည့်သည်ရဟန်း ကျင့်ရတဲ့ ဝတ်ဆိုတာရှိတယ်။ ကိုလေးဆိုပြမယ် နားထောင်-

အာဂန္တုကဝတ္တ၌၊ အရာမ်အတွင်းသို့မဝင်မီ ဖိနပ်ချွတ် ခြင်း၊ ဦးခေါင်းခြုံကို ဖွင့်ခြင်း၊ ဦးခေါင်း၌ တင်ထားသော သင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိကကျောင်းနေ ရဟန်း ကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရဟန်းသာမဏေတို့ ပြုရာ သောဝတ်လည်းကောင်းတဲ့၊ နောက် ပရိဝါအဋ္ဌကထာ



ဒုက စာရ ဝဏ္ဏနာမှာ...

အာဂန္တုကော အာဂန္တုကဝတ္တံ အပူရေတွာ သဆတ္တု ဟနော ပဝိသန္တော ပဝိသန္တော အာပတ္တိနာမ၊ နော နိက္ခမန္တော လို့ ဆိုထားတယ် ညီမလေးရ"

"အနက်ပေးပြပါဦး ကိုလေးရ"

"အင်း...နားထောင်

အာဂန္တုကော-ဧည့်သည်အာဂန္တုက ရဟန်းသည်။ အာဂန္တုကဝတ္တံ - အာဂန္တုကဝတ်ကို။ အပူရေတွာ-မဖြည့် ကျင့်မူ၍ သဆတ္တုပါဟနော- ထီးဖိနပ်နှင့်တကွ(ဝါ) ထီးဆောင်၊ ဖိနပ်စီးလျက်။ ပဝိသန္တော ပဝိသန္တော-ကျောင်း တိုက်တွင်းသို့ ဝင်တိုင်းဝင်တိုင်း၊ အာပတ္တိနာမ-အာပတ် သင့်သည်မည်၏။ နိက္ခမန္တော-ကျောင်းတိုက်မှ ထွက်သည် ရှိသော်၊ နော-အာပတ်မသင့်။

အာဂန္တုကဧည့်သည် ရဟန်းတစ်ပါးဟာ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်းစတဲ့ အာဂန္တုကကျင့်ဝတ်ကို မလိုက်နာဘဲ ဖိနပ်စီး၊ ထီးဆောင်းပြီး ကျောင်းတိုက်ထဲသို့ဝင်ရင် အာပတ်သင့်တယ် တဲ့။

ကဲ ကိုလေးပြောတာကို ညီမလေး ပြန်သုံးသပ်ကြည့်။ အာဂန္တုရဟန်းတစ်ပါးတောင် ကျောင်းတိုက်တစ်ခုကို ဝင် တော့မယ်ဆိုရင် မြတ်စွာဘုရား ပညတ်ထားတဲ့အတိုင်း ဖိနပ် ချွတ်၊ ထီးရုပ်ပြီး ဝင်ရသေးတာပဲ။ လူပုဂ္ဂိုလ်တွေအနေနဲ့ဆို ရင် ပြောစရာတောင် မလိုတော့ပါဘူး။ လက်ခံတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"လက်ခံတယ်ကိုလေး"

"ကဲ...ဘာသိချင်သေးလဲ"

"သြော်...ခုမှ သတိရတယ်။ မေးခွန်းက ရှေ့နောက် မညီတော့ဘူး"

"ပြောပါဦး"

"ခုနက ကိုလေးက သံဃိကပစ္စည်းအပြစ်ကြီးပုံကို ပြောတယ်။ ရဟန်းတစ်ပါးဟာ အမှတ်တမဲ့ သံဃိကပစ္စည်းတွေကို အညစ်အကြေး လိမ်းကျံရင် အပြစ်ကြီးတယ်ပေါ့။ ဒါဆို ရဟန်းတော်တွေအနေနဲ့ ဆင်ဆင်ခြင်ခြင်နဲ့ နေရတယ်။ အမှတ်တမဲ့ ပြုမိတဲ့ အပြစ်ကို ခွင့်လွှတ်နိုင်တဲ့ နည်းလမ်းလေးဘာလေး မရှိတော့ဘူးလား"

"ဟာ ... သိပ်မေးသင့်တဲ့ မေးခွန်းပေါ့။ နည်းလမ်းရှိတယ် ညီမလေးရဲ့၊ နည်းနည်းတော့ ရှည်မယ်နော်"

"ရှည်ရှည် ကိုလေးရာ၊ အကျိုးမရှိတဲ့စကား ပြောနေတာမှ မဟုတ်တာ"

"ပြောနေတာက ဖိနပ်အကြောင်း၊ ဘယ်လိုလုပ်ပြီး သံဃိကကျောင်း ရောက်သွားသလဲမသိဘူး၊ ထားပါတော့၊ နောက်မှ ဖိနပ်ကြောင်းဆက်ပြောတာပေါ့၊ ညီမလေးမေးတာနဲ့ ပတ်သက်လို့ ရန်ကုန်ဝိသုဒ္ဓါရုံကျောင်းကို စတင်တည်ထောင်တဲ့ ဆရာတော် အရှင်ဝါသဝါဘိဝံသရဲ့ သမ္ဗမင်္ဂလာ



ဓမ္မဒေသနာ စာအုပ်ထဲမှာ သံဃိကကျောင်းရေစက်ချ ဝိနိစ္ဆယမှာ မိန့်ထားတာ ရှိတယ်။ ယခုခေတ် ကျောင်းလှူတဲ့ ဒကာ၊ ဒါယိကာမတွေ သိထားသင့်တဲ့အကြောင်း တွေပဲ"

"ပြောပါဦး"

"ဆရာတော်ဘုရားက သံဃိကကျောင်းမှာ သုံးဆောင်နေထိုင်တဲ့ ရဟန်းသံဃာတွေဟာ ခြေဖဝါးလက်ဖဝါးတွေကို ချွန်ပြီး ကြွင်းတဲ့ကိုယ်အင်္ဂါတွေနဲ့ ထိပါးသုံးစွဲမိခဲ့ရင် အမွေးအရေအတွက်နဲ့ အာပတ်သင့်ကြောင်း ရှုဋ္ဌဝဂ္ဂါဒိ အဋ္ဌကထာ စာမျက်နှာ (၈၇)မှာ သူစိလောမနဲ့ခရလောမ ဘီလူး အကြောင်း ဆက်ပြောထားတယ်။ ဆရာတော်ဆိုလိုတာက တော့ အာပတ်လည်းသင့်တယ်။ ဘီလူးလည်း ဖြစ်ရတယ်ပေါ့။ ဒါကြောင့် တချို့ဒကာတွေဟာ အဲဒီအပြစ်တွေနဲ့ ကင်းအောင်ထိုင်ခင်းတွေ ခင်းထိုင်ကြတာတဲ့။

ယထာ ဒါယကာ ဝဒန္တိ၊ တထာပဋိပဇ္ဇိ တဗ္ဗံ။

(ရှုဋ္ဌဝဂ္ဂါဒိ အဋ္ဌကထာ၊ နှာ-၉၇)

အဓိပ္ပါယ်က...

ကျောင်းလှူဒါန်းသူ ဒါယကာ ဒါယိကာမများက ပြောဆိုတဲ့အတိုင်း ရဟန်းသံဃာများက သုံးဆောင်နေထိုင်ရမယ်တဲ့။

ကျေးရှူးရှင် (အဂ္ဂမဟာပဏ္ဍိတ) အဘယာရာမ ဆရာတော်ကြီးကလည်း ဒီအဋ္ဌကထာ စကားအရ ကျောင်းလှူသူ ဒါယကာ ဒါယိကာမတွေကို နားလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြထားရမယ်လို့ မိန့်ဖူးပါတယ်။ ဖတ်ပြမယ် နားထောင်"

"ဟုတ်ကဲ့ ကိုလေး"

"သံဃိကကျောင်း ရေစက်ချရာ၌ ရဟန်းတော်များ အာပတ်အပြစ်မှ ကင်းလွတ်စေရန် ကျောင်းလှူသူ ဒါယကာ ဒါယိကာမများ လျှောက်ရမည့် အချက်သုံးချက်...

(၁) ကျောင်းဒကာ ကျောင်းအမတို့က 'သံဃာတော် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များ ဆောက်လုပ်လှူဒါန်းအပ်သော ဤကျောင်းကို မဆေးရသေးသောခြေ၊ ဆေးပြီး၍ စိုစွတ်သောခြေ၊ ဖိနပ်နှင့်တကွသော ခြေတို့ဖြင့် နင်း၍လည်းကောင်း၊ ခြေဖဝါး၊ လက်ဖဝါးမှတစ်ပါး ကျောကုန်းစသော ချွေးအညစ်အကြေး လိမ်းကျံသော ကိုယ်အင်္ဂါတို့ဖြင့် မှီတင်းထိပါး ပွတ်တိုက်၍လည်းကောင်း ချမ်းချမ်းသာသာ အလိုရှိသလို သုံးဆောင်ပါ ဘုရား'ဟု လျှောက်ထားခြင်း။

(၂) 'ဝိနည်းကံအားလျော်စွာ အန္တော ဝုတ္တအန္တောပက္ကအပြစ်ဘေးမှ ကင်းလွတ်၍ ရဟန်း၊ သံဃာတော် အရှင်သူမြတ်အား သင့်လျော်လျောက်ပတ် အပ်စပ်သော ကပ္ပိယကုဋီကိုပြုလုပ်၍ သုံးဆောင်တော်မူကြပါဘုရား'ဟု လျှောက်ထားခြင်း။

(၃) 'ဤကျောင်းကို ဘုရားအမှူးရှိသော လက်ထက်တော်သာဝကသံဃာတော် အရှင်သူမြတ်များနှင့်တကွ ထိုထိုအရပ်မျက်နှာတို့မှ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့



ဖြစ်သော မမွေမွေ့လျော် သံဃာတော်တို့အား နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းကုန်၏'ဟု လျှောက်ထားခြင်း။

ကျောင်းလှူသူ ဒါယကာ ဒါယိကာမတွေက အဲဒီ လျှောက်ထားချက် (၃)မျိုးနဲ့လှူရင် ရဟန်းသံဃာတွေမှာ အာပတ်အပြစ် မဖြစ်ဘူးတဲ့"

"ဟာ ... သိပ်တန်ဖိုးရှိတဲ့စကားတွေပဲ ကိုလေးရာ အခုခေတ်ကျောင်းလှူနေတဲ့ ဒါယကာ ဒါယိကာမတွေ သိထားသင့်တဲ့ အချက်တွေပဲနော်"

"ဟုတ်တယ်ညီမလေး၊ သိထားသင့်တဲ့အချက်တွေပဲ ဆိုလိုတာကတော့ ရဟန်းသံဃာတွေမှာ ဒါယကာ ဒါယိကာ မတွေ လှူတဲ့ပစ္စည်းတွေကို မရှိမသေသုံးစွဲမိရင်၊ မရှိမသေ တောင် မဟုတ်ပါဘူး။ အမှတ်တမဲ့ သုံးစွဲရင်း ပျက်စီးသွား ရင်တောင် အာပတ်သင့်တယ်။ ဒါကို ဒါယကာ ဒါယိကာ မတွေက နားလည်ထားရမယ်။ အခြားခုတင်တို့၊ ဗီရိုတို့ လှူရင်လည်း ဒီလိုပဲ 'အရှင်ဘုရားတို့ အလိုရှိသလို သုံးဆောင်ပါလို့'ပြောပြီး လှူရတယ်တဲ့၊ ကဲ... ဒီလောက်ဆို သံဃိကပစ္စည်းနဲ့ပတ်သက်လို့ မပြည့်စုံတောင် နားလည် လောက်ရောပေါ့"

"သဘောပေါက်ပြီ ကိုလေး၊ ဖိနပ်အကြောင်း ပြန်ဆက်ရအောင်နော်၊ တကယ်လို့ ခြေထောက်မှာ အနာပေါက်နေလို့ ဖိနပ်စီးရမယ့် အခြေအနေရောက်နေရင်၊ ဒါမှမဟုတ် မကျန်းမမာလို့ ကားစီးရမယ့် အခြေအနေရောက်နေရင် စီးခွင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သလား"

"ငါ့ညီမကတော့ အချက်ကျကျချည်း မေးနေတော့တာပဲ။ စီးခွင့်ရှိတယ် ညီမလေးရ၊ ဒီအကြောင်းကို ရန်ကုန်ဝိသုဒ္ဓါရုံဆရာတော် အရှင်ဝါသဝါဘိဝံသရဲ့ စေတီယင်္ဂဏဝိနိစ္ဆယထဲကပဲထုတ်ပြီး ပြောရမှာပဲ"

"ပြောပါဦး"

"သီဟိုဠ်ကျွန်းမှာ သောဏာဂိရိခေါ်တဲ့ တောင်ပေါ်ကျောင်းမှာ သီတင်းသုံးနေတဲ့ ရဟန္တာ အရှင်သောဏာဆိုတာရှိတယ်။ အရှင်သောဏရဲ့ ခမည်းတော်က သုနခဝါဓိကတဲ့၊ အသက်မွေးဝမ်းကျောင်း အလုပ်က မုဆိုးအလုပ်ပေါ့။ မုဆိုးကြီးက အသက်ကြီးလာတော့ မုဆိုးမလုပ်တော့ပါဘူး။ အဲဒီတော့ သူ့ကိုအလိုမတူဘဲ ရဟန်းပြုပေးထားလိုက်တယ်။ နောက် မကျန်းမမာ ဖြစ်လာပြီး သေခါနီးအချိန် ရောက်လာတယ်။ အဲဒီမှာ တောင်ခြေက ခွေးကြီးတွေက မိမိကို ကိုက်တော့မလို ဂတိနိမိတ် ထင်လာတယ်။ ဒါကြောင့် 'ခြောက်ပါဟဲ့ သားသောဏရဲ့'လို့ ဆိုပြီး ဆက်ကာဆက်ကာ အော်ဟစ်နေတယ်။ အဲဒီတော့ အရှင်သောဏာက "ဘာလဲ ဦးပဉ္ဇင်းကြီး'လို့ မေးတယ်။ 'ခွေးကြီးတွေ ခွေးကြီးတွေ'လို့ ပြန်ဖြေတော့ ငရဲကျမယ့် ဂတိနိမိတ် ထင်လာပြီဆိုတာသိလိုက်ဘယ်။ ဒီတော့ အရှင်သောဏာက စဉ်းစားတယ်။ 'ငါကဲ့သို့သားကောင်းရတနာရှိပါလျက် ငရဲကို ဘာကြောင့် ကျရမလဲ'



ပေါ့။ ဒါနဲ့ ကိုရင်တွေကို ပန်းရှာခိုင်းတယ်။ ပြီးတော့ စေတီရင်ပြင်မှာ ပန်းမွေ့ရာခင်း၊ နောက်မှ ဦးပဉ္ဇင်းကြီးကို ညောင်စောင်းနဲ့ စေတီရင်ပြင်ကို ရွှေ့တယ်၊ အဲဒီမှာ အရှင်သောဏာက 'ဦးပဉ္ဇင်းကြီးအတွက် ပန်းအခင်းများနှင့် တကွ ပန်းပူဇော်ထားပါတယ်။ ထ, ကြည်ညိုပါ'တိုက်တွန်းတယ်။ ဦးပဉ္ဇင်းကြီးကလည်း အရှင်သောဏာပြောတဲ့အတိုင်း ဘုရားကို အာရုံပြုပြီး ကြည်ညိုဝမ်းမြောက်တယ်။ အဲဒီခဏမှာပဲ ခွေးကြီးတွေ နိမိတ်မထင်တော့ဘဲ နတ်သမီးတွေ ထင်လာတယ်။ ဒီတော့ ဦးပဉ္ဇင်းကြီးက 'ဟဲ့ ...ငါ့သားရဲ့ ဖယ်ပေးပါ။ သားရဲ့မိထွေးဖြစ်တဲ့ နတ်သမီးတွေ လာနေတယ်'လို့ ပြောပြီး မကြာဘူး၊ စုတိစိတ်ကျပြီး နတ်ပြည် ရောက်သွားရတယ်။

ဆရာတော်က ဒီဝတ္ထုသာဓကကိုထောက်ပြီး တကယ် မသွားနိုင် မလာနိုင်လောက်အောင် မကျန်းမမာဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဘုရားရှင်ကို ကြည်ညိုလေးစားပြီး ညောင်စောင်းနဲ့ အလားတူတဲ့ လှည်း၊ ကားစတဲ့ ယာဉ်တွေနဲ့ သွားကောင်းတယ်။ နောက် ဆရာတော်က ဒီဝတ္ထုသာဓကနဲ့ ပတ်သက်လို့ သုံးသပ်ပြထားသေးတယ်။ အရှင်သောဏာ မထေရ်ဟာ ရဟန္တာဖြစ်တယ်တဲ့။ ခမည်းတော်ပင်ဖြစ်သော်လည်း တကယ်ပဲ အပြစ်ရှိမယ်ဆိုရင် ဒီလိုစီမံမှာ မဟုတ်ပါဘူးတဲ့။ နောက် ဆရာတော်က ပြောပြထားသေးတယ်။

'ခုဒ္ဒသိက္ခာ ဋီကာ၊ ဝိနည်းမဟာဝါ ပါဠိတော်

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌကထာ တို့မှာ ယာန(ယာဉ်)အရ လှည်းပေါင်းချုပ်၊ ရေးခေတ်လံချား၊ ယခုခေတ် ဆိုက်ကား၊ မြင်းလှည်း၊ နွားလှည်းစသည်တို့ဟာ ရဟန်းတွေအနေနဲ့ မအပ်ပေမယ့် မကျန်းမာသူ (ဂိလာန) ဖြစ်လျှင် စီးခြင်းငှာ အပ်ကြောင်း' ဖွင့်ဆိုထားပါတယ်။

"ကဲ…ဖိနပ်နဲ့ပတ်သက်လို့ ဘာများမေးစရာ ရှိသေးလဲ ညီမလေး"

"ဘာမှတော့ တသီးတသန့် မေးစရာ မရှိတော့ပါဘူး ကိုလေးရာ၊ ဒါလောက်ဆို ဖိနပ်နဲ့ ပတ်သက်လို့ ပြည့်စုံလောက်ပါပြီ။ ဒါပေမယ့် ကိုလေးကို နောက်ဆုံးအနေနဲ့ မေးခွန်းတစ်ခုတော့ မေးလိုက်ချင်သေးတယ်"

"ကဲ…ဆို… ဘာမေးမလဲ"

"ညီမလေးအနေနဲ့ ကိုလေးကို ဖိနပ်စီးကောင်းသလား မစီးကောင်းဘူးလားဆိုတာ တိတိကျကျ ဖြေပါဆိုရင် ကိုလေး ဘယ်လို ဖြေမလဲ"

"ဟာ…ညီမလေးကလည်း ကိုလေးက အဋ္ဌကထာ ဋီကာနဲ့ ဆရာတော်တွေရဲ့ ဝါဒကို ပြောပြနိုင်တာပဲရှိတာ။ ဆုံးဖြတ်နိုင်တဲ့အရည်အချင်းမှ မရှိတာ ဘယ်ပြောနိုင်ပါ့မလဲ။ ညီမလေးအနေနဲ့ ကိုလေးပြောပြတာတွေကို ပြန်သုံးသပ်ပြီး ကိုယ့်ဟာကိုယ် ဆုံးဖြတ်ယူပေါ့"

"မဟုတ်ဘူးလေ၊ ညီမလေးက ကိုလေး အယူအဆကို သိချင်တာ"



"ကိုလေး ပြောပြီးပြီပဲ။ ကိုလေးဆုံးဖြတ်နိုင်တဲ့ အရည်အချင်း မရှိဘူးလို့၊ ကိုလေးအနေနဲ့ပြောလည်း မပြောချင်ဘူး။ ပြောလည်း မပြောရဲပါဘူး"

"ပြောပါ ကိုလေးရ၊ တခြားသူကို ပြောတာမှ မဟုတ်တာ၊ ကိုယ့်ညီမကို ပြောတာပဲ။ ပြီးတော့ ဘယ်သူမှလဲ မကြားနိုင်ပါဘူး။ မောင်နှမ နှစ်ယောက်တည်း ရှိတဲ့ဥစ္စာ၊ စိတ်ချ ကိုလေး၊ သူများသိမှာကြောက်ရင် ညီမလေး ဘယ်သူမှ မပြောဘူး။ ကဲ… ပြော ကိုလေးရာ"

"ပြောဆိုလို့သာ ပြောရတာ ညီမလေးရေ ခပ်လန့်လန့်ပဲ၊ ကဲ…နားထောင် မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနော မယာ၊ စိတ်သာအဓိက၊ စိတ်သာ ပြဋ္ဌာန်းတယ်တဲ့။ ညီမလေးကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတယ်လေ၊ စိတ်သာရှင်စော ဘုရားဟော ဆိုတာလေ"

"အေး…ဟုတ်တယ်။ ဒီတော့ ဘုန်းကြီးကျောင်းထဲ ဖိနပ်စီးတဲ့သူ တစ်ယောက်အနေနဲ့ ငါဟာ ရတနာသုံးပါးကို မရိုသေလို့ စီးတာမဟုတ်ဘူး။ ကျောင်းပေါ်တက်တဲ့အခါ သံဃိက ပစ္စည်းတွေကို အညစ်အကြေးတွေ လိမ်းကျံကုန်မှာ စိုးလို့စီးတာဆိုတဲ့ အသိတရားနဲ့ စီးစေချင်တယ်။ မစီးသူတွေ အနေနဲ့ကျတော့ သံဃိကပစ္စည်းတွေ နင်းတဲ့အခါ အပြစ် မဖြစ်အောင် ကျောင်းပေါ်တက်ခါနီးမှာ အညစ်အကြေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေကျံနေတဲ့ ခြေကိုရေဆေးပြီးတော့ ရေစိုနေတဲ့ ခြေထောက်ကို ပြောင်အောင်သုတ်ပြီးမှ ကျောင်းပေါ်တက်၊ ဖိနပ်တော့ ချွတ်ပါရဲ့။ ဒါပေမယ့် သံဃိကပစ္စည်းတွေမှာ အညစ်အကြေးတွေ ပေကျံကုန်လို့ အပြစ်ဖြစ်ရတာမျိုးတော့ မဖြစ်စေချင်ဘူး။ ကဲ... ဘာများမေးစရာကျန်သေးလဲ မရွှေချော"

"ဟာ ... ကိုလေးကလည်း ဒီညတော့ ဘာမှမေးစရာ မကျန်တော့ပါဘူး။ တော်ပါပြီ"

"ကဲ ...ဒါဆို သွားအိပ်တော့နော်။ ကိုလေး စာမေးပွဲအတွက် စာနည်းနည်း ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုလေး"

__ကျမ်းကိုး__

**၁။** __**သဒ္ဓမ္မဂ်လာစမ္မဒေသနာ (အရှင်ဝါသဝါဘိဝံသ)**__

**၂။** __**မဃိုးရိုစ်ဆရာတော်ထေရုပ္ပတ္တိ (အရှင်ရာဇဓမ္မာဘိဝံသ)**__

**၃။** __**ရန်ကုန် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓါန နာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ**__
(ပြန်လွှန်၏ဩဝါဒများ)

# __မိန်းမများ ဘုရားဆုပန်၍ ရနိုင်ပါသလား__

'ကိုလေး'

'ဆို'

'မိန်းမတွေ ဘုရားဆုပန်လို့ရလား'

'ဘာလဲ... ညီမလေးက ဘုရားဆုပန်မလို့လား'

'ဟာ...ကိုလေးကလည်း၊ မဟုတ်ပါဘူး၊ သိချင်လို့မေးတာပါ'

'မိန်းမတွေ ဘုရာဆုပန်လို့ရတယ်၊ မရဘူးဆိုတာ ခုမဖြေသေးဘူး၊ ညီမလေးမေးတဲ့ မေးခွန်းနဲ့ပတ်သက်နေတဲ့ အင်္ဂါနဲ့ ဝတ္ထု သာဓကတွေကို ကိုလေးအရင်ပြောပြမယ်၊ ဒါဆိုအဖြေကို သိသွားလိမ့်မယ်'

'ပြောပါဦး'

'အဋ္ဌသာလိနီအဋ္ဌကထာ နိဒါန်းမှာ...

'မနုဿတ္တံ' လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။

www.burmeseclassic.com



ပဗ္ဗဇ္ဇာ ဂုဏာသမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ။ အဋ္ဌဓမ္မ သမောဓာနာ၊ အဘိနိဟာရော သမိဇ္ဈတိ'လို့ ဆိုထားတယ်..

'ဘုရားလောင်းအင်္ဂါ(၈)ပါးပေါ့'

'မြန်မာပြန်ပါဦး ကိုလေးရ'

'ပြည်ဆရာတော်ဘုရားကြီးရဲ့ နိဿယကို မှီပြီးမြန်မာပြန်ပေးမယ်...

(၁) လူသားဖြစ်ခြင်း၊

(၂) ယောကျ်ားဖြစ်ခြင်း၊

(၃) ထိုပစ္စုပ္ပန်အတ္တဘော၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အကြောင်းကောင်းမှု ရှိခြင်း၊

(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊

(၅) သာသနာ့ဝန်ထမ်း ရသေ့၊ ရဟန်းဖြစ်ခြင်း၊

(၆) အဘိညာဉ် သမာပတ် ကျေးဇူးနှင့် ပြည့်စုံခြင်း၊

(၇) ဘုရားတို့အား ကိုယ့်အသက်ကို စွန့်ခြင်းဟု ဆိုအပ်သော လွန်ကဲသော ကုသိုလ်ရှိခြင်း၊

(၈) ဘုရားအဖြစ်ကို ပြုတတ်သောအကြောင်း ပါရမီတို့ကို ဖြည့်ခြင်း၌ လွန်ကဲသော အလိုဆန္ဒရှိခြင်း။

"ဒီအင်္ဂါ (၈)ပါးနဲ့ ပြည့်စုံမှ ဘုရားဆုပန်ပြီး နိယတဗျာဒိတ်ရနိုင်တယ်၊ အင်္ဂါချို့တဲ့နေရင် နိယတဗျာဒိတ်မရနိုင်ဘူး..

'နောက်... မိန်းမတွေ မရနိုင်တဲ့ အခွင့်အရေး (၅)ချက်ကို အင်္ဂုတ္တရ် ကေကနိပါတ်၊ ဒုတိယဝဂ်နဲ့ မဟာဝါအဋ္ဌ



ကထာ၊ ဂေါပက ဝတ္ထုမှာဟောထားတယ်၊ အဲဒါတွေက...

(၁) မိန်းမသည် ဘုရားမဖြစ်နိုင်၊

(၂) စကြာဝတေးမင်း မဖြစ်နိုင်၊

(၃) သိကြားမင်း မဖြစ်နိုင်၊

(၄) မာရ်နတ်မင်း မဖြစ်နိုင်၊

(၅) မဟာဗြဟ္မာမင်း မဖြစ်နိုင်တဲ့'

'ဟင် ... ဒါဆို မိန်းမတွေ ဘုရားဆုပန်လို့မရဘူးပေါ့'

'အဲဒီလိုတော့မဟုတ်ဘူး ညီမလေးရဲ့၊ စောစောက ပြောခဲ့ တဲ့ အခွင့်အရေးတွေက မိန်းမတွေအနေနဲ့ အခုမျက်မှောက် ဘဝမှာ မရနိုင်တာကိုပြောတာ၊ နောက်ဘဝကိုပြောတာ မဟုတ်ဘူး၊ နောက်ဘဝမှာ ယောကျ်ားဖြစ်ရင်တော့ အဲဒီအခွင့်အရေးတွေ ရနိုင်တာပေါ့၊ ဒါကြောင့် အနာဂတ် ဘဝကို မျှော်လင့်ပြီး ဆုပန်မယ်ဆိုရင်တော့ ဆုပန်လို့ရ ပါတယ်..ကိုလေးတို့ ဂေါတမဘုရား အလောင်းတော် မိန်းမဘဝနဲ့ ဘုရားဆုပန်ခဲ့သေးတာပဲ'

'ဟင်... ဂေါတမဘုရားလောင်းက မိန်းမဘဝနဲ့ ဆုပန်ခဲ့တာ၊ သုမေဓာရှင်ရသေ့ဘဝနဲ့ဆုပန်တာ မဟုတ်ဘူးလား'

'မဟုတ်ဘူး ညီမလေးရဲ့၊ အဲဒီ ဝတ္ထုကို ကိုလေးပြောပြမယ်၊ သောတတ္ထကီကျမ်း နိဒါန်းမှာပါတယ်...

'ဂေါတမဘုရားအလောင်းဟာ ရှေးရှေးဘဝက ကျူးလွန် ခဲ့ဖူးတဲ့ အပရာပရိယဝေဒနီယကံ (မျက်မှောက်

www.burmeseclassic.com

www.burmeseclassic.com



ဘဝနှင့်အခြားမဲ့ဘဝမှ တစ်ပါးသော ဘဝ၌အကျိုးပေးသော ကံ)ကြောင့် နတ်ပြည်ကနေ စုတေပြီး ပေါရာဏဒီပင်္ကရာဘုရားနဲ့ အဖေတူ အမေကွဲ မင်းသမီး ဖြစ်လာရတယ်'

'ဟင်...ဂေါတမဘုရားက မိန်းမဖြစ်ခဲ့သေးတယ်'

'ဖြစ်ခဲ့သေးတယ် ညီမလေးရဲ့'

'ကြောက်စရာကြီးနော်၊ ဒါနဲ့ နေပါဦး၊ ခုနက ကိုလေးပြောတဲ့ ပေါရာဏဒီပင်္ကရာဘုရားဆိုတာ ဂေါတမဘုရားအလောင်းသုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ခံယူတဲ့ ဒီပင်္ကရာ ဘုရားကို ပြောတာလား'

"မဟုတ်ဘူး ညီမလေးရဲ့၊ ဂေါတမဘုရားအလောင်း သုမေဓာ ရှင်ရသေ့ နိယတဗျာဒိတ်ခံယူတဲ့ ဒီပင်္ကရာဘုရားရဲ့ အရင် ကပ်ကမ္ဘာ အသင်္ချေကပွင့်တဲ့ ဒီပင်္ကရာဘုရားကို ပြောတာ၊ ဒါကြောင့် ဒီပင်္ကရာချင်းတူနေလို့ဆိုပြီး ဂေါတမဘုရားအလောင်း နိယတဗျာဒိတ်ခံယူတဲ့ ဒီပင်္ကရာဘုရားရဲ့ အရင်ကပ်ကမ္ဘာ အသင်္ချေကပွင့်တဲ့ ဒီပင်္ကရာဘုရားကို ပေါရာဏဒီပင်္ကရာ ဘုရားလို့ဆိုတယ်၊ ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ခံယူတဲ့ ဒီပင်္ကရာ ဘုရားကိုတော့ ပစ္ဆိမဒီပင်္ကရာဘုရားလို့ ဆိုတယ်၊ ရှုပ်သွား သလား မသိဘူး'

'မရှုပ်ဘူး ကိုလေး၊ ပေါရာဏ ဒီပင်္ကရာနဲ့ ပစ္ဆိမဒီပင်္ကရာ ကွဲသွားပြီ၊ ဆက်ပြောပါဦး'



'အဲဒီ ပေါရာဏဒီပင်္ကရာဘုရားဟာ တစ်ဆူသာ ပွင့်တဲ့ သာရကမ္ဘာမှာ ပွင့်တယ်'

'သာရကမ္ဘာ..'

'ဟုတ်တယ် သာရကမ္ဘာ၊ နေဦး ညီမလေး ရှင်းသွားအောင် ကမ္ဘာအကြောင်း ကိုလေး နည်းနည်းပြောပြမယ်၊ ကမ္ဘာဦးအစမှာ ဘုရားပွင့်မယ့်အကြောင်း ကြာပန်းနိမိတ်ပေါ်တတ်တယ်၊ ကြာပန်းကလည်း ငါးပွင့်ပါရင် ငါးဆူပွင့်မယ်ပေါ့၊ ဒီအတိုင်းပြောနေလို့ကတော့ ရှင်းမှာမဟုတ်ဘူး၊ ဇယားဆွဲပြမယ် ဒီမှာကြည့်...

| ကမ္ဘာအမည် | ကြာ | ဘုရား |
|---|---|---|
| သာရကမ္ဘာ | တစ်ပွင့် | တစ်ဆူ |
| မဏ္ဍကမ္ဘာ | နှစ်ပွင့် | နှစ်ဆူ |
| ဝရကမ္ဘာ | သုံးပွင့် | သုံးဆူ |
| သာရမဏ္ဍကမ္ဘာ | လေးပွင့် | လေးဆူ |
| ဘဒ္ဒကမ္ဘာ | ငါးပွင့် | ငါးဆူ |
| (ငါးဆူထက်ပိုရိုးမရှိ) | | |
| သုညကမ္ဘာ | ကြာမပွင့် | ဘုရားမပွင့် |

'ကဲ...ရှင်းပြီလား'

'ရှင်းပြီ ကိုလေး'

'ဘဒ္ဒကမ္ဘာဆိုတာ ကိုလေးတို့ ခုကမ္ဘာလေ၊ ကြာငါးပွင့်၊ ဘုရားငါးဆူ၊ ထားပါတော့၊ စကားတွေက ဘေးရောက်ကုန်ပြီ၊ နေဦး ဘယ်ရောက်သွားပါလိမ့်..'

www.burmeseclassic.com

www.burmeseclassic.com



'ပေါရာဏ ဒီပင်္ကရာဘုရားက သာရကမ္ဘာမှာ ပွင့်တယ် ဆိုတာလေ'

'အေး...ဟုတ်ပြီ၊ အဲဒီ ပေါရာဏဒီပင်္ကရာဘုရားဟာ စမ္မာဝတီမြို့မှာ မင်းဖြစ်တယ်၊ နန်းတော်မှာ အနှစ်တစ်သောင်း မင်းစည်းစိမ်ကို ခံစားတယ်၊ နောက် နိမိတ်ကြီးလေးပါးမြင်ပြီး တောထွက်တယ်၊ ဒုက္ကရစရိယာကို ခုနစ်ရက်နဲ့ကျင့်ပြီး ဘုရားဖြစ်တော်မူတယ်၊ ပေါရာဏဒီပင်္ကရာဘုရားလက်ထက်မှာ ပစ္ဆိမဒီပင်္ကရာဘုရားလောင်းက ချမ်းသာတဲ့ ပုဏ္ဏားမျိုးမှာဖြစ်တယ်၊ တစ်နေ့မှာတော့ ပေါရာဏဒီပင်္ကရာဘုရား ဟောတဲ့ တရားကို နာကြားပြီး တရားသံဝေဂရပြီး ရဟန်းဝတ် တယ်၊ နောက်မကြာဘူး အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးကိုရတယ်၊ ပစ္ဆိမဒီပင်္ကရာဘုရားလောင်းဟာ ပေါရာဏ ဒီပင်္ကရာဘုရားကိုကြည့်ပြီး ဘုရားအဖြစ်ကို အားကျနေတယ်၊ ဒါနဲ့ ငါလည်းဘုရားဆုကို ပန်မယ်ဆိုပြီး သပိတ်ပိုက်ပြီး တစ်မြို့လုံးလိုက်ပြီး ဆီအလှူခံတယ်၊ အဲဒီရတဲ့ ဆီတွေနဲ့ တစ်ညလုံး ဘုရားရှင်ကို ဆီမီးပူဇော်ပြီး 'အရှင်ဘုရားကဲ့သို့ ဘုရားဖြစ်ရပါလို၏' ဆုပန်တယ်၊ ပစ္ဆိမဒီပင်္ကရာ ဘုရား လောင်းဟာ ဘုရားလောင်းအင်္ဂါ ရှစ်ပါးနဲ့ ပြည့်စုံနေတယ် လေ၊ ဒါကြောင့် ပေါရာဏဒီပင်္ကရာဘုရားက 'ဒီ ဆီမီးလှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် သင်ဟာ ဒီပင်္ကရာအမည်နဲ့ ဘုရားစင်စစ်



ကောန်ဖြစ်လိမ့်မယ်'လို့ နိယတဗျာဒိတ် ပေးတော် မူတယ်။

အဲဒီနေ့ကစပြီး ပစ္ဆိမဒီပင်္ကရာဘုရားအလောင်းဟာ ဆီအမြဲ အလှူခံပြီး မီးပူဇော်တယ်၊ တစ်ညနေမှာတော့ နန်းတော်ကိုဝင်တယ်၊ ဆီအလှူခံဖို့ပေါ့၊ အဲဒီအချိန်မှာ ပေါရာဏဒီပင်္ကရာဘုရားအလောင်းနဲ့ ဖအေတူ မအေကွဲ နှမတော်ဟာ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ပေါ်မှာ သပိတ်ပိုက်ပြီး ကြွလာတာကို မြင်တယ်ပေါ့၊ ညနေဆိုတော့ ဆွမ်းအလှူခံတာမဟုတ်ဘူးဆိုတာတော့ သိတယ်၊ ဒါနဲ့ အလုပ်အကြွေး မိန်းမတစ်ယောက်ကို လွှတ်ပြီး စုံစမ်းခိုင်းတယ်၊ အလုပ် အကြွေးမိန်းမပြန်လာတော့ အကြောင်းစုံကို သိရတယ်၊ ရဟန်းတော်ကိုပင့်ပြီး ရွှေအဆင်းနှင့်တူတဲ့ မုန်ညင်းဆီလှူတယ်၊ ပြီးတော့ 'အရှင်ဘုရား ဤကုသိုလ်ကောင်းမှုကြောင့် ဘုရားစင်စစ်ဖြစ်၍ ဤမုန်ညင်းဆီအမည်နဲ့ သိဒ္ဓတ္ထဆိုတဲ့အမည်ကို ရရပါလို၏။ ဒီအကြောင်းကို မောင်တော်ဘုရားကိုလည်း လျှောက်ထားပေးပါ'လို့ လျှောက်တယ်၊ ပစ္ဆိမဒီပင်္ကရာဘုရား အလောင်းကလည်း မှာတဲ့အတိုင်း ပေါရာဏဒီပင်္ကရာဘုရားကို လျှောက်တယ်၊ အဲဒီတော့ ပေါရာဏဒီပင်္ကရာဘုရားက –

'ရဟန်း...ငါ့ရဲ့ နှမတော်ဟာ ဘုရားလောင်းအင်္ဂါရှစ်ပါးနဲ့ မပြည့်စုံလို့ နိယတဗျာဒိတ်မခံနိုင်ဘူး' မိန့်တော်မူတယ်။

နိယတဗျာဒိတ် မရနိုင်ဘူးဆိုတော့ ပစ္ဆိမဒီပင်္ကရာဘုရား

www.burmeseclassic.com

www.burmeseclassic.com



အလောင်းဟာ 'သူလိုချင်တဲ့ဘုရားအဖြစ်ကို မရနိုင်တော့ဘူးလား'လို့ ထပ်လျှောက်တယ်၊ အဲဒီတော့ ပေါ်ရာဇာဒီပင်္ကရာဘုရားက အနာဂတံသဉာဏ်နဲ့ကြည့်တယ်၊ ဘုရားဖြစ်နိုင်တာကို မြင်တယ်။

ဒါကြောင့်...

'ရဟန်း ဤကမ္ဘာမှ ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျော်လွန်တဲ့အခါ သင်ရဟန်းဟာ ငါကဲ့သို့ ဒီပင်္ကရာအမည်နဲ့ ဘုရားဖြစ်လိမ့်မယ်၊ အဲဒီအခါမှာ သင်က ငါ့ရဲ့နမတော်ကို နိယတဗျာဒိတ်စကား ပေးနိုင်လိမ့်မယ်'လို့ မျက်ကွယ်ဗျာဒိတ်စကား ပေးတော်မူတယ်'

'ဂေါတမ ဘုရားအလောင်း မိန်းမ ဘဝနဲ့ဘုရားဆုပန်ခဲ့တယ်ဆိုတာ ခုမှပဲကြားဖူးတယ်'

'ဟုတ်တယ် ကိုလေးလည်းသိတာမကြာသေးဘူး၊ ဓမ္မဗျူဟာစာစောင်က ကျေးဇူးရှင်တည်တော ဆရာတော်ဘုရားကြီးရဲ့ အမေးအဖြေကဏ္ဍကို ဖတ်ပြီးသိရတာ၊ နောက်ဘုန်းကြီးဦးဝီရိယ (တောင်စွန်း)နဲ့ တွေ့တော့ အဲဒီအကြောင်း သိချင်သေးတာနဲ့ ထပ်လျှောက်ပြီး မေးကြည့်မိသေးတယ်၊ ဘုန်းကြီးဦးဝီရိယ (တောင်စွန်း)က ကိုလေးကို ကျမ်းညွှန်းနဲ့တကွ ပြောပြတယ်၊ ကျမ်းညွှန်းကတော့ စောစောကပြောခဲ့တဲ့ သောတ္တကိကျမ်းပဲ၊ သီဟိုဠ်ကျွန်းက ရှင်ဗုဒ္ဓဃောသမထေရ်ပြုစုတဲ့ကျမ်းပေါ့၊ အခုညီမလေးကို ပြောပြတာလဲ တည်တော



ဆရာတော်ဘုရားရဲ့အမေးအဖြေစာထဲက ဖတ်ပြီးပြောပြရတာပဲ။ ဒါနဲ့တစ်ဆက်တည်း ပြောရဦး မယ် ညီမလေး၊ ဗန်းမော်ဆရာတော်နဲ့ သီလရှင်မယ်ကင်းကို ကြားဖူးတယ် မဟုတ်လား'

'ကြားဖူးတယ်လေ'

'သီလရှင် မယ်ကင်းက တစ်နေ့မှာ တပည့်သီလရှင်လေးတွေကို ဗန်းမော်ဆရာတော်ဆီ သင်္ဘောသီးလှူခိုင်းတယ်၊ ပြီးတော့ သီလရှင်မယ်ကင်းက မှာလိုက်သေးတယ်၊ "ဒီသင်္ဘောသီးကို လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှုကြောင့် ဘုရားဖြစ်ရပါလို၏"တဲ့၊ ဒီအကြောင်းကို ဆရာတော်ကို လျှောက်ပေးပါပေါ့၊ တပည့်သီလရှင်တွေကလည်း မှာလိုက်တဲ့အတိုင်း ဆရာတော်ကို လျှောက်တယ်၊ အဲဒီတော့ ဗန်းမော်ဆရာတော်က ဘာပြောတယ်မှတ်လဲ..."ဟဲ့...နင်တို့ဆရာကို ပြောလိုက်၊ ဘုရားဆုတော့ မပန်နဲ့ဦး၊ ငါ့ပေါင်ကြားထဲက ဝတ္ထုသူ့ပေါင်ကြားထဲရောက်အောင် ဆုတောင်းဦးလို့"၊ တပည့်သီလရှင်တွေကလည်း ဗန်းမော်ဆရာတော်ပြောတဲ့အတိုင်း သီလရှင်မယ်ကင်းကိုပြောတော့ သီလရှင်မယ်ကင်းက အဓိပ္ပါယ်တစ်မျိုးပေါက်ပြီး ဒေါသတွေ ထွက်တော့တာပေါ့...

တကယ်တော့ ဗန်းမော်ဆရာတော်က သီလရှင်မယ်ကင်း သဘောပေါက်သလို အဓိပ္ပါယ်မျိုးနဲ့ပြောတာ မဟုတ်ဘူး၊ သင်္ဘောသီးလှူတဲ့ ကုသိုလ်ကြောင့် ဘုရားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ သီလရှင် မယ်ကင်းအနေနဲ့ မိန်းမဘဝနဲ့တော့ ဘုရား မဖြစ်နိုင်ဘူးပေါ့၊ တကယ်လို့ ဘုရားဖြစ်ချင်ရင် ငါတို့လို ယောကျ်ားဖြစ်အောင် အရင်ဆုတောင်းဦး၊ ယောကျ်ားဖြစ်မှ ဘုရားဖြစ်နိုင်တယ်လို့ ရည်ရွယ်ပြီး..."ငါ့ပေါင်ကြားထဲ ကဝင်သွား သူ့ပေါင် ကြားထဲရောက်အောင် ဆုတောင်းဦး"လို့ ပြောလိုက်တာပဲ'

'ဒါနဲ့နေပါဦး ကိုလေးရဲ့ ငါတို့လိုယောကျ်ားဖြစ်အောင် ဆုတောင်းဦးဆိုတော့ မိန်းမဘဝကနေ ယောကျ်ားဘဝဖြစ်အောင် ဘယ်လိုဆုတောင်းရမှာလဲ။ မိန်းမဘဝကနေ ယောကျ်ားဘဝရောက်အောင် ဘယ်လိုလုပ်ရမှာလဲ'

'ဒါကလွယ်ပါတယ် ညီမလေးရယ်၊ ဒါနဲ့ ပတ်သက်ပြီး ကျမ်းဂန်တော်တော်များများမှာ ဖွင့်ပြထားပါတယ်။ ဒီနေရာ မှာ ဖွင့်သမျှ ကျမ်းစာတွေကို အကုန်ပြောပြနေရင် ဆုံးမှာ မဟုတ်တော့ဘူး၊ ခပ်ကျဉ်းကျဉ်းပဲပြောကြတာပေါ့'

'ဟုတ်ကဲ့ ကိုလေး'

'မိန်းမဘဝကနေ ယောကျ်ားဘဝဖြစ်ချင်ရင်-'

၁။ မိန်းမဘဝကို စက်ဆုပ်ရမယ်၊

၂။ ဥပုသ်သီလစောင့်ထိန်းရမယ်၊

၃။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ရမယ်၊

၄။ ယောကျ်ားဖြစ်လိုတဲ့ ဆန္ဒအားကြီးရမယ်၊

၅။ ကုသိုလ်ပြုတဲ့ အခါတိုင်း ယောကျ်ားအဖြစ်ကို ဆုတောင်းပြီး ကုသိုလ်ပြုရမယ်။



၆။ လင်သားကို နတ်ကဲ့သို့ ရိုရိုသေသေ ပြုစုလုပ်ကျွေး ရမယ်။

ဒီအင်္ဂါ(၆)ချက်က ကျမ်းတစ်စောင်ထဲကလာတာတော့ မဟုတ်ဘူး၊ ဓမ္မပဒအဋ္ဌကထာ၊ သာရတ္ထသင်္ဂဟပါဠိ နာရဒ ဇာတ်-ပါဠိတော်၊ လောကနီတိ ဓမ္မနီတိတို့က လာတဲ့ အကြောင်း အရာတွေကို ခြုံပြီးပြောပြတာနော်၊ ဒီအင်္ဂါတွေနဲ့ ပြည့်စုံတဲ့မိန်းမဟာ နောင်ဘဝ ယောကျ်ားကောင်း ဖြစ်ပါ တယ်။'

'ဒါနဲ့ နေပါဦး ကိုလေးရဲ့၊ ခုနက ကိုလေးပြောတဲ့ အင်္ဂါ တွေထဲမှာ လင်ကိုရိုရိုသေသေ လုပ်ကျွေးရမယ်ဆိုတာပါ တယ်၊ ဒါဆို လင်မရှိတဲ့ မိန်းမတွေကျတော့ ဘယ်လိုလုပ် မလဲ။'

'အဲဒီ အင်္ဂါတွေထဲမှာ အဓိကအင်္ဂါက မိန်းမဘဝကို စက်ဆုပ်ရမယ် မနှစ်သက်ရဘူး၊ ဒီအင်္ဂါကို အဓိကထား ကျင့်ရမယ်၊ ဘယ်လို မိန်းမဘဝကို စက်ဆုပ်ရမလဲဆိုတော့ မိန်းမဖြစ်လာရင် ကိုယ်ဝန်ဆောင်ရခြင်း၊ ကလေးမွေးရခြင်း စတဲ့ အာဝေဏိကဒုက္ခငါးပါးကို ခံစားရမယ်။ မကောင်းဘူး စသည်ဖြင့်ပေါ့။ အဲဒီလို ဆင်ခြင်ရမယ်၊ ဒီတော့လင်ရှိတဲ့ မိန်းမဖြစ်ဖြစ်၊ လင်မရှိတဲ့ မိန်းမဖြစ်ဖြစ်၊ အပျိုပဲဖြစ်ဖြစ် အအိုပဲဖြစ်ဖြစ် အဓိက,က မိန်းမဘဝကို စက်ဆုပ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်ရဘူး။ ယောက်ျားဖြစ်ချင်တဲ့ မိန်းမကို ပြောတာနော်။ ဒီကနေ တဆင့်တက်ပြီး ကျန်တဲ့အင်္ဂါတွေကို ဖြည့်ကျင့်ရတယ်၊ ကျန်တဲ့အင်္ဂါတွေက လွယ်တယ်။ ဘာဖြစ်လို့ ဒီအင်္ဂါက အခက် ကျသလဲဆိုတော့– လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ် ဖြစ်၊ မိမိရတဲ့ဘဝကို တပ်နှစ်သက်တတ်လို့ပဲ၊ ပါဠိလိုတော့ ဘဝနိကန္တိက လောဘဇောလို့ ခေါ်တယ်။

ဒါကြောင့် အပျိုပဲဖြစ်ဖြစ်၊ အအိုပဲဖြစ်ဖြစ်၊ ကိုယ်နဲ့သက်ဆိုင်တဲ့ အင်္ဂါတွေကို ဖြည့်ကျင့်ရင် ယောက်ျားဇကန်ဖြစ်တယ်လို့ ဆိုပါတယ်။ "ဘဝနိကန္တိက လောဘဇော မိမိဘဝကိုတပ်နှစ်သက်မှုနဲ့ ပတ်သက်ပြီး ယောဆရာတော် ပြောပြတဲ့ ပုံဝတ္ထုလေး တစ်ပုဒ်ကိုတောင် ပြေးသတိရလိုက်သေးတယ်"

'ပြောပါဦး ကိုလေး၊ အဲဒီ ပုံဝတ္ထုလေးကို'

"တခါတုန်းက နတ်ပြည်မှာ သူငယ်ချင်းနတ်နှစ်ယောက်ရှိတယ်၊ သူတို့က မကြာခင် နတ်သက်ကြွေရတော့မှာ။ သူတို့နတ်သက်ကြွေရင် နောက်ဘဝမှာ ဘာဖြစ်မလဲလို့ ဆင်ခြင်ကြည့်လိုက်တော့ နတ်တစ်ယောက်က ကျီးကန်းဖြစ်မယ်။ နောက်နတ်တစ်ယောက်က လူ့အိမ်သာထဲက လောက်ဖြစ်မယ်။ အဲဒီမှာ ကျီးကန်းဖြစ်မယ့် နတ်အတွက်ဘာမှ ပြဿနာမရှိပေမယ့်၊ လောက်ဖြစ်မယ့် နတ်အတွက်ကျတော့ ပြဿနာ



ရှိလာပြီ၊ ကျီးကန်းဘဝနဲ့ လောက်ဘဝယှဉ်လိုက်ရင် တော်တော်ကွာတာကိုး။ လူ့မစင်တောထဲမှာ လူးလူးလွန့်လွန့်နဲ့ နေရတော့မှာပါလားလို့ လောက်ဖြစ်မယ့် နတ်က ကြိုတွေးပြီးလန့်နေပုံ ရပါတယ်။ ဒီတော့ လောက်ဖြစ်မယ့်နတ်က ကျီးကန်းဖြစ်မယ့် သူငယ်ချင်းနတ်ကို ဘာပြောသလဲဆိုတော့ 'သူငယ်ချင်းရယ်–မင်းကတော့ နောက်ဘဝမှာ ကျီးကန်းဖြစ်မှာဆိုတော့ ငါနဲ့စာရင် တော်သေးတာပေါ့ကွာ။ ငါကလောက်ဖြစ်မှာဆိုတော့ လူတွေရဲ့ မစင်တောထဲမှာ လူးလူးလွန့်လွန့်နဲ့ နေရမှာကို တွေးတွေးပြီး ရွံလွန်းလို့ပါကွာ၊ ဒီတော့ သူငယ်ချင်း ငါ့ကိုတစ်ခုကူညီပါကွာ၊ နောက်ဘဝလူ့ပြည်မှာ ငါလောက်ဖြစ်လို့ မင်းကျီးကန်းဖြစ်တဲ့အခါ အိမ်သာထိပ်ကနေ "အား – အား"ဆိုပြီး အသံပြုလိုက်၊ မင်းအသံကြားရင် ငါအပေါ်တက်လာခဲ့မယ်။ အဲဒီအခါကျ မင်းကငါ့ကို တခါတည်းသေအောင် ပေါက်သတ်လိုက်။ ငါသေသွားရင် ငါ့ရဲ့လောက်ဘဝ တစ်ဓာတ်ငြိမ်းသွားရောပေါ့။ ဒါတစ်ခုတော့ ကူညီဖြစ်အောင် ကူညီပါကွာလို့ ပြောတယ်။

ကျီးကန်းဖြစ်မယ့် သူငယ်ချင်းနတ်ကလဲ 'သူငယ်ချင်း ဒီအတွက်တော့ ဘာမှမပူနဲ့ ကိုယ်လာခဲ့မယ် စိတ်သာချနေပါ'ပေါ့။

ဒီလိုနဲ့ နတ်သက်ကြွေပြီး လူ့ပြည်မှာတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်းဖြစ်တယ်၊ တစ်ယောက်က လောက်ဖြစ်တယ်။ ကျိုးကန်းဖြစ်တဲ့ သူငယ်ချင်းက မမေ့ဘူး။ သူငယ်ချင်းလောက်ရှိရာ အိမ်သာထိပ်ကနေ 'အား – အား'လို့အော်ပြီး အသံပြုတယ်။ ကိုရွှေလောက်ကလည်း သူငယ်ချင်းကျိုးကန်းအသံကြားတော့ တက်လာတယ်၊ တက်လာပြီး ဘာပြောသလဲဆိုတော့–

'သူငယ်ချင်းရယ် မင်းခုလို တကူးတကလာတာကျေးဇူးတင်ပါတယ်

ဒါပေမယ့် ငါလေ ခုလောက်ဘဝကို အရောက်နောက်ကျတယ်လို့တောင် ထင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုငါ့မှာ စားဖို့လဲ မပူရဘူး။ နေဖို့လဲ မပူရဘူး၊ ဝတ်ဖို့လဲ မပူရဘူး၊ ဒါတင်မကဘူး သူငယ်ချင်း နတ်ပြည်မှာက တစ်ဖက် ငါးရာစီပဲရှိတာ၊ ဒီမှာက – တစ်ဖက် ငါးရာမကဘူး၊ တစ်ဖက် တစ်ဖက်ကို တစ်ထောင်စီလောက်ရှိတယ်ကွ၊ ငါလေလောက်ဘဝမှာ ပျော်လွန်းလို့ပါကွာ။ မင်းပြန်ပါတော့' လို့ ပြောပြီး ပြန်လွတ်လိုက်တယ်၊ ဝတ္ထုလေးကဒါပါပဲ၊ သတ္တဝါတွေဟာ– ကိုယ့်ဘဝကိုယ်တွယ်တာတပ်မက်ပုံလေး ကို ပြထားတဲ့ ဝတ္ထုလေးပဲ။'

'တော်တော် ကောင်းတဲ့ ဝတ္ထုလေးပဲနော် ကိုလေး၊ ဒီဝတ္ထုလေးကိုတော့ ညီမလေး တော်တော်သဘောကျတယ်။'

'ဒီကိစ္စပြောနေရင်းတောင် ဆရာတော် သျှင်ဥက္ကဋ္ဌ



လူသေ လူဖြစ်ရှင်းတမ်းစာအုပ်ထဲမှာ ဆရာတော်ပြောထားတာတောင် ပြေးသတိရလိုက်မိသေးတယ်၊ ထားပါတော့ ညီမလေးရယ် ဒါတွေပြောနေရင်စကားက အဆုံးသတ်လို့ ရတော့မှာ မဟုတ်ဘူး၊ လိုရင်းကိုပဲ ပြောကြရအောင်'၊

'ဟုတ်ကဲ့ကိုလေး'

'ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင်တော့ မိန်းမအများစုဟာ မိန်းမပဲ ဖြစ်ချင်ကြတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမဟာ မိန်းမစိတ်ဝင်နေလို့ပဲ၊'

'ကိုလေး စကားက တစ်မျိုးပါလား– မိန်းမဟာ ဘယ်လို မိန်းမစိတ်ဝင်နေတာလဲ'၊

ဒီလိုလေ – မိန်းမတွေဟာ လင်ယောက်ျား အပေါ်တွယ်တာတဲ့စိတ်၊ မှန်ရှေ့မှာ အလှတပြင်ပြင်နဲ့သာယာတဲ့စိတ်၊ ကုသိုလ်ပြုရင်တောင် နောက်ဘဝ ဤလင်ဤသား ဤသမီးတို့နဲ့သာ တွေ့ဆုံရပါလို၏။ အမြင့်ဆုံးဆုတောင်းရင်လဲ မိဖုရားဖြစ်ရပါလို၏၊ နတ်သမီးဖြစ်ရပါလို၏။ ဒီလိုမိန်းမနဲ့ ဆိုင်တဲ့ ဆုမျိုးတွေကိုပဲ တောင်းတတ်ကြတယ်။ မိန်းမတွေဟာ မိန်းမစိတ်ပဲ အမြဲကလွှမ်းမိုးနေတာကို ပြောတာလေ၊ တခြားမကြည့်နဲ့ ညီမလေးရယ်၊ ဗုဒ္ဓဝင်ကို ကြည့်လိုက်၊ ကိုလေးတို့ ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားထံမှာ ခန္ဓာကိုယ်ကို တံတားခင်းပြီး ဘုရားဆုပန်တော့ ယသော်ဓရာအလောင်း အမျိုးသမီးက

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းက ပြေးလာပြီး ဆုတောင်းပုံကို ကြည့်ဦး–

ဤရသေ့လေးရဲ့ ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏တဲ့၊ တကယ်ဆို ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝက မဟာသာဝက ဆုမျိုးတောင်းပါလား၊ မတောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမစိတ်ဝင်နေလို့ပဲ။

ဒါ ကိုလေးက မိန်းမတွေ မိန်းမစိတ်ဝင်နေပုံကို ဥပမာထိုးပြတာနော်၊ ဘုရားလောင်းမှာပါရမီ ဖြည့်ဖက်တော့ရှိရမှာပေါ့လို့ စောဒကမတက်နဲ့"

'အဲဒါကိုတော့ မတက်ပါဘူးကိုလေးရာ ကိုလေး ပြောပုံ့အရဆိုရင် ယောကျ်ားလေးက ယောကျ်ားလေးပဲ ဖြစ် ရမယ့်သဘောလား'

'ဟာ... ငါ့ညီမကတော့ လုပ်ပြီ၊ ယောကျ်ားအဖြစ် မိန်းမအဖြစ်ဆိုတာ ဘယ်သူမှမမြဲဘူး၊ ဘုရားအလောင်းပဲ ယောကျ်ားအဖြစ်မြဲတယ်၊ ဗျာဒိတ်ရပြီးသား ပစ္စေကဗုဒ္ဓါသာဝကအလောင်းတွေတောင် မိန်းမဖြစ်ရတဲ့ သာဓကဝတ္ထုတွေအများကြီးပဲ။ အပါဒါန်ကျမ်းမှာ ပစ္စေကဗုဒ္ဓါအလောင်းမိန်းမဖြစ်တာတို့၊ သာဝကအလောင်း အရှင်အာနန္ဒာ မိန်းမဖြစ်ရတာတို့ ပြောရင်အများကြီးပါ။ သူတို့ မိန်းမဖြစ်ရခြင်းရဲ့အဓိကအကြောင်းကိုကြည့်ရင် ကာမေသုမိစ္ဆာစာရကံကျူးလွန်လို့ပဲ။ ဒါက ယောကျ်ားဘဝကနေ မိန်းမဘဝရပုံကို ပြောတာ။ မိန်းမဘဝကနေ ယောကျ်ားဖြစ်ရတဲ့ သာဓကဝတ္ထုတွေလဲ အများကြီးပဲ။ အနုလတ်တလော ခေါင်းထဲမှာပေါ်လာတာပြောရရင် သုတ်မဟာဝါ သက္ကပဉှာသုတ်မှာပါတဲ့ အမျိုးသမီး၊ သူ့နာမည်က ဂေါပိကာတဲ့။ အဲဒီအမျိုးသမီးက ကပိလဝတ်ပြည်မှာနေတယ်၊ သူကနောက်ဘဝယောကျ်ားသိပ်ဖြစ်ချင်တာ။ ဒါကြောင့် သီလကိုလုံခြုံအောင်ဖြည့်ကျင့်တယ်။ ကုသိုလ်ပြုတိုင်းပြုတိုင်း နောက်ဘဝယောကျ်ားဖြစ်ရပါလို၏လို့ပဲ ဆုတောင်းတယ်။ ပြီးတော့သူ့အိမ်မှာ ရဟန်းတော်သုံးပါးကို ဆွမ်းခံနေ့စဉ် ကြွဖို့တာဝန် ယူထားသေးတယ်။ ရဟန်းတော်သုံးပါးကလဲလောကီဈာန်ရပြီးသားတွေ။ ဂေါပိကာ အမျိုးသမီးကသူ့ကိုယ်တော်သုံးပါးကို ဆွမ်းလောင်းပြီးတိုင်း တောင်းတဲ့ဆုက နောက်ဘဝ ယောကျ်ားဖြစ်ဖို့ပဲ။ ထားပါတော့လေ၊ ဒီလိုနဲ့ သေလွန်တော့ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းရဲ့သား ဂေါပကနတ်သားဆိုပြီး နတ်သားသွားဖြစ်တယ်။ ဩဘ်–နေဦး ခုမှ သတိရတယ်။ အဲဒီ ဂေါပိကာ အမျိုးသမီးက အပျိုဘဝကနေ နတ်သားဖြစ်သွားတာ၊ လင်ယောကျ်ားမရှိဘူး၊ ညီမလေးက စောစောက မေးတယ်မဟုတ်လား၊ လင်မရှိတဲ့မိန်းမတွေကျတော့ ဘယ်လိုလုပ်မလဲလို့။ ဒါ လင်ယောကျ်ားမရှိတဲ့ မိန်းမတွေ အတွက်သာဓကဝတ္ထုလေး၊



www.burmeseclassic.com

www.burmeseclassic.com



အံ့ညြဖို့ကောင်းတာက သူ့အိမ်မှာဆွမ်းခံကြွတဲ့ရဟန်းတော်သုံးပါးကတော့ ယုတ်ညံ့တဲ့နတ်ကချေသည်တွေ သွားဖြစ်တယ်။ ပါဠိလိုတော့ ဂန္ဓဗ္ဗနတ်လို့ခေါ်တယ်။

ဒီလိုနဲ့တစ်နေ့မှာ အဲဒီနတ်ကချေသည်သုံးပါးက သိကြားမင်းဆီကိုလာပြီး ဖျော်ဖြေကပြကြတယ်ပေါ့။ ဂေါပကနတ်သားက ကွေးနေအောင်ကနေတဲ့ နတ်ကချေသည် သုံးပါးကိုကြည့်ပြီး ငါမြင်ဖူးသလိုလိုရှိပါတယ်။ ဘယ်ကဘာလိမ့်ဆိုပြီး ဆင်ခြင်ကြည့်တော့ လူ့ဘဝတုန်းက သူ့အိမ်မှာဆွမ်းခံကြွတဲ့ ရဟန်းတော်သုံးပါး ဖြစ်နေတာကိုး၊ မဖြစ်ဘူး – မဖြစ်ဘူး။ ငါ့ကိုယ်တော်သုံးပါးကို ပြန်သတိပေးဦးမှဆိုပြီး–

'အမောင်တို့–ကိုယ့်ကိုယ်ကို ပြန်ဆင်ခြင်ကြည့်ပါဦး၊ အမောင်တို့ဘယ်ကလာသလဲဆိုတာ။ သင်တို့ဘယ်ကို မျက်နှာပြုပြီး မြတ်စွာဘုရားတရားတော်တွေကို နာကြားခဲ့သလဲ။ ဘယ်အာရုံကို အာရုံပြုပြီး နာကြားခဲ့သလဲ။ အိပ်ပြီးပဲ နာကြားခဲ့လေသလား၊ ငါ့မှာတော့ လူ့ဘဝတုန်းက မိန်းမဖြစ်ခဲ့ပါလျက် ကုသိုလ်အစွမ်းကြောင့် သိကြားမင်းရဲ့သားလာဖြစ်တယ်။ သင်တို့မှာတော့ မြတ်စွာဘုရားထံမှာ တရားကျင့်ခွင့်ရခဲ့ပါလျက် ယုတ်ညံ့တဲ့ နတ်ကချေသည်တွေလာပြီးဖြစ်တယ်။ လူ့ဘဝတုန်းက လောကီစျာန်တွေရခဲ့တယ်ဆိုတာ ပြန်ပြီး သတိရကြပါဦး။ သင်တို့ကို မြင်ရတာ အမြင်



မလှလိုက်တာ' ဆိုပြီး သတိပေးတယ်။

ဒီသတိပေးသံကြားရတော့ နတ်သားနှစ်ပါးက ကိုယ့်ကိုယ်ကို ပြန်သတိရသွားတယ်။ ပထမစျာန်ကို အခြေပြုပြီး သင်္ခါရတရားတွေကို သုံးသပ်ဆင်ခြင်လိုက်တော့ အနာဂါမိဖိုလ်တည်သွားတယ်။ အဲဒီဘုံက စုတေတော့ ဗြဟ္မပုရောဟိတဘုံမှာ သွားတည်တယ်၊ ကျန်တဲ့နတ်သားတစ်ပါးကတော့ မိမိရဲ့ဘဝနိကန္တိကတဏှာကို မစွန့်လွှတ်နိုင်လို့ ကာမဘုံမှာပဲကျန်ရစ်ခဲ့တော့တယ်။

အဲဒီဝတ္ထုလေးကြည့်ပြီး ကိုလေးကတော့ မိမိကိုယ်တော်သုံးပါးကို လူ့ဘဝတုန်းကလဲ အာမိသနဲ့ကျေးဇူးပြုခဲ့၊ နတ်ပြည် ရောက်တော့လဲ ဓမ္မနဲ့ကျေးဇူးပြုခဲ့တဲ့ ဂေါပကနတ်သားကို လေးစားလို့ မဆုံးဘူး၊ ကဲ့ညီမလေး ဒီဝတ္ထုကိုကြည့်–

ပုထုဇဉ်ဘဝဟာ ဘာမှမမြဲဘူး၊ မိမိပြုခဲ့တဲ့ ကံကပဲ မိမိကို ဖန်တီးသွားတာ၊ ဘယ်လောက်တရားကျဖို့ ကောင်းသလဲ၊ အဓိက–ကတော့ ညီမလေးရယ်၊ မိမိကံကြမ္မာကို မိမိကပဲ ဖန်တီးနိုင်တယ်ဆိုတာ ရင်ထဲမှာ နှစ်လုံးသွင်းထားဖို့ပါပဲ"

'ကိုလေးလဲ မိန်းမတွေနဲ့ ပတ်သက်လို့ နွယ်ရာ နွယ်ရာတွေထည့်ပြောလိုက်ရတာ အတော်မောသွားပုံရတယ်၊ ဒီလောက်ဆိုရပါပြီကိုလေးရယ်၊ ကိုလေး အညောင်းပြေလမ်းလျှောက်လိုက်ဦးပေါ့၊ တခြားသိချင်တာတွေကို

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်မှပဲ မေးတော့မယ်။ ကျေးဇူးပဲနော်ကိုလေး။

"ကဲ... ကောင်းပါပြီတဲ့ခင်ဗျား"

ကျမ်းကိုး

<u>၁။ သောတ္တာကိုကျမ်း၊</u>

<u>၂။ သမန္တစက္ခုဒီပနီ</u>

<u>၃။ ဓမ္မဗျူဟာစာစောင်</u>
<u>(တည်တောဆရာတော်အဖြေ)</u>

<u>၄။ တိပိဋကဓရာဆရာတော်ထံစာလိုက်စဉ်</u>
<u>ပို့ချချက်မှတ်စုများ၊</u>

# သေသွားသောသူကို တောင်းပန်၍ရနိုင်ပါသလား

"ဥပမာပေါ့ ကိုလေးရာ၊ ဆရာသမားတစ်ဦးဦး ဒါမှ မဟုတ် အရိယာ ရဟန္တာတစ်ပါးပါးကို ကိုယ်ကပြစ်မှားမိ တယ်၊ နောက် ကိုယ်ကနောင်တရပြီး ပြစ်မှားမိခဲ့တာကို ပြန်ပြီး တောင်းပန်ချင်တယ်၊ အဲဒီအချိန်မှာ ကိုယ်ပြစ်မှားမိ တဲ့သူဟာ သေသွားပြီ ဒါမှမဟုတ် ပရိနိဗ္ဗာန်ပြုသွားပြီဆိုရင် ဘယ်လိုလုပ် တောင်းပန်မလဲ၊ တောင်းပန်လို့ကော ရနိုင် သေးရဲ့လား"

"သိပ်မေးထိုက်တဲ့ မေးခွန်းပေါ့ ညီမလေးရာ၊ ညီမလေး မေးတဲ့ မေးခွန်းရဲ့အဖြေကို ပါရာဇိကကဏ်အဋ္ဌကထာ ပထမ အုပ်မှာ ဖြေထားတာရှိတယ်၊ ဒါပေမယ့် ညီမလေးသိချင်တဲ့ အဖြေလောက်ကိုပဲ ကွင်းပြီးပြောမပြချင်ဘူး၊ အဲဒီအဖြေနဲ့ ဆက်စပ်နေတဲ့ အကြောင်းအရာတွေပါ ထည့်ပြောပြသွား မယ်၊ ဒါမှ ပိုပြီးသဘောပေါက်သွားမှာ"

"ဟုတ်ကဲ့ ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီ ပါရာဇိကကျင့်အဋ္ဌကထာမှာ အရိယာတွေကို မပြစ်မှားရဘူးတဲ့၊ အယုတ်ဆုံး လူသောတာပန်ကိုတောင် မပြစ်မှားရဘူးတဲ့။ တကယ်လို့ ပြစ်မှားမိခဲ့ရင် အဲဒီသူဟာ ရောက်သင့်ရောက်ထိုက်တဲ့ နတ်ပြည်သုဂတိကိုလည်း မရောက်နိုင်တော့ဘူး၊ ရသင့်ရထိုက်တဲ့ ဈာန်မဂ်ဖိုလ်ကိုလည်း မရနိုင်တော့ဘူးတဲ့၊ အဲဒီမှာ သာဓကဝတ္ထု ထုတ်ပြပြီး ရှင်းထား တယ်၊ တစ်ခါက မထေရ်ကြီးတစ်ပါးရယ်၊ တပည့်ငယ် တစ်ပါးရယ် ရွာတစ်ရွာကို ဆွမ်းခံကြွကြတယ်၊ ဆရာတပည့် နှစ်ပါးဟာ ရွာအဝင် ပထမဦးဆုံးအိမ်ကပဲ တစ်မှုတ်လောက်ရှိတဲ့ ယာဂုပူပူကို ရကြတယ်၊ မထေရ်ကြီးမှာက လေနာရောဂါကလည်း ရှိနေတယ်။

အဲဒီတော့ ဆရာမထေရ်ကြီးက စိတ်ကကြံတယ်၊ ဘယ်လိုကြံသလဲဆိုတော့ ‘ငါ့မှာ လေနာရှိတယ်၊ ယာဂုဟာ လေနာ ရောဂါအတွက် အသင့်တော်ဆုံး ဆေးတစ်ခွက်ပဲ၊ ယာဂုမ အေးခင် ပူပူနွေးနွေးမှာ သောက်လိုက်မှပဲ အဆင်ပြေလိမ့် မယ်’အဲဒီလိုကြံပြီး လူတွေ တံခါးခုံအတွက် ဆောက်ထားတဲ့ သစ်တုံးပေါ်မှာ ထိုင်ပြီး ယာဂုပူပူကို သောက်တယ်။

မထေရ်ကြီး သစ်တုံးပေါ်မှာ ယာဂုသောက်နေတာကို ကြည့်ပြီး ရဟန်းငယ်က မထေရ်ကြီးအပေါ် စက်ဆုပ်သွားတယ်၊ ‘ဒီရဟန်းကြီးဟာ အလွန်ငတ်နေတာပဲ၊ ငါတို့ အရှက်



ရအောင်ပြုတယ်’ အဲဒီလို စိတ်ထဲကနေပြစ်မှားမိလိုက်တယ်။

ဒီလိုနဲ့ရွာထဲ ဆက်ဆွမ်းခံပြီး ကျောင်းကိုပြန်လာခဲ့ကြ တယ်၊ ကျောင်းရောက်တော့ မထေရ်ကြီးက ရဟန်းငယ်ကို ‘ငါ့ရှင်သင်ဟာ ဘယ်တရားကို ရပြီးပြီလဲ’ လို့ မေးတော့ ရဟန်းငယ်က တပည့်တော် သောတာပတ္တိဖိုလ်ကိုရပြီးပါပြီ’ လို့ ပြန်လျှောက်တယ်၊ အဲဒီအခါမှာ မထေရ်ကြီးက ရဟန်း ငယ်ကို မိန့်တယ်၊

‘သင်ဟာ သောတာပတ္တိဖိုလ်ကို ရပြီးပြီ၊ ဒါပေမယ့် အထက်ဖြစ်တဲ့ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တ ဖိုလ်တွေကို ရဖို့အတွက် ဆက်ပြီးအားမထုတ်နဲ့တော့၊ ဆက်ပြီးအားထုတ်လည်း အပိုပဲ’ အဲဒီလို မထေရ်ကြီးက မိန့် လိုက်တော့ ရဟန်းငယ်က ပျာပျာသလဲနဲ့ ဘာဖြစ်လို့လဲ ဘုရားပေ့၊ ဒီတော့ မထေရ်ကြီးက သင်ဟာ အရိယာရဟန္တာ ကို ရွာထဲမှာတုန်းက ပြစ်မှားခဲ့ပြီးပြီလို့ ထပ်မိန့်တယ်၊ ရဟန်း ငယ်ကလည်း ချက်ချင်းပဲ မထေရ်ကြီးကို ပြန်တောင်း ပန်လိုက်တယ်၊ မထေရ်ကြီးကလည်း ကျေကျေနပ်နပ်နဲ့ပဲ ခွင့်လွှတ် လိုက်တော့ အပြစ်ဟာ ကျေပျောက်သွားတယ်။

အဲဒီမှာ အဋ္ဌကထာက ဆက်ပြီး ဖွင့်ပြသွားတာ သိပ်စိတ် ဝင်စားဖို့ကောင်းတယ်၊ ဘယ်လို ဆက်ဖွင့်သလဲဆိုတော့ ကိုယ်ပြစ်မှားလိုက်တဲ့ အရိယာပုဂ္ဂိုလ်ဟာ ကိုယ့်ထက် ငယ်နေ မယ်ဆိုရင် သူ့ဆီသွားပြီး ‘တပည့်တော် အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကို ပြစ်မှားမိခဲ့လို့ပါဆိုပြီး တောင်းပန်ရမယ်တဲ့၊ ဒီလိုမှမဟုတ်ဘဲ ကိုယ်ပြစ်မှားမိတဲ့ အရိယာပုဂ္ဂိုလ်ဟာ ကိုယ့်ထက် ကြီးနေရင်တော့ ပြစ်မှားမိတဲ့သူဆီသွားပြီး ဆောင့်ကြောင့်ထိုင်လက်အုပ်ချီပြီး ရိုရိုသေသေနဲ့ ရှိခိုးတောင်းပန်ရမယ်။

တကယ်လို့ ကိုယ်ပြစ်မှားခဲ့တဲ့ပုဂ္ဂိုလ်ကို တောင်းပန်ပေမဲ့ အဲဒီပုဂ္ဂိုလ်ဟာ ကိုယ့်ရဲ့တောင်းပန်မှုကို လက်မခံဘူး၊ ဒါမှ မဟုတ် အရပ်တစ်ပါး သွားနေမယ်၊ အဲဒီလိုဆိုရင်တော့ ကိုယ်စွပ်စွဲတဲ့ အရိယာပုဂ္ဂိုလ်ကျောင်းမှာ သူ့ရဲ့သီတင်းသုံးဖော် ရဟန်းတွေရှိတယ်၊ အဲဒီ သီတင်းသုံးဖော်ရဟန်းတွေဆီမှာ ကိုယ်ပြုမိတဲ့အပြစ်ကို တောင်းပန်ရမယ်၊ ကိုယ်က ကြီးနေရင်တော့ ရပ်ပြီးတောင်းပန်ပေါ့၊ ကိုယ်က ငယ်ရင်တော့ ဆောင့်ကြောင့်ထိုင် ရှိခိုးတောင်းပန်ရမယ်။

အဲဒီလိုမှ မဟုတ်ဘဲ ကိုယ်ပြစ်မှားမိတဲ့ အရိယာက ပရိနိဗ္ဗာန်ပြုသွားတယ်ဆိုရင်တော့ ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၊ ဒါမှမဟုတ် သင်္ချိုင်းကိုသွားပြီး မြေပုံမှာ ရှေ့ကဆိုခဲ့တဲ့အတိုင်း တောင်းပန်ရမယ်"

"ဒါဆို ကိုလေး…နောင်တရပြီး တောင်းပန်မယ့်အချိန်မှာ ကိုယ်ပြစ်မှားခဲ့တဲ့သူက သေသွားပြီဆိုရင် အုတ်ဂူကို သွား တောင်းပန်ရင် ကျေပျောက်တာပေါ့နော်"

"ကျေတာပေါ့ ညီမလေးရာ၊ ကိုယ့်ဘက်က မှားခဲ့တယ်ဆိုရင်တော့ မာနတွေ ထားမနေဘဲ တောင်းပန်လိုက်တာ



အကောင်းဆုံးပဲ၊ ပြောနေရင်း မာန်လည်ဆရာတော်နဲ့ ရေစကြိုဆရာတော် ဖြစ်စဉ်ကိုတောင် သတိရလိုက်မိသေးတယ်"

"ပြောပါဦး ကိုလေး"

"ညီမလေး မာန်လည်ဆရာတော်နဲ့ ရေစကြိုဆရာတော်ကို ကြားဖူးတယ် မဟုတ်လား"

"မာန်လည်ဆရာတော်ကိုတော့ ကြားဖူးတယ် ကိုလေးရဲ့၊ ရေစကြိုဆရာတော်ကိုတော့ ခုမှပဲ ကြားဖူးတော့တယ်"

"ရေစကြိုဆရာတော်ဆိုတာ ပခုက္ကူမြို့ မဟာဝိသုတာရာမ စာသင်တိုက်ကြီးကို တည်ထောင်သွားတဲ့ ဆရာတော်ပဲ၊ နောက် ပခုက္ကူ စာချနည်းကိုလည်း ဆရာတော်ကြီးက တီထွင်သွားတယ်၊ သာသနာမှာ ကျေးဇူးများခဲ့တဲ့ ဆရာတော်ကြီးပဲ"

"ဟုတ်ကဲ့ ကိုလေး"

"မာန်လည်ဆရာတော်နဲ့ ရေစကြိုဆရာတော်တို့ဟာ ခေတ်ပြိုင် ဆရာတော်တွေပဲ၊ ဒါပေမယ့် ရေစကြိုဆရာတော်က မာန်လည်ဆရာတော်ထက် (၉)နှစ် ကြီးတယ်၊ ရေစကြိုဆရာတော်ရဲ့ တပည့်တွေထဲက တချို့တပည့်တွေဟာ မာန်လည်ဆရာတော်ဆီ ပြောင်းရွှေ့ပြီး စာလိုက်ကြတယ်၊ မာန်လည်ဆရာတော်က သူ့ဆီရောက်လာတဲ့ ရေစကြိုဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ တပည့်တွေကို အကဲစမ်းတဲ့အနေနဲ့ ပါဠိဝါကျတစ်ပုဒ်ကို အနက်ပေး စာစပ်ခိုင်းကြည့်တယ်၊ ရေစကြိုဆရာတော်ရဲ့ တပည့်တွေက မှန်အောင် မစပ်နိုင်ကြဘူး၊ ဒီတော့ မာန်လည်ဆရာတော်က ဘာပြောသလဲဆိုတော့ 'သြော်...ဦးဂန္ထ... ဦးဂန္ထ ပခုက္ကူစာချနည်းဆိုပြီး နည်းသစ်ထွင်ပြီး စာပေသာ ပို့ချပေးနေတယ်၊ ဘာမှ မသိနားမလည်ပါလား၊ တပည့်တွေကို အလွဲလွဲအမှားမှား သင်ကြားပေးနေပါလား' ဆိုပြီး ပြစ်တင် ကဲ့ရဲ့တယ်။

နောက် ... မကြာပါဘူး၊ မာန်လည်ဆရာတော်ထံကို ရေစကြိုဆရာတော်ပြုစုတဲ့ ကစ္စါအဋ္ဌကထာနိဿယသစ် စာအုပ်ရောက်လာတယ်၊ မာန်လည်ဆရာတော်က ဘာများ အမှားပါမလဲဆိုပြီး အထင်သေးတဲ့စိတ်နဲ့ အထပ်ထပ် ဖတ်တယ်၊ ဒါပေမယ့် အပြစ်မတွေ့ဘဲ ဝါကျပြေပြေပြစ်ပြစ်နဲ့ ရေးထားတာတွေ့ရတော့ ရေစကြိုဆရာတော်ဟာ တကယ် စာတတ်ပါလားလို့ သိလိုက်တယ်၊ အဲဒီတော့မှ အရင်ပြစ်မှား မိခဲ့တာကို နောင်တရတယ်၊ ဒါကြောင့် စာအုပ်အစမှာပါတဲ့ ရေစကြိုဆရာတော်ရဲ့ ဓာတ်ပုံကို အထပ်ထပ်ရှိခိုးပြီး တောင်း ပန်တယ်တဲ့။

ဒီလိုနဲ့ နောင်နှစ်တွေကြာတော့ မာန်လည်ဆရာတော်က မြန်မာနိုင်ငံအောက်ပိုင်းကြွရင်း ပခုက္ကူမဟာဝိသုတာရာမ ကျောင်းတိုက်ကိုဝင်ပြီး (၄)ရက် တည်းခိုတယ်၊ ဒါပေမယ့်



မာန်လည်ဆရာတော်ရောက်တဲ့အချိန်မှာ ရေစကြိုဆရာတော် ကြီးဟာ မရှိတော့ဘူး၊ ပျံလွန်တော်မူသွားတာ (၅)နှစ်တောင် ရှိသွားပြီ"

"သြော်"

"ဒီတော့ မာန်လည်ဆရာတော်က ဘာလုပ်သလဲဆို တော့ ရေစကြိုဆရာတော် ကျိန်းစက်ခဲ့တဲ့ အိပ်ရာခုတင်ကို ဦးချပြီး အပြစ်ကျေပျောက်ဖို့ တောင်းပန်တယ်တဲ့၊ ဒါသာသ နာ့သမိုင်းမှာ အတုယူဖို့ကောင်းတဲ့ ဖြစ်စဉ်တစ်ခုပဲ"

"ဟုတ်တယ်နော် ကိုလေး၊ မာန်လည်ဆရာတော် ဆိုတာ ခပ်ထက်ထက်ဆရာတော်၊ အခုလို တောင်းပန်လိမ့်မယ်လို့ တောင် မထင်မိဘူး"

"ကဲ...ဒါထား...စကားကြုံလို့ပြောတာ၊ စောစောက ပြောခဲ့တဲ့စကား ဆက်ရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"အထက်မှာပြောခဲ့တဲ့ အရိယာပုဂ္ဂိုလ်တွေကို ပြစ်မှား ခြင်းဟာ အန္တရာယ် (၅)ပါးထဲမှာ အရိယူပဝါဒန္တရာယ်လို့ ခေါ်တယ်"

"ဘာ...ကိုလေး၊ အန္တရာယ်(၅)ပါး ဟုတ်လား၊ ညီမလေး မကြားဖူးသေးဘူး၊ အဲဒီ အန္တရာယ် (၅)ပါးကို ပြောပြပါဦး"

"အန္တရာယ် (၅)ပါးဆိုတာက–

www.burmeseclassic.com

www.burmeseclassic.com



(၁) ကမ္မန္တရာယ်
(၂) ကိလေသန္တရာယ်
(၃) ဝိပါကန္တရာယ်
(၄) အရိယူပဝါဒန္တရာယ်
(၅) အာဏာဝိတိက္ကမန္တရာယ်"

"အဲဒီ (၅) ပါးရဲ့ တစ်ခုချင်းကို ရှင်းပြပါဦး ကိုလေး"

"ကမ္မန္တရာယ်ဆိုတာက မာတုဃာတကစတဲ့ ပဉ္စာနန္တရိယ ကံနဲ့ ဘိက္ခုနီမမှာ မိစ္ဆာစာရလွန်ကျူးတဲ့ အကုသိုလ်ကံကိုခေါ်တာ၊ ပဉ္စာနန္တရိယကံထိုက်တဲ့သူက ဈာန်–မဂ်–ဖိုလ်လည်း မရဘူး။ နောက်ဘဝ သုဂတိဘဝကိုလည်း မရတော့ဘူး၊ ဘိက္ခုနီမကို မိစ္ဆာစာရ လွန်ကျူးတဲ့သူကတော့ ဈာန်မဂ်ဖိုလ် သာ မရတယ်၊ ကောင်းကောင်းမွန်မွန်နေရင် သုဂတိဘဝကို ရနိုင်သေးတယ်၊ ကိလေသန္တရာယ် ဆိုတာက ကိလေသာ (၁၀) ပါးမှာပါတဲ့ နိယတမိစ္ဆာဒိဋ္ဌိကို ပြောတာ"

"နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ဘာကိုပြောတာလဲ ကိုလေး"

"နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ဘုရားရှင်တောင် ချွတ်လို့မရအောင် မှားမှားယွင်းယွင်းနဲ့ ယူထားတဲ့ မိစ္ဆာဒိဋ္ဌိအယူမျိုးကို ပြောတာ၊ ဥပမာ ဘုရားခေတ်က အဇိတတို့၊ မက္ခလိဂေါသာလတို့ ပူရဏကဿပတို့ပေါ့၊ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိတဲ့သူတွေဟာ နောက်ဘဝမှာ သုဂတိကို မရောက်နိုင်ဘူး။

ဝိပါကန္တရာယ်ဆိုတာက အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေ



ဝိပါက်စိတ်ကိုပြောတာ၊ အဟိတ်သတ္တဝါနဲ့ ဒွိဟိတ်ပုဂ္ဂိုလ်တွေ ပေါ့။ သူတို့က မကောင်းတဲ့ အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေခဲ့ကြရတာဆိုတော့ ဒီဘဝမှာ ဈာန်မဂ် ဖိုလ် မရနိုင်တော့ဘူး၊ ဒါပေမယ့် ကောင်းကောင်းမွန်မွန် ကျင့်ကြံနေထိုင်မယ် ဆိုရင်တော့ နောက်ဘဝမှာ သုဂတိကို ရောက်နိုင်တယ်။

အရိယူပဝါဒန္တရာယ်ဆိုတာက အရိယာပုဂ္ဂိုလ်ကို သိလို့ပဲ ဖြစ်ဖြစ်၊ မသိလို့ဘဲဖြစ်ဖြစ် ပြစ်မှားတာကို ပြောတာ၊ ကောင်းကောင်းမွန်မွန်နဲ့ ကျင့်ကြံနေထိုင်တဲ့သူကို ပြစ်မှားရင်လည်း အရိယူပဝါဒကံလောက် အပြစ်ကြီးတယ်တဲ့။

အာဏာဝိတိက္ကမန္တရာယ်ဆိုတာ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်တွေကို လွန်ကျူးလိုတဲ့ စေတနာနဲ့ လွန်ကျူးတာကိုပြောတာ၊ ရဟန်းတစ်ပါးဟာ ပါရာဇိက အာပတ်သင့် ရင်လူထွက်၊ သံဃာဒိသေသ် အာပတ်သင့်ရင် ပရိဝသ်မာနတ် ဆောက်တည်၊ ပါစိတ်အာပတ်တို့ ထုလ္လစ္စည်း အာပတ် တို့သင့်ရင် ဒေသနာကြား၊ အဲဒီလိုမှ မလုပ်ရင် ဒီဘဝမှာ ဈာန် မဂ် ဖိုလ် မရနိုင်ဘူး၊ သုဂတိဘဝလည်း မရောက်နိုင်ဘူး၊ ပျံလွန်တော်မူရင်လည်း အပါယ်လေးပါးကို ကျရောက်ရ တယ်၊ ဒါလောက်ဆို ကျေနပ်ရောပေါ့'

"ဟုတ်ကဲ့ ကိုလေး၊ ကျေးဇူးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှားမိသောအပြစ်ကို ဝန်ချတောင်းပန်က ကျေပျောက်နိုင်ပါသလား

"ကိုလေး လူတစ်ယောက်ဟာ မိဘကိုပဲဖြစ်ဖြစ် ဆရာသမားကိုပဲဖြစ်ဖြစ် ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ခုခုနဲ့ ပြစ်မှားမိတယ်၊ အသိတရားရလို့ ဝန်ချတောင်းပန်ရင် ပြုမိတဲ့ အပြစ်ကို ကျေပျောက်နိုင်သလား"

"အေး...ညီမလေးရဲ့ အမေးကို အလွတ်ဖြေလို့ရမှာ မဟုတ်ဘူး၊ စာအုပ်ကြည့်ဖြေမှရမှာ၊ စာအုပ်စင်မှာ စာအုပ်သွားယူလိုက်ဦးမယ်၊ ညီမလေးလည်း ကိုလေးအတွက် ကော်ဖီတစ်ခွက်လောက် သွားဖျော်လိုက်ဦး"

"ဟုတ်ပြီ...ကိုလေးအတွက် ရှယ်ကော်ဖျော်ခဲ့တယ်"

"ဖွန်းတပ်ခဲ့ပေါ့"

*****

"ဒီမှာ ကိုလေးအတွက် ရှယ်ကော်၊ ဖွန်းပါ တပ်ခဲ့တယ်"

"ငါ့ညီမလေးက တော်သားပဲ၊ သူလိုချင်တာရှိရင် ခိုင်းရတာ ဖြောင့်နေတာပဲ"



"ဟာ... ကိုလေးကလည်း မနေ့ကပဲ ကိုလေးအဝတ်တွေ မခိုင်းဘဲနဲ့ လျှော်ပေးထားတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ ကဲ... နားထောင် တိကနိပါတ် အင်္ဂုတ္တရအဋ္ဌကထာမှာ 'ဒေါသေန ဟိ ဒုဋ္ဌာ မာတာ ပိတူသုပိ စေတိယဗောဓိမှိပိ ပဗ္ဗဇိတေပိ အပရဇ္ဈိတွာ မယှံ ခမထာတိ အစ္စယံ ဒေသေတိ၊ တဿ သဟ ခမာပနေန တံကမ္မံ ပါကတိကမေဝ ဟောတိ၊ ပယောဂသမ္ပတ္တိယာ ဝိပါကဿ ပဋိဗာဟိတတ္တာ အဟောသိ ကမ္မဘာဝနေ အဝိပါကမေွတံ အာပန္နတ္တိနေဝ သင်္ဂါဝရဏာဋ္ဌ ဟောတိ'တဲ့"

"အနက်ပေးပြပါဦး ကိုလေးရဲ့"

"ဟိ–ထင်စွာပြဦးအံ့၊ မာတာပိတူသုပိ–မိခင် ဖခင်တို့၌ လည်းကောင်း၊ စေတိယဗောဓိမှိ–စေတီ ဗောဓိပင်တို့၌လည်း ကောင်း၊ ပဗ္ဗဇိတေနပိ–ရဟန်းသံဃာ၌လည်းကောင်း၊ ဒေါသေန–အမျက်ဒေါသဖြင့်၊ ဒုဋ္ဌာ–ဖျက်ဆီးအပ်သည်ဖြစ်၍၊ အပရဇ္ဈိတွာ–ပြစ်မှားမိသည်ရှိသော်၊ မယှံ–အကျွန်ုပ်၏၊ အစ္စယံ–လွန်ကျူးမိသောအပြစ်ကို၊ ခမထ–သည်းခံတော်မူပါ လော့၊ ဣတိ–ဤသို့၊ ဒေသေတိ–ကန်တော့အံ့(ဝါ) ဝန်ချ တောင်းပန်အံ့၊ တဿ–ထိုသူအား၊ ခမာပနေန–ကန်တော့ သည်နှင့် (ဝါ) ဝန်ချတောင်းပန်သည်နှင့်၊ သဟ–တကွ (ဝါ) တစ်ပြိုင်နက်၊ တံကမ္မံ–ထိုမိပြုမိ

www.burmeseclassic.com

www.burmeseclassic.com



သော မကောင်းမှုသည်၊ ပါကတိကမေဝ–ပကတိ ပင်ကို သဘောသာလျှင်၊ ဟောတိ– ဖြစ်၏။

ပယောဂသမ္ဘတ္တိယာ–ကောင်းသောလုံ့လ၏ ပြည့်စုံခြင်းသည်၊ ပဋိဗာဟိတတ္တာ–တားမြစ်သည်၏အဖြစ်ကြောင့်၊ အဟောသိကမ္မဘာဝေန–အဟောသိကံ၏အဖြစ်ဖြင့်၊ အဝိပါကဓမ္မတံ–အကျိုးမပေးသော သဘောရှိသည်၏ အဖြစ်သို့၊ အာပန္န–ရောက်၏။ ဣတိတသ္မာ–ထို့ကြောင့်၊ သဂ္ဂါဝရဏဥ္စ–နတ်ပြည်ကို တားမြစ်တတ်သည်လည်း၊ နဟောတိ–မဖြစ်၊ မောက္ခာဝရဏဥ္စ–မဂ်ဖိုလ်ကိုတားမြစ်တတ်သည်လည်း၊ နဟောတိ–မဖြစ်တဲ့"

"ကိုလေးရေ ပြောလက်စနဲ့ အဓိပ္ပါယ်ပြန်ပြပါဦး"

"အဓိပ္ပါယ်ကတော့ မိဘ၊ စေတီ၊ ဗောဓိပင်၊ ရဟန်းသံဃာ အစရှိတဲ့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ တစ်ခုခုနဲ့ ပြစ်မှားမိရင် ပြုမိတဲ့အပြစ်ကို ဝန်ချတောင်းပန်ပါ၊ ကန်တော့ပါတဲ့၊ အဲဒီလို ဝန်ချတောင်းပန် ကန်တော့လိုက်တာနဲ့ တစ်ပြိုင်နက် မိမိပြုမိတဲ့ မကောင်းမှုဟာ နဂိုအတိုင်း ကျေပျောက်သွားမယ်တဲ့၊ ဝန်ချတောင်းပန်ကန်တော့လိုက်ခြင်းဟာ ရလတ္တံ့ဖြစ်တဲ့ မကောင်းကျိုးကို တားမြစ်လိုက်တဲ့အတွက် အဟောသိကံဖြစ်ပြီး မကောင်းကျိုးကို မပေးနိုင်တော့ဘူးတဲ့၊ ဒါတင် မကပါဘူးတဲ့၊ ရောက်သင့်ရောက်ထိုက်တဲ့ နတ်ပြည် သုဂတိကိုလည်း ရောက်နိုင်တယ်၊ ရသင့်ရထိုက်တဲ့ ဈာန် မဂ် ဖိုလ်ကိုလည်း ရနိုင်ပါတယ်တဲ့"



"ဆိုလိုရင်းကတော့ ပြုမိတဲ့အပြစ်ကို တောင်းပန်ရင် ကျေပျောက်နိုင်တယ်ပေါ့လေ၊ ဟုတ်တယ်နော် ကိုလေး"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ဒါဆို အပြစ်ကျူးလွန်လိုက် ပြန်တောင်းပန်လိုက် အပြစ်ကျူးလွန်လိုက် ပြန်တောင်းပန်လိုက် လုပ်နေရင်ကော"

"ဟာ ...ဒါမျိုးတော့ ဘယ်ရမလဲ၊ ခုနပြောဖို့တစ်ခု မေ့ကျန်သွားလို့"

"ပြောပါဦး"

"တောင်းပန်တယ်ဆိုတဲ့နေရာမှာ တောင်းပန်သူက ဝန်ခံချက်တစ်ခု ပေးရတယ်"

"ဘာဝန်ခံချက်လဲ ကိုလေး"

"အာယတိံ သံဝရစိတ်လေး"

"အဓိပ္ပါယ်က..."

"အဲဒီ အာယတိံသံဝရဆိုတာက နောင်အခါ ဒီလို မကောင်းမှုမျိုးကို ဘယ်သောအခါမှ မပြုတော့ပါဘူး၊ အသက်ထက်ဆုံး စောင့်ထိန်းပါ့မယ်ဆိုတဲ့ ဝန်ခံချက်ပေါ့ ညီမလေးရဲ့"

"တော်သေးတာပေါ့နော်၊ ဒီလိုမှ မလုပ်ရင် မကောင်းမှုပြုချင်တဲ့သူအတွက် အခွင့်အရေးတစ်ခု ဖြစ်နေမှာပေါ့၊ ဒါနဲ့ နေပါဦး ကိုလေး၊ အဲဒီ တောင်းပန်မှုနဲ့ပတ်သက်ပြီး တောင်းပန်လို့ အပြစ်ကျေပျောက်ပုံ၊ မတောင်းပန်လို့ အပြစ်ခံရပုံ သာဓကဝတ္ထုတစ်ပုဒ် နှစ်ပုဒ်လောက် ပြောပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီသာဓကဝတ္ထုတွေကတော့ ပေါပါတယ် ညီမလေး ရယ်၊ တောင်းပန်လို့ အပြစ်ကျေပုံကတော့ သောရေယျသတို့သား ဝတ္ထုကြည့်လေ"

"ပြောပါဦး ကိုလေး"

"တစ်နေ့မှာ သောရေယျသတို့သားဟာ ရေချိုးဖို့ ဂင်္ဂါမြစ်ဆိပ်ကို ထမ်းစင်စီးပြီး အခြံအရံတွေဘာတွေနဲ့ ထွက်လာတယ်၊ အဲဒီအချိန်မြို့ပြင်မှာ အရှင်မဟာကစ္စည်းက မြို့တွင်းကို ဆွမ်းခံကြွဖို့ သင်္ကန်းရုံနေတယ်၊ အရှင်မဟာကစ္စည်းမှာ ထူးခြားချက်တစ်ခု ရှိနေတယ်၊ အဲဒါကတော့ ရုပ်အဆင်း အလွန်လှတဲ့ကိစ္စ၊ စာပေကျမ်းဂန်ထဲမှာတော့ တော်တော်ချော ဆိုပဲ၊ သောရေယျသတို့သားက အရှင်မဟာကစ္စည်းကို သွားမြင်တယ်၊ မြင်တော့ကြည်ညိုဖို့ မစဉ်းစားတော့ဘူး၊ တပ်မက်မှု ရာဂဖြစ်ပြီး 'ဒီအရှင်ဟာ တင့်တယ်လျောက်ပတ်တဲ့ အသားအရေ၊ ရွှေချင်စဖွယ်ရှိတဲ့ အဆင်းအရောင်ရှိတယ်၊ ငါ့ရဲ့ မယားဖြစ်ရင် သိပ်ကောင်းမှာပဲ၊ ဒါမှမဟုတ် ငါ့မယားရဲ့ ခန္ဓာကိုယ်ဟာ ဒီအရှင်ရဲ့ ခန္ဓာကိုယ်လို လှပချောမောရင် ကောင်းမှာပဲ' အဲဒီလို ယုတ်မာတဲ့အကြံ သွားဖြစ်တယ်၊ အကြံဖြစ်ပေါ်ဆဲ ခဏမှာပဲ ပုရိသလိင် ကွယ်ပျောက်ပြီး ဣတ္ထိလိင် ဖြစ်သွားတယ်"

"ယောက်ျားဘဝကနေ မိန်းမဖြစ်သွားတယ်ပေါ့"

"ဟုတ်တယ်၊ အကျဉ်းချုပ်ပြောရရင်တော့ ကိုယ့်ကိုယ်ကို ရှက်ပြီး အဖော်တွေကို အသိမပေးဘဲ ထွက်ပြေး၊



တက္ကသိုလ် ပြည်ရောက်၊ တက္ကသိုလ်ပြည်က ယောက်ျားတစ်ယောက်နဲ့တွေ့ပြီး အိမ်ထောင်ကျ၊ သားနှစ်ယောက် မွေးပေါ့လေ၊ အရင် ယောက်ျားဘဝကလည်း သားနှစ်ယောက်ရခဲ့၊ ဒီလိုနဲ့ တစ်နေ့မှာ ကိုယ့်ဇာတိနယ်က မိတ်ဆွေတစ်ယောက်နဲ့ တွေ့ပြီး အကြောင်းစုံကို ပြောပြတော့ အဲဒီမိတ်ဆွေက 'အရှင်မဟာ ကစ္စည်းကို ပြန်ပြီး ဝန်ချတောင်းပန် ကန်တော့လိုက်လို့' အကြံပြုတယ်၊ ပြုတဲ့အတိုင်း လုပ်တော့ ယောက်ျားဘဝ ပြန်ရသွားတယ်။

ဒါ...ဝန်ချတောင်းပန်ကန်တော့လို့ အပြစ်ကျေပျောက်တဲ့ ဝတ္ထုပေါ့"

"ကိုလေး တော်တော် မောသွားပုံရတယ်၊ ကော်ဖီ သောက်လိုက်ပါဦး၊ တစ်ဆက်တည်း ပြောရတာကိုး မောတာပေါ့"

"မကန်တော့လို့ ဝန်ချမတောင်းပန်လို့ အပြစ်ဖြစ်ပုံ ဝတ္ထုကို ဆက်ပြောရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"ဗိမ္ဗိသာရမင်းကြီးဆီမှာ အမတ်ချုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ပုဏ္ဏားကြီးတစ်ယောက်ရှိတယ်၊ သူ့နာမည်က ဝဿကာရတဲ့၊ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ မိစ္ဆာအယူရှိတဲ့ ပုဏ္ဏားကြီး၊ တစ်နေ့မှာ အရှင်မဟာကစ္စည်းမထေရ် ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာတယ်၊ အဲဒီမှာ အရှင်မဟာကစ္စည်းကိုမြင်တော့ ဘာသွားပြောတယ် မှတ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"အရှင်မဟာကစ္စည်းဟာ မျောက်နဲ့တူတယ်လို့ သွားပြောတယ်၊ အဲဒီစကားကို မြတ်စွာဘုရားကြားတော့ 'ဒီဝဿကာရပုဏ္ဏား၊ အရှင်မဟာကစ္စည်းကို ဝန်ချတောင်းပန်မှ အပြစ်ကင်းလွတ်မယ်၊ ဝန်ချတောင်းပန်မှုမပြုရင် ဟောဒီဝေဠုဝန်ဥယျာဉ်မှာ နွားမြီးဆွဲမျောက် ဖြစ်လိမ့်မယ်'လို့ မိန့်တော်မူတယ်။

မြတ်စွာဘုရားရဲ့ စကားကို ဝဿကာရပုဏ္ဏား ကြားတယ်၊ ကြားပေမယ့် ဝန်ချတောင်းပန်မှု မပြုဘူး၊ ဘာကြောင့်လဲဆိုတော့ သူကဗုဒ္ဓကို ကိုးကွယ်တဲ့သူ မဟုတ်ဘူး၊ မိစ္ဆာအယူဝါဒရှိတဲ့သူ ဖြစ်တယ်၊ ဗုဒ္ဓရဲ့ တပည့်တစ်ပါးကို ဝန်ချတောင်းပန်ကန်တော့ရင် သူ့အတွက် သိက္ခာကျမယ်ပေါ့လေ"

"မာနထားတာပေါ့နော် ကိုလေး"

"ဟုတ်တယ် မလိုအပ်တဲ့ မာနထားတာ၊ ဒါပေမယ့် တောင်းပန်မှုသာ မပြုတာ၊ သူက စဉ်းစားတယ်၊ စဉ်းစားပုံက ဒီလို…

'ရှင်ဂေါတမပြောတဲ့ စကားတွေဟာ မှားတယ်ဆိုတာ မရှိဘူး၊ ငါမုချ မျောက်ဖြစ်လိမ့်မယ်၊ မျောက်ဖြစ်တဲ့အခါ စားသောက်ပျော်ပါးဖို့ ယခုကတည်းက စီစဉ်ထားမယ်'ဆိုပြီး အဲဒီဝေဠုဝန်ဥယျာဉ်ထဲမှာ စားစရာသစ်ပင်တွေ စိုက်တော့



တာပဲ၊ နောက် သက်တမ်းကုန်လို့ သေတဲ့အခါ မျောက်ဖြစ်သွားတယ်တဲ့၊ 'အမတ်ချုပ်ကြီး'လို့ခေါ်ရင် ရှက်တဲ့မျက်နှာနဲ့တဲ့၊ ဒီလို သာဓကဝတ္ထုတွေက တော်တော်များများ ရှိပါတယ် ညီမလေးရယ်၊ ကဲ ဒီလောက်ဆို တော်လောက်ရောပေါ့"

"ဟုတ်ကဲ့ ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com

# မိဘက သားသမီးကိုဆဲတာ ဖရုသဝါစာဖြစ်ပါသလား

"မိဘက သားသမီးကိုဆဲတာ ဖရုသဝါစာ ဖြစ်သလား ကိုလေး"

"ဘာဖြစ်လို့မေးတာလဲ ညီမလေးရဲ့"

"ဒီလိုလေ ကိုလေးရဲ့၊ ဖရုသဝါစာဆိုတာ ဒုစရိုက်(၁၀)ပါးထဲမှာ တစ်ပါးအပါအဝင် ဖြစ်နေတယ်လေ၊ ဒုစရိုက်(၁၀)ပါးကို ကျူးလွန်တဲ့သူဟာ အပါယ်ကျတယ်မဟုတ်လား၊ မိဘတွေက သားသမီးကို ဆဲတဲ့အခါ ဖရုသဝါစာဖြစ်ရင် မိဘတွ အကုန်လုံး အပါယ်ကျကုန်တော့မှာပေါ့"

"ငါ့ညီမကတော့ ကြံကြံဖန်ဖန်တွေးပြီး ကြံကြံဖန်ဖန် မေးတတ်တယ်၊ အေးပေါ့...မေးမယ်ဆိုလည်း မေးစရာပဲ၊ ထားပါတော့လေ၊ ခုနက ညီမလေးမေးတဲ့ ဒုစရိုက် (၁၀)ပါး ကို အရင်ရေပြပါဦး"

"ဟာ...ကိုလေးကလည်း ဒုစရိုက် (၁၀)ပါး သိပြီးသားပါ"



"သိပြီသားမပြောနဲ့၊ လက်တွေ့ အကောင်အထည် ဖော်ပြပါ"

"ကိုလေးက သက်သက် အထင်သေးတာပဲ၊ ကဲ ရေပြမယ်...

ကိုယ်၌အဖြစ်များသော ကာယကံ (၃)ပါး–

၁။ ပါဏာတိပါတ

၂။ အဒိန္နာဒါန

၃။ ကာမေသုမိစ္ဆာစာရ

နှုတ်၌အဖြစ်များသော ဝစီကံ(၄)ပါး–

၄။ မုသာဝါဒ

၅။ ပိသုဏာဝါစာ

၆။ ဖရုသဝါစာ

၇။ သမ္ဖပ္ပလာပ

ကိုယ်နှင့်နှုတ်မပါဘဲ စိတ်၌သာ အဖြစ်များသော မနောကံ (၃)ပါး

၈။ အဘိဇ္ဈာ

၉။ ဗျာပါဒ

၁၀။ မိစ္ဆာဒိဋ္ဌိ ပေါင်း (၁၀)ပါးပေါ့"

"အေး...ဟုတ်ပြီ၊ အဲဒီဒုစရိုက် (၁၀)ပါးကို အကုသလ ကမ္မပထ(၁၀)ပါးလို့ခေါ်တယ်။ (အကုသလကမ္မ–အကုသိုလ်ကံ၊ ပထ–အပါယ်ရောက်ကြောင်းလမ်း) အပါယ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြောင်း မကောင်းသောလမ်းဖြစ်သော အကုသိုလ်များလို့ အဓိပ္ပါယ်ရတယ်။

အဲဒီ (၁၀)ပါးထဲက တစ်ပါးပါးကို ကျူးလွန်ရင် အပါယ် ကျရောက်ရတယ်၊ ကျူးလွန်လို့ အပါယ်ကျရောက်ရတဲ့ သာဓကဝတ္ထုတွေလည်း အများကြီးရှိတယ်"

"ဟုတ်ကဲ့ ကိုလေး"

"ဖရုသဝါစာရဲ့ အနက်က ကြမ်းတမ်းသောစကားပဲ၊ အဋ္ဌကထာမှာ ဖွင့်ထားတာက လွှသွားကို ကိုင်တွယ်တဲ့အခါ ကြမ်းတမ်းသော အတွေ့ကို ထိတွေ့ရသလို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုလိုက်တဲ့အတွက် ကြားရသူ တစ်ဖက်သားအဖို့ နားမခံသာ နှလုံးမသာရှိလှအောင် အခံရခက်တဲ့ စကားမျိုးတဲ့၊ ဖရုသဝါစာဖြစ်ဖို့ အင်္ဂါ(၃)ပါးရှိတယ်၊ ဘာတွေလဲဆိုတော့...

၁။ စိတ်ဆိုးခြင်း

၂။ ဆဲရေးအပ်သူ (အဆဲခံရသူ)

၃။ ဆဲရေးခြင်းတို့ဖြစ်တယ်၊ အဲဒီအင်္ဂါ(၃)ပါးနဲ့ ညီညွတ်မှ ဖရုသဝါစာလို့ခေါ်ဆိုနိုင်တယ်၊ ကြမ်းတမ်းသော စကားလို့ဆိုတဲ့နေရာမှာ စေတနာသာ အဓိကလိုရင်းပဲ ညီမလေးရဲ့၊ စေတနာမှာလည်း ဒေါသနဲ့ယှဉ်တဲ့ စေတနာဖြစ်တဲ့အတွက် ဖရုသဝါစာဟာ ဒေါသကို အခြေခံပြီး ဖြစ်ရတတ်တယ်လို့ ဆိုထားတယ်။ ကြမ်းတမ်းတဲ့စကား တိုင်းကို



ဖရုသဝါစာလို့ မဆိုနိုင်သလို စကားသံမှာ ကြားရသူ တစ်ဖက်သားအဖို့ နူးညံ့တယ်လို့ ယူဆရပေမယ့်၊ ဖရုသဝါစာ ဖြစ်နေတတ်တယ်၊ အဲဒီအကြောင်းကို အဋ္ဌသာလိနီ အဋ္ဌကထာနဲ့ သီလက္ခန်အဋ္ဌကထာ ဖရုသဝါစာအဖွင့်မှာ သာဓကဝတ္ထုတွေနဲ့ ဆုံးဖြတ်ပြထားတာ စိတ်ဝင်စားဖို့ကောင်းတယ်"

"ဆက်ပါဦး ကိုလေးရဲ့"

"ကဲ ဆက်တာပေါ့၊ စကားကြမ်းတမ်းပေမယ့် ဖရုသဝါစာမဖြစ်တဲ့ ဝတ္ထုလေးကို အရင်ပြောပြမယ်"

"ဟုတ်ကဲ့"

"တစ်ခါက သူငယ်လေးတစ်ယောက်ဟာ တောထဲသွားဖို့ ဟန်ပြင်တယ်၊ အဲဒီမှာ မိခင်ဖြစ်သူက မသွားဖို့ အတန်တန်တောင်းပန်တယ်၊ ဒါပေမယ့် သားဖြစ်သူ သူငယ်က မိခင်ရဲ့စကားကို ဂရုမစိုက်ဘူး၊ တောကိုသွားဖို့ပဲ ပြင်ဆင်နေတယ်၊ ဒီအခါမှာ မိခင်ကသားကို တောထဲမသွားစေလိုတဲ့အတွက် 'နင့်ကို ကျွဲရိုင်းမကြီး လိုက်ခတ်ပါစေ'လို့ ဆဲရေးကြိမ်းမောင်းလိုက်တယ်၊ မိခင်က ဘယ်လောက်ပဲ ဆဲရေးကြိမ်းမောင်းကြိမ်းမောင်း နားခံမှု မရှိဘူး၊ တောထဲကိုပဲ ထွက်သွားတယ်၊ အံ့ဩစရာပဲ တောထဲရောက်တော့ မျှော်လင့်မထားဘဲ ကျွဲရိုင်းမကြီးက မိခင်ဆဲရေးလိုက်တဲ့အတိုင်း သူငယ်ကို လိုက်ခတ်ပါလေရော၊ အဲဒီအခါကျတော့မှ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်က မိခင်ရဲ့စကားကို မနာယူမိတဲ့အတွက် နောင်တရမိတော့တယ်၊ ဒီတော့ သားငယ်က ဘာမှစဉ်းစားမနေတော့ဘူး၊ သစ္စာဆိုလိုက်တယ်၊ 'မိခင်သည် ငါ့ကို တောသို့မသွားစေလိုသည့်အတွက် စိတ်ဆိုး၍ ပြောမိသောစကားသာဖြစ်၏။ ငါ့ကို ကျွဲရိုင်းမသည် ငါ၏နောက်သို့ မလိုက်စေသတည်း' အဲဒီလို သစ္စာဆိုတဲ့စကား ဆုံးတာနဲ့ ကျွဲရိုင်းမဟာရောက်တဲ့ နေရာမှာပဲ ရပ်ပြီးရှေ့ဆက် မတိုးတော့ဘူး၊ တိုင်မှာချည်ထားတဲ့အတိုင်း ငြိမ်နေတော့တာပဲ၊ ဒီလိုနဲ့ အဲဒီသူငယ်အသက် ချမ်းသာရာ ရသွားတာပေါ့။

အဲဒီဝတ္ထုကိုကြည့် မိခင်ရဲ့စကားက သိပ်ကြမ်းတမ်းနေတယ်၊ ဒါပေမယ့် သားငယ်အပေါ်မှာ ကျွဲရိုင်းမ ခတ်စေလိုတဲ့စေတနာ မပါဘူး၊ သားငယ် တောကိုမသွားစေလိုလို့ လတ်တလောပြောလိုက်ရတဲ့ စကားဖြစ်တယ်၊ အဋ္ဌကထာမှာ မိခင်ရဲ့ အတွင်းစိတ် နူးညံ့နေတဲ့အတွက် ဖရုသဝါစာ မဖြစ်ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဆရာသမားတွေ တပည့်ကို ငေါက်တဲ့ဆဲတဲ့အခါတော်စေ တတ်စေလိုလို့ ဆဲတာ ငေါက်တာ ဖြစ်တဲ့အတွက် ဖရုသဝါစာ မဖြစ်ဘူး။

အထက်ကပြောခဲ့တာက စကားကြမ်းတမ်းပေမယ့်၊ ဖရုသဝါစာ မဖြစ်ပုံကို ပြောပြတာ၊ နောက် စကားနူးညံ့နေပေမယ့် ဖရုသဝါစာ ဖြစ်ပုံကို ဆက်ပြထားသေးတယ်"

"ဖရုသဝါစာ ဖြစ်ပုံကို ဆက်ပါဦး ကိုလေး"

"လူတစ်ယောက်ဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်



တယ်၊ အဲဒီတော့ ဘုရင်က ရာဇဝတ်သားကို သတ်ပစ်ဖို့ အလိုရှိတယ်၊ ဒါပေမယ့် အမိန့်ချတဲ့နေရာကျတော့ မျက်နှာပြုံးပြုံးရွှင်ရွှင်နဲ့ 'ဤရာဇဝတ်သားကို ချမ်းသာစွာ သိပ်ထားလိုက်ကြ'လို့ အမိန့်ချလိုက်တယ်၊ တကယ်တော့ ဒါ သေမိန့်ချလိုက်တာပဲ၊ ဒါကို ဘေးကဝန်ကြီးတွေ၊ အမတ်တွေကလည်း သိတယ်၊ အဲဒါကိုကြည့် ဘုရင်ပြောလိုက်တဲ့စကားက ကြားရသူ တစ်ဖက်သားအဖို့ နားချမ်းသာစရာပဲ၊ အတွင်းစိတ်စေတနာကတော့ အလွန်ကြမ်းကြုတ်နေတဲ့အတွက် ဖရုသဝါစာဖြစ်ကြောင်း ဆုံးဖြတ်ပြထားတယ်"

"ဒါဆို ဖရုသဝါစာမှာ စေတနာက အဓိကလို့ရင်းပေါ့နော် ကိုလေး"

"ဟုတ်တယ် စေတနာက အဓိကလို့ရင်းပဲ၊ ဖရုသဝါစာအဆုံးအဖြတ်နဲ့ ပတ်သက်ပြီး ဆက်ပြထားသေးတယ်"

"ဆက်ပါဦး... ကိုလေး"

"အဆဲခံရတဲ့သူဟာ သီလ သမာဓိ ပညာစတဲ့ ဂုဏ်မရှိရင် သိပ်အပြစ်မကြီးပါဘူးတဲ့၊ သီလ၊ သမာဓိ ပညာစတဲ့ဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ကို ဆဲမိရင်တော့ အပြစ်ကသိပ်ကြီးလေးလှပါတယ်တဲ့၊ ဒီတော့ ဖရုသဝါစာမဖြစ်အောင်နေပေါ့ ညီမလေးရယ်၊ ကဲ ဒီနေ့တော့ တော်လောက်ပြီ"

"ဟုတ်ကဲ့ ကိုလေး"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# စေတီဟောင်းကို ဖျက်ကောင်းပါသလား

"ကိုလေး၊ အပြင်သွားစရာ ရှိသေးလား"

"မရှိပါဘူး၊ ဘာကိစ္စရှိလို့လဲ"

"ကိုလေးကို မေးစရာရှိလို့"

"ကဲ ဘာများ မေးစရာရှိတုန်း မရှေ့ချော"

"စေတီဟောင်းတွေကို ဖျက်ကောင်းလား"

"ဘယ်လို ပုံစံနဲ့ ဖျက်မှာလဲ ညီမလေးရဲ့"

"အသစ် ပြုပြင်ဖို့ပေါ့"

"အသစ်ပြုပြင်ဖို့ဆိုရင် မေးနေစရာတောင် မလိုပါဘူး ညီမလေးရယ်၊ ကလေးကအစ သိနေတာပဲ"

"မဟုတ်ဘူးလေ ကိုလေးရဲ့၊ ရှေးစေတီဟောင်းကို ဖျက်ရင် ခိုက်တတ်တာတို့၊ ဘာတို့ကို ပြောတာ"

"ဒီလိုလား"

"ဒီလိုပေါ့"

"မနောက်နဲ့"



"ဟုတ်"

"ဒီလိုရှိတယ် ညီမလေးရဲ့၊ ပထမဆုံး နှလုံးသွင်းရမှာက ကိုယ်ဟာ ဗုဒ္ဓဘာသာဆိုတာပဲ၊ ကိုယ်က ဗုဒ္ဓဘာသာဆိုတော့ ဗုဒ္ဓရဲ့ အဆိုးအမြွက်ဝါဒ အရိပ်အောက်မှာရှိနေရမယ်၊ ဗုဒ္ဓက ဘာတွေ တားမြစ်ထားသလဲ၊ ဘာတွေ ခွင့်ပြုထားသလဲ၊ ဒါ တွေသိထားဖို့လိုတယ်၊ ဒီတော့ ကိုလေးတို့လည်း ဒါကိုပဲ လက်ကိုင်ထားပြီး ဆွေးနွေးရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"စာထဲမှာ–

မနသာစေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ ဒုက္ခမန္ဓေတိ၊ စက္ကံဝ ဝဟတော ပဒံ။

အဓိပ္ပါယ်က – ပြစ်မှားလိုတဲ့စိတ်၊ မကောင်းတဲ့စိတ်နဲ့ ပြောဆိုမယ်၊ ပြုလုပ်မယ်ဆိုရင် လှည်းကိုဆွဲနေတဲ့ နွားရဲ့ နောက်ကို လှည်းဘီးက ကပ်ပြီး လိုက်နေသလို အဲဒီလူရဲ့ နောက်ကို ဆင်းရဲဒုက္ခက အစဉ်အမြဲ လိုက်နေမှာပဲတဲ့။

နောက်တစ်ပုဒ်က–

မနသာ စေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ။

တတော နံ သုခမန္ဓေတိ၊ ဆာယာဝ အနုပါယိနီ။

အဓိပ္ပါယ်က – ကြည်ညိုတဲ့စိတ်၊ ကောင်းတဲ့စိတ်နဲ့ ပြောဆိုမယ်၊ ပြုလုပ်မယ်ဆိုရင် လူရဲ့နောက်ကို လူရိပ်က

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကပ်လိုက်နေသလို အဲဒီလူရဲ့နောက်ကို ချမ်းသာသုခက အစဉ်အမြဲ လိုက်နေမှာပဲတဲ့။

ဆိုလိုတာကတော့ ညီမလေးရယ်၊ မကောင်းတဲ့စိတ်နဲ့ ပြောဆိုမယ်၊ ပြုလုပ်မယ်ဆိုရင် မကောင်းကျိုး ခံစားရမယ်၊ ကောင်းတဲ့စိတ်နဲ့ပြောဆိုမယ်၊ ပြုလုပ်မယ်ဆိုရင် ကောင်းကျိုး ခံစားရမယ်၊ ဒါပဲပေါ့။ အဲဒီတော့ ကိုယ်က ကောင်းတဲ့စိတ်နဲ့ လုပ်တာလား၊ မကောင်းတဲ့စိတ်နဲ့ လုပ်တာလား၊ ကိုယ့်ကိုယ်ကို ဆင်ခြင်ကြည့်ပေါ့။ ကောင်းတဲ့စိတ်နဲ့ လုပ်တယ်ဆိုရင် ဘာမှ မလုပ်ရဲစရာ အကြောင်းမရှိပါဘူး၊ အခု စေတီအကြောင်း ပြောနေတာဆိုတော့ စေတီလေးမျိုးကို အရင်ပြောပြထားရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"စေတီက ဥဒ္ဒိဿကစေတီ၊ သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီဆိုပြီး လေးမျိုးရှိတယ်"

"တစ်ခုချင်း အဓိပ္ပါယ်ကို ရှင်းပါဦး ကိုလေး"

"ဥဒ္ဒိဿကစေတီ ဆိုတာ မြတ်စွာဘုရား ကိုယ်တော်အစား ရုပ်ပွားဆင်းတုတော်တွေကို ပြောတာ၊ သာရီရိကစေတီဆိုတာက ကိုယ်တော်အစစ် ခန္ဓာတော်မှဖြစ်သော ဓာတ်တော်ကြီးငယ်အပေါင်းကို ပြောတာ၊ ဓာတ်တော်တွေကို ဌာပနာပြီးတည်ထားတဲ့ စေတီမျိုးပေါ့။ ဓာတုစေတီလို့လဲ ခေါ်တယ်။ ပရိဘောဂစေတီဆိုတာ မြတ်စွာဘုရား သုံး



ဆောင်တော်မူအပ်တဲ့ ရေစစ်၊ ခါးပန်းကြိုး၊ ရေသနုပ်စတဲ့ အသုံးအဆောင်တွေ ကိုပြောတာ၊ အဲဒီအသုံး အဆောင်တွေကို ဌာပနာပြီးတည်ထားတဲ့ စေတီမျိုးပေါ့၊ ဒီနေရာမှာ သတိထားရမှာက မဟာဗောဓိပင်နဲ့ ဂန္ဓကုဋိ တိုက်ကိုလည်း မြတ်စွာဘုရားရဲ့ အသုံးအဆောင်ဖြစ်တဲ့အတွက် ပရိဘောဂစေတီထဲမှာ ထည့်ထားတယ်၊ ဒါကြောင့် ဗောဓိပင်ကိုလည်း စေတီတစ်ဆူလို့ နားလည်ထားရမယ်"

"ဟုတ်ကဲ့ ကိုလေး"

"နောက် ဓမ္မစေတီဆိုတာက ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပြောတာ၊ ပိဋကတ် သုံးပုံပေါ့၊ ဒါဆို ကိုလေး တို့ တစ်ဆင့်တက် ပြောလို့ရပြီ ဟုတ်ပလား"

"ဟုတ်ကဲ့ ကိုလေး"

"သာဓက ပါဠိက–

အထ ယေစ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ။

ဘာရိယံ ကမ္မံ ဟောတိ၊ အာနန္တရိယ သဒိသံ၊ သဓာ တုကံ ပန ထူလံဝါ ပဋိမံဝါ ဗာဓမာနံ ဗောဓိ သာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ ပရိဘောဂ စေတိယတော ဟိ သရီရစေတိယံ မဟန္တရ

www.burmeseclassic.com

www.burmeseclassic.com



တရံ။ စေတိယ ဝတ္ထုံ ဆိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ၊ ယာ ပန ဗောဓိသာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ န လဘတိ။ ဗောဓိအတ္ထံ ဟိ ဂေဟံ၊ န ဂေဟတ္ထာယ ဗောဓိ။ အာသနဃရေပိ ဧသေဝနယော။ ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ ဗောဓိဂုဏ္ဍနတ္ထံ ဩဇော ဟရဏသာခံဝါ ပူတိဋ္ဌာနံဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ ဘဂဝတော သရီရပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။

(မ၊ဋ္ဌ၊၄။၇၇)

စာအမိပ္ပါယ်က – မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နောက်ပိုင်း၊ တချို့ပုဂ္ဂိုလ်တွေဟာ စေတီကိုလည်း ဖျက်ဆီးတယ်၊ ဗောဓိပင်ကိုလည်း ဖြတ်တယ်၊ ဓာတ်တော်တွေကိုလည်း ဖျက်ဆီးဖို့ အားထုတ်ကြတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက် ဘာအကျိုးအပြစ်ဖြစ်မလဲတဲ့၊ ပထမပိုဒ်က မေးတာ။

ဒုတိယပိုဒ်က ဖြေပြတယ်။ ဘယ်လို ဖြေပြသလဲဆိုတော့ အထက်မှာပြောခဲ့တဲ့ ကံတွေဟာ အာနန္တရိယကံနဲ့ အတူတူပဲတဲ့။ သေပြီးတဲ့နောက် ကျိန်းသေ အကျိုးပေးမယ့် ကံပေါ့။ နောက်ဆက်ပြထားတာက...”

“ပြောပါဦး ကိုလေး”

“ဓာတ်တော်ရှိတဲ့ စေတီနဲ့ ဆင်းတုတော်ကို အဲဒီဘေးမှာ ပေါက်နေတဲ့ ဗောဓိပင်ရဲ့ အခက်က အုပ်မိုးထားတယ်တဲ့။ ဒါဆိုရင် ဗောဓိကိုင်းကို ခုတ်ကောင်းတယ်တဲ့၊ နောက်ဗောဓိကိုင်းမှာ ငှက်တွေက လာနားကြတယ်၊ မစင်တွေ စွန့်ချတဲ့အခါ စေတီရင်ပြင်ပေါ်ကို ကျတယ်တဲ့၊ အဲဒီလိုဆိုရင်လည်း ဗောဓိကိုင်းကို ခုတ်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗောဓိကိုင်းထက် ဓာတ်တော်စေတီတော်က ပိုပြီး မြတ်လို့ပါပဲတဲ့။ ဒီလိုပဲ စေတီအောက်ခံထားတဲ့ ပလ္လင်အုတ်ချပ်ကို ခွဲပြီး ဗောဓိမြစ်က ဝင်နေမယ်ဆိုရင်လည်းပဲ အဲဒီ ဗောဓိမြစ်ကို ဖြတ်တောက်ကောင်းတယ်။

နောက်တစ်ခုကတော့ ဗောဓိကိုင်းက အဲဒီဗောဓိပင်နားမှာရှိတဲ့ ဇရပ်ကို အုပ်မိုးထားတယ်၊ အဲဒီလို ဗောဓိကိုင်းမျိုးကျတော့ ဇရပ်ကို ဖျက်ဆီးနေတာပဲဆိုပြီး ဗောဓိကိုင်းကို မဖြတ်ကောင်းဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဗောဓိပင်အကျိုးအတွက် ဇရပ်ကိုဆောက်ထားတာ၊ ဇရပ်အကျိုးအတွက် ဗောဓိပင်ကို စိုက်ထားတာ မဟုတ်ဘူး၊ ဆိုလိုတာကတော့ ညီမလေးရယ်၊ ဇရပ်ထက် ဗောဓိပင်က မြတ်တယ်ပေါ့။ နောက်တစ်မျိုးကျတော့ ဇရပ်ထဲမှာ ဓာတ်တော်တွေထားတယ်၊ အဲဒီဓာတ်တော်ထားတဲ့ ဇရပ်ကို ဗောဓိကိုင်း က အုပ်မိုးထားရင် ဗောဓိကိုင်းကို ဖြတ်ကောင်းပါတယ်တဲ့၊ နောက်တစ် မျိုးက ဗောဓိပင် သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ဆွေးနေတဲ့ အကိုင်းအခက်တွေ၊ ကျိုးပွဲ့နေတဲ့ အကိုင်းအခက်တွေကို ဖြတ်ကောင်းတယ်၊ မြတ်စွာဘုရားရဲ့ ကိုယ်တော်ကို သုတ်သင်တဲ့ အခါ ရရှိတဲ့ အကျိုးအတိုင်းပဲ ရတယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး ပြောပုံအရဆိုရင် ဂုဏ်ကြီးတာနဲ့ ဂုဏ်ငယ်တာ ယှဉ်လာရင် ဂုဏ်ကြီးတာကို ဦးစားပေးရမယ့် သဘောပေါ့"

"ဟုတ်တယ် ညီမလေးရဲ့၊ ကိုယ်လုပ်တဲ့ အလုပ်အပေါ်ကို အသိဉာဏ် ဦးစီးဖို့ပဲလိုတယ်၊ အဲဒီလို အသိဉာဏ်တွေ ရရှိဖို့အတွက် စာများများဖတ်ဖို့တော့ လိုတာပေါ့၊ အဲဒီအတွက် ကိုလေးတို့ သာသနာ့ဝင်သမိုင်းကို ပြန်ကြည့်လိုက်ရအောင်၊ အရှင်ဗာကုလမထေရ်အလောင်းဟာ ရှေးအခါက ကျောင်းဆောင် ဇရပ်အဟောင်းတွေကို ပြင်ဆင်ဆောက်လုပ်ခဲ့တဲ့ ကုသိုလ်တွေကြောင့် လူ့ဘုံမှာ ချမ်းချမ်းသာသာ ကျင်လည်ရတယ်။ နောက်ဆုံး ရဟန္တာဖြစ်ပြီး သက်တော် တစ်ရာ့ခြောက် ဆယ်ကျော် နေသွားရတယ်၊ နောက် မဟာဝင်ကျမ်းမှာလည်း ဝသဘမင်းဟာ အတိတ်ကံအရ တစ်ဆယ့်နှစ်နှစ်ပဲ နန်းစံရမယ်။ ဒါပေမယ့် ကျောင်းဟောင်း ဇရပ်ဟောင်းတွေကို မကြာခဏ ပြင်လေ့ရှိတဲ့ အတွက် အဲဒီကုသိုလ်တွေကြောင့် နန်းစံသက် လေးဆယ့်လေးနှစ် စံမြန်းသွားရတယ်တဲ့။ ဒါကောင်းတဲ့စိတ်နဲ့ ပြုပြင်လို့ရရှိတဲ့ အကျိုးသာဓက ဝတ္ထုတွေပဲ။

နောက် မကောင်းတဲ့စိတ်နဲ့ ပြုမူတဲ့ ပုဂ္ဂိုလ်တွေအကြောင်း ဆက်ပြောရအောင်"

"ဟုတ်ကဲ့ ကိုလေး"



"သီဟိုဠ်ဝတ္ထုထဲမှာ သီရိနာဂအမည်ရှိတဲ့ မင်းက အနုရာဓပြည်မှာ မင်းလုပ်မယ်ကြံတော့ ငွေလိုနေတယ်တဲ့၊ ဒီတော့ ဒက္ခိဏစေတီ ဌာပနာထဲမှာ ငွေကြေးဥစ္စာတွေရှိတဲ့ အကြောင်း သတင်းရတယ်၊ ဒါပေမယ့် တိတိကျကျတော့ မသိဘူး၊ ဒါကြောင့် အဲဒီသတင်း အပြည့်အစုံပြောနိုင်တဲ့ သူကို လိုက်ရှာတယ်၊ ရှာတော့ တစ်နေ့မဟုတ် တစ်နေ့ တွေ့တာပေါ့။ ဘယ်မှာ သွားတွေ့သလဲဆိုတော့ လောကဂဠိယ ရွာသား စဏ္ဍာလက သိတယ်လို့ သတင်းပေးကြတယ်၊ ဒါကြောင့် အဲဒီ စဏ္ဍာလကို ခေါ်မေးတယ်၊ သိလားပေါ့၊ စဏ္ဍာလကလည်း သိတယ်ပေါ့၊ 'သိရင်ဖျက်ကွာ'လို့ မင်းက ပြောတယ်၊ ဒီတော့ စဏ္ဍာလက က'အရှင်မင်းကြီး ကျွန်ုပ် မဖျက်ဝံ့ပါ'လို့ ပြန်လျှောက်တယ်၊ ဒီတော့မင်းက မဖျက်ဝံ့ရင် တံကျင်တင်သတ်စေလို့ အမိန့်ချတယ်၊ နောက်သူ့ရဲ့ သားခုနစ်ယောက်ကိုခေါ်ပြီး ဖျက်ခိုင်းပြန်တယ်။ ဒီ သားခုနစ်ယောက်ကလည်း မဖျက်ဝံ့တဲ့အကြောင်း လျှောက် ကြပြန်တယ်။ ဒီသားခုနစ်ယောက်ကိုလည်း တံကျင်တင်ပြီး သတ်စေလို့ အမိန့်ချပြန်တယ်။ မင်းချင်းတွေကလည်း ဘုရင့်အမိန့် အတိုင်းပဲ အဖေနဲ့ သားခုနစ်ယောက်ကို တံကျင်တင်သတ်ဖို့ ပြင်ဆင်ကြတယ်။ ဒီတော့ နတ်ပြည်မှာရှိနေတဲ့ သိကြားမင်း ကလည်း'မဖြစ်တော့ဘူး ငါဆင်းကယ်မှပဲ'ဆိုပြီး နတ်ပြည်ကနေ ရထားနဲ့ဆင်းပြီး ကယ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ မင်းလည်း လတ်တလောမြင်ကွင်းကိုကြည့်ပြီး မဖျက်ဝံ့တော့ ဘူး၊ အဲဒီ ဒက္ခိဏစေတီကို မဖျက်ပေမယ့် အရှေ့မျက်နှာ ဂင်္ဂါနားမှာရှိ တဲ့မခုပိဋ္ဌယစေတီကို ဖျက်ပြီး ဥစ္စာငွေကြေး တွေကို ယူတယ်၊ လိုရင်းပြောရရင်တော့ ဒါနဲ့ပဲ မင်းပြု၊ မင်းပြုပြီးတော့ ငွေကြေးပြည့်ရံလာတဲ့အခါ ဖျက်ခဲ့တဲ့စေတီမှာ အရင်ယူခဲ့တဲ့ ငွေကြေးတွေကို ပြန်ထား တယ်တဲ့၊ ဒါပေမယ့် အဲဒီမင်းသေတဲ့အခါ ငရဲကျသွား ရရှာတယ်တဲ့၊ ဒါက တစ်ပုဒ်ပေါ့။

နောက် လက်လှမ်းမီတာ ခပ်လွယ်လွယ်ပြောရရင် သီရိ ဓမ္မာသောကမင်းကြီးရဲ့ မိဖုရားငယ် တိဿရက္ခာဟာ ဗောဓိပင်ကို လိပ်ကျောက်ဆူးနဲ့ထိုးပြီး သတ်တယ်၊ အဲဒီကံ ကြောင့် အဝီစိငရဲ ကျရတဲ့အကြောင်း မဟာဝင်မှာ ဆိုထား တယ်၊ ဒါတွေက မကောင်းတဲ့စိတ်နဲ့ ပြုလုပ်လို့ အပြစ်ခံ စားရတဲ့ သာဓကဝတ္ထုတွေပဲ။

အနှစ်ချုပ်လိုက်ရင်တော့ ကောင်းတဲ့စိတ်နဲ့ ပြုလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ မကောင်းတဲ့စိတ်နဲ့ ပြုလုပ်ရင် မကောင်းကျိုးခံစားရမယ်၊ စိတ်သာရှင်စော ဘုရားဟောလေ၊ ဒါပဲ။ ဒါလောက်ဆို ညီမလေး တွက်ဆလို့ရရောပေါ့"

"တွက်ဆလို့ရပါပြီ ကိုလေးရယ်၊ စေတီအကြောင်း ပြောနေတာဆိုတော့ တစ်လက်စတည်း စေတီအကြောင်းပဲ ထပ်မေးလိုက်ချင်ပါသေးတယ်"



"ကဲ မေးလိုက်စမ်းပါဦးဗျာ"

"ညီမလေး ကြားဖူးတာက ပုဂ္ဂိုလ်တစ်ဦးကို လှူဖို့ရည်စူး ပြီးရင် တခြားပုဂ္ဂိုလ်တစ်ဦးကို ပြောင်းပြီး မလှူကောင်းဘူးတဲ့၊ ဒီနေရာမှာ စေတီတစ်ဆူကို ရည်စူးပြီး နောက်စေတီတစ်ဆူ ကို ပြောင်းပြီး လှူကောင်းလား"

"မလှူကောင်းဘူး ညီမလေးရဲ့"

"ဟာ ကိုလေးကလည်း စေတီကွဲပေမယ့် ဘုရားတစ်ဆူ တည်းရဲ့ ဓာတ်တော်တွေပဲ မဟုတ်လား"

"ညီမလေး ပြောတာမှန်တယ်၊ ပရိဝါအဋ္ဌကထာမှာ မတရားသဖြင့် လှူအပ်တဲ့ အလှူကိုးမျိုးကို ပြထားတယ်၊ အဲဒီကိုးမျိုးက—

သံဃာအား ရည်မှတ်ညွတ်ပြတ်လေပြီးသော လာဘ်ကို တစ်ပါးသော သံဃာအားလည်းကောင်း၊ စေတီအား လည်း ကောင်း၊ ပုဂ္ဂိုလ်အားလည်းကောင်း လှူဒါန်းခြင်း၊ ဒါက သုံးမျိုးပါ။

နောက် စေတီတစ်ဆူအား ညွတ်လေပြီးသော လာဘ်ကို တစ်ပါးသောစေတီအားလည်းကောင်း၊ သံဃာအားလည်း ကောင်း၊ ပုဂ္ဂိုလ်အားလည်းကောင်း'လှူဒါန်းခြင်း၊

ပုဂ္ဂိုလ်အား ညွတ်လေပြီးသော လာဘ်ကို တစ်ပါးသော ပုဂ္ဂိုလ်အား လည်းကောင်း၊ သံဃာအားလည်းကောင်း၊ စေတီ အားလည်းကောင်း လှူဒါန်းခြင်း၊ အားလုံးပေါင်း ကိုးမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိုးမျိုးထဲမှာ စေတီတစ်ဆူကို ရည်စူးပြီးရင် နောက်တစ်ဆူကို ပြောင်းပြီး မလှူကောင်းဘူးတဲ့၊ ညီမလေးက မေးတယ် မဟုတ်လား၊ စေတီကွဲပေမယ့် ဘုရားတစ်ဆူတည်းရဲ့ ဓာတ်တော်တွေလို့"

"ဟုတ်တယ်လေ ကိုလေးရဲ့"

"ညီမလေးပြောတာ ဟုတ်ပါတယ်၊ သာသနာမှာ သက်တော်ရှည်တဲ့ ဘုရားနဲ့ သက်တော်တိုတဲ့ ဘုရားဆိုပြီး နှစ်ဆူရှိတယ်၊ သက်တော်ရှည်တဲ့ ဘုရားသခင်တွေရဲ့ ဓာတ်တော်တွေဟာ တစ်လုံးတစ်ခဲတည်းပဲ ရှိတယ်၊ ပျံ့မနေဘူး၊ တစ်လုံးတစ်ခဲတည်းနဲ့ တစ်ဆူတည်းသာ ကြွင်းကျန်ရစ်အောင် အဓိဋ္ဌာန်ခဲ့တယ်တဲ့။

ကိုလေးတို့ ဘုရားသခင်ကျတော့ သက်တော်တိုတဲ့အတွက် အဆူများစွာ ကြွင်းကျန်ရစ်အောင် အဓိဋ္ဌာန်ခဲ့တယ်တဲ့၊ ဒါကြောင့် ဓာတ်တော်တွေက တစ်နေရာတည်းမှာ စုမနေဘဲ ပျံ့နေတယ်၊ ပြီးတော့ အဆူဆူသော ဓာတ်တော်တွေဟာ အဆူဆူသော ဘုရားတွေနဲ့ တူတယ်တဲ့၊ ဒါကြောင့် ဘုရားတစ်ဆူတည်း ဆိုပေမယ့် ဓာတ်တော်အဆူဆူ ကွဲနေတဲ့အတွက် ဘုရားအဆူဆူ တည်ရှိနေတယ်လို့ သတ်မှတ်ရမယ်တဲ့၊ စာထဲမှာပြထားတာတော့ ညီမလေးရယ် အယုတ်ဆုံး အားဖြင့် ခွေးတစ်ကောင်ကို ရည်စူးပြီးတဲ့အစာကို တခြားခွေး တစ်ကောင်ကို ပြောင်းပြီး မကျွေးကောင်းဘူးတဲ့၊ ကဲ ရှင်းပြီလား"



"ရှင်းတော့ ရှင်းပြီ ကိုလေးရေ၊ ကိုလေး ပြောတာနားထောင်နေရင်း စေတီနဲ့ပတ်သက်လို့ မေးစရာတစ်ခုပေါ်လာ ပြန်ပြီ"

"ကဲ ဆိုစမ်းပါဦး"

"ပုထုဇဉ်ရဟန်းတွေ ပျံလွန်တော်မူတဲ့အခါ စေတီတည်ကောင်းလား"

"စာထဲမှာ စေတီထိုက်သူလေးပါး ပြထားတယ်၊ ဘာတွေ လဲဆိုတော့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြဝတေးမင်းတဲ့၊ အဲဒီလေးပါးထဲမှာ ပုထုဇဉ်ရဟန်း မပါဘူး ညီမလေးရဲ့"

"ဘာဖြစ်လို့"

"ပါဠိရှိတယ်...

ပုထုဇ္ဇန ဘိက္ခုနီဉာဏ ထူပေ အနညာယမာနေ တမ္ပ ပဏ္ဍိဒိ ပေတာဝ ထူပါနံ ဩကာသော န ဘဝေယျ၊ တထာ အညေသု ဌာနသု၊ တသ္မာ အနစ္ဆရိယာ ဘဝိသန္တိတိ နာနုဇာနာတိ။

အဓိပ္ပါယ်က – ပုထုဇဉ်ရဟန်းတွေကိုသာ စေတီတည်ခွင့်ပေးလိုက်မယ်ဆိုရင် သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးစေတီတည်ဖို့နေရာ ဆံ့တောင်ဆံ့မှာ မဟုတ်ဘူးတဲ့။ ဒီအတူပဲ တခြားသော ကျွန်းအရပ်တွေမှာလည်း စေတီတည်ရတာနဲ့ နေရာဆံ့တော့မှာ မဟုတ်ပါဘူးတဲ့၊ ပုထုဇဉ်ရဟန်း ပျံလွန်

www.burmeseclassic.com

www.burmeseclassic.com



တော်မူတာ ဘာမှလဲ အံ့သြစရာ မကောင်းပါဘူးတဲ့၊ ဒါကြောင့် ခွင့်မပြုတာပါတဲ့"

"ဟင်း ကိုလေးကလည်း ပုထုဇဉ်လို့ပြောရင် စကြဝတေးမင်းလည်း ပုထုဇဉ်ပဲ မဟုတ်လား"

"ဘယ်တူမလဲ ညီမလေးရဲ့၊ စကြဝတေးမင်းဆိုတာ အချိန်ပြည့် အများကြီးပေါ်နေတာမှ မဟုတ်တာ၊ တစ်ခေတ် တစ်ခါမှာ တစ်ပါးပဲ ပေါ်တာလေ၊ ဒီတော့ အံ့ဖွယ်စာရင်းထဲမှာ ပါတယ်လေ"

"ဩော်"

"စာထဲမှာ ဆက်ပြတာကတော့ စေတီတည်ဖို့ ခွင့်မပြုပေမယ့် ရှင်သာရိပုတြာတို့၊ ရှင်မဟာမောဂ္ဂလာန်တို့၊ ရှင်အာနန္ဒာတို့ ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ကျန်ခဲ့တဲ့သူတွေက ချီးမြှောက်ပူဇော်ကြသလို ပုထုဇဉ်ရဟန်းကိုလည်း ခမ်းခမ်းနားနား ချီးမြှောက်ပူဇော်ကောင်းပါတယ်တဲ့၊ ကဲ မရွှေချော၊ ဘာများ မေးစရာ ကျန်သေးလဲ၊ စေတီအကြောင်းတွေ မေးလို့ကတော့ ဆုံးမှာ မဟုတ်တော့ဘူး၊ ဒီနေ့တော့ တော်ဦး၊ နောင်ကြုံမှ ဆက်မေး၊ ကိုလေး စာရေးစရာ ရှိသေးတယ်"

"ဟုတ်ကဲ့ ကိုလေး၊ ကိုလေးခုလို ပြည့်ပြည့်စုံစုံနဲ့ ကိုယ်တိုင်ပဲ ဖွတ်အဆုံးသတ်ပြီး ဖြေပေးတာကို ကျေးဇူးတင်ပါသတဲ့ရှင်"

ကျမ်းကိုး။ <u>သမန္တစက္ခုဒီပနီ</u>

# ဥပုသ်သည်များ ည (၁၂)နာရီကျော်လျှင် ထမင်းစားကောင်းပါသလား

"ကိုလေး"

"ကဲ ဆိုစမ်းပါဦးဗျာ"

"ဥပုသ်သည်တွေ ည (၁၂)နာရီကျော်ရင် ထမင်းစားကောင်းလား"

"ဟာ... ဘယ်ကလာ စားကောင်းရမှာလဲ၊ အရုဏ်တက်မှ စားကောင်းတယ်"

"ဟုတ်လား... မနေ့က သူငယ်ချင်းတစ်ယောက်က သူ ဥပုသ်စောင့်တယ်တဲ့၊ ည (၁၂)နာရီကျော်တော့ ဗိုက်ဆာတာနဲ့ အချိန်စေ့ပြီဆိုပြီး ပေါင်မုန့်ထောပတ်သုတ် စားတယ်တဲ့၊ အဲဒါ သံသယဖြစ်နေတာနဲ့ ကိုလေးကို မေးကြည့်တာ၊ ခုနက အရုဏ်တက်မှဆိုတော့ အရုဏ်က ဘယ်အချိန်တက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အရုဏ်တက်တယ်ဆိုတာ တစ်လနဲ့ တစ်လတော့ မတူဘူး၊ အဲဒါနဲ့ပတ်သက်လို့ ကမာရွတ် ရွာမဆရာတော်ကြီးက အရုဏ်တက်ပုံနဲ့ နေဝင်ပုံကို ဇယားဆွဲ လင်္ကာစီထားတယ်၊ အဲဒီဇယားကြည့်လိုက်ရင် တစ်ခါတည်း ရှင်းသွားလိမ့်မယ်။

| စဉ် | လအမည် | အရုဏ်တက် | နေထွက် | နေဝင် |
|---|---|---|---|---|
| ၁။ | တန်ခူး | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၂။ | ကဆုန် | ၄း၅၀ | ၅း၅၀ | ၆း၁၀ |
| ၃။ | နယုန် | ၄း၄၀ | ၅း၄၀ | ၆း၂၀ |
| ၄။ | ဝါဆို | ၄း၃၀ | ၅း၃၀ | ၆း၃၀ |
| ၅။ | ဝါခေါင် | ၄း၄၀ | ၅း၄၀ | ၆း၂၀ |
| ၆။ | တော်သလင်း | ၄း၅၀ | ၅း၅၀ | ၆း၁၀ |
| ၇။ | သီတင်းကျွတ် | ၅း၀၀ | ၆း၀၀ | ၆း၀၀ |
| ၈။ | တန်ဆောင်မုန်း | ၅း၁၀ | ၆း၁၀ | ၅း၅၀ |
| ၉။ | နတ်တော် | ၅း၂၀ | ၆း၂၀ | ၅း၄၀ |
| ၁၀။ | ပြာသို | ၅း၃၀ | ၆း၃၀ | ၅း၃၀ |
| ၁၁။ | တပို့တွဲ | ၅း၂၀ | ၆း၂၀ | ၅း၄၀ |
| ၁၂။ | တပေါင်း | ၅း၁၀ | ၆း၁၀ | ၅း၅၀ |

ကူးကျွတ်နှစ်လီ၊ ခြောက်နာရီမှန်၊ ကြွင်းကျန်မာသ၊ ငါးလစီထား၊ ရှေ့ငါးနောက်ဆင့်၊ နာရီမှတ်၍၊ ပဏ္ဏာသ် စတ္တာ၊ တိံသာစတ်ပဏ်၊ ငါးတန်မိနစ်၊ ရှေ့ငါးဖြစ်၏၊ ကျန်



လစ်နောက်ငါး၊ ခြောက်ဆယ်ထား၍၊ ရှေ့ငါးနုတ်ပယ်၊ ကြွင်းဝယ်စန်မှန်၊ နောက်ငါးတန်တည်၊ ဝင်ဟန်သိလို၊ မပိုဒွါဒသ်၊ နာရီမြတ်တွင်၊ ထွက်မှတ်ပယ်ဖြတ်၊ အရုဏ်တက်မှာ၊ နေထွက်စက်ဆုတ်၊ နာရီနုတ်က၊ မှန်ဟုတ်မပျက်၊ ထွက်ဝင်တတ်သည်၊ မှတ်ကျက်လွယ်ကူ စာကြောင်းတည်း။

ကိုလေးနှုတ်ထဲမှာ ရနေတဲ့ လင်္ကာလေးတစ်ပုဒ်ရှိသေးတယ်၊ သူကပိုပြီး မှတ်ရလွယ်မယ် ထင်တာပဲ၊ ဘယ်သူရေးတယ်တော့ မသိဘူး၊ သူငယ်ချင်းတစ်ယောက် ဆိုပြတာနဲ့ ရနေတာ"

"ကဲ...ဆိုပြပါဦး"

"၁။ ဝါဆိုလေးနာရီခွဲ ပြာသို ငါးနာရီခွဲ
မှတ်မြဲ အရုဏ်တက်၊
၂။ ဝါခေါင်မှ နတ်တော် တစ်လလျှင်
ဆယ်မိနစ်တိုး၍ဖော်၊
၃။ တပို့တွဲမှ နယုန် တစ်လလျှင် ဆယ်မိနစ်
ဆုတ်၍ပုံ၊မှတ်တဲ့ အရုဏ်တက်တဲ့။

အရုဏ်တက်ပုံနဲ့ ပတ်သက်လို့ မှတ်ရလွယ်ကူဆုံး လင်္ကာလေးပဲ"

"အဓိပ္ပါယ်ရှင်းပြပါဦး ကိုလေးရဲ့"

"၁။ ဝါဆိုလေးနာရီခွဲ၊ ပြာသို ငါးနာရီခွဲ မှတ်မြဲအရုဏ်တက် ဆိုတာက ဝါဆိုလမှာ လေးနာရီခွဲ အရုဏ်တက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြာသိုလမှာ ငါးနာရီခွဲ အရုဏ်တက်တယ်၊ အဲဒါ မှုသေ မှတ်ထားလိုက်ပါတဲ့၊

၂။ ဝါခေါင်မှ နတ်တော် တစ်လလျှင် ဆယ်မိနစ်တိုး၍ ဖော် ဆိုတာက ဝါခေါင်လကနေ နတ်တော်လအထိ ငါးလကို ဆယ်မိနစ်တိုး၍ သွားပါတဲ့။

ဥပမာ ဝါခေါင်လ အရုဏ်တက်ချိန်ကို သိချင်တယ်ဆိုပါတော့၊ ဝါဆိုလမှာ လေးနာရီခွဲ အရုဏ်တက်တယ် ဆိုတာကိုမှုသေ မှတ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ကိုလေး"

"ဝါဆိုလ အရုဏ်တက်ရာ လေးနာရီခွဲထဲကို ဆယ်မိနစ် တိုးလိုက်၊ လေးနာရီ မိနစ်လေးဆယ် ဖြစ်လာမယ်၊ ဒီလေးနာရီ မိနစ်လေးဆယ်ဟာ ဝါခေါင်လအတွက် အရုဏ်တက်ချိန်ပဲ၊ အထက်ကအတိုင်း ဝါဆိုလကနေပြီး နတ်တော်လအထိ ဆယ်မိနစ်စီ တိုးသွားပေတော့၊ နတ်တော်လကျတော့ ငါးနာရီနှစ်ဆယ်ဖြစ်လာမယ်၊ နတ်တော်လ အရုဏ်တက်ချိန်ပေါ့၊ ရှင်းရဲ့လား"

"ရှင်းပါတယ် ကိုလေးရဲ့၊ ဆက်ပြောပါ"

"၃။ တပို့တွဲမှနယုန် တစ်လလျှင် ဆယ်မိနစ်ဆုတ်၍ပုံ မှတ်တဲ့ အရုဏ်တက်ဆိုတာက တပို့တွဲကနေ နယုန်လအထိ ငါးလကို ဆယ်မိနစ်စီ နုတ်သွားရမယ်တဲ့၊

ဥပမာ- တပို့တွဲလ အရုဏ်တက်တယ်လို့ မှုသေမှတ်



ထားတဲ့အထဲက ဆယ်မိနစ် နုတ်လိုက် ငါးနာရီ မိနစ်နှစ်ဆယ် ဖြစ်လာမယ်၊ အဲဒီ ငါးနာရီ မိနစ်နှစ်ဆယ်ဟာ တပို့တွဲလ အရုဏ်တက်ချိန်ပေါ့။

တပို့တွဲလကနေ နယုန်လအထိ ဆယ်မိနစ်စီ နုတ်သွားပေတော့၊ နယုန်လ လေးနာရီ မိနစ်လေးဆယ် အရုဏ်တက်တဲ့ အထိပေါ့"

"ခုမှ ရှင်းသွားတော့တယ်၊ ရဟန်းတော်တွေလည်း ည (၁၂)နာရီကျော်ရုံနဲ့ စားလို့မရဘူးပေါ့နော် ကိုလေး"

"အတူတူပဲပေါ့ ညီမလေးရယ်၊ ဝိကာလဘောဇန သိက္ခာ ပုဒ်ဆိုတာက ရဟန်းရော လူရော စောင့်ထိန်းရပုံချင်း အတူတူ ပဲ၊ တစ်ခုတော့ ရှိတယ် ညီမလေးရဲ့၊ လောကီနည်းမှာတော့ ည(၁၂)နာရီကျော်ရင် တစ်နေ့ကူးတယ်လို့ သတ်မှတ်ကြ တယ်၊ နာမည်ပေးတာကိုပဲ ကြည့်လေ၊ ည (၁၂)နာရီ ဟို ဘက် မွေးတဲ့ကလေးဆိုရင် ဟိုဘက်နေ့နံအရပဲ နာမည်ပေးကြတယ်၊ ဗုဒ္ဓဘာသာ သာသနာနည်းကတော့ အရုဏ်တက်မှပဲ တစ်နေ့ကူးတယ်လို့ သတ်မှတ်ထားတယ်၊ လောကီနည်းနဲ့တော့ သွားကြည့်လို့မရဘူး၊ နောက်တစ်ဆင့်တက်ပြီး စဉ်းစားရင် သီလဆိုတာ အသက်ထက်ဆုံး စောင့်ထိန်းရတဲ့ သီလ၊ မိမိစွမ်းနိုင်သလောက် ကာလပိုင်းဖြစ်ပြီး စောင့်ထိန်းလို့ရတဲ့ သီလဆိုပြီး နှစ်မျိုးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ထက်ဆုံး စောင့်ထိန်းရတဲ့ သီလကတော့ ငါးပါး သီလမျိုးပေါ့၊ မိမိစွမ်းနိုင်သလောက် ကာလပိုင်းဖြတ်ပြီး စောင့် ထိန်းရတဲ့ သီလကတော့ ရှစ်ပါးသီလတို့ ဆယ်ပါးသီလတို့ ပေါ့"

"ကိုလေး၊ကာလပိုင်းဖြတ်ပြီးစောင့်ထိန်းတယ်ဆိုတာက"

"ကာလပိုင်းဖြတ်ပြီး စောင့်ထိန်းတယ်ဆိုတာက ကိုယ့်ရဲ့ကျန်းမာရေး၊ ကိုယ့်ရဲ့လုပ်ငန်း အခြေအနေကြည့်ပြီး တရားနာယူခိုက် တစ်ထိုင်ပဲ စောင့်ထိန်းမယ်၊ ဒါမှမဟုတ် တစ်နာရီဖြစ်စေ၊ နာရီဝက်ဖြစ်စေ၊ တစ်ပတ်ဖြစ်စေ စောင့်ထိန်းမယ်ဆိုပြီး ကိုယ့်ကိုယ်ကို ကာလပိုင်းဖြတ်တာ၊ တစ်နည်း ပြောရရင် အဓိဋ္ဌာန်တာပေါ့၊

"ညီမလေးမေးတဲ့ ဝိကာလဘောဇန သိက္ခာပုဒ်က ကိုယ်စွမ်းနိုင်သလောက် ကာလပိုင်းဖြတ်ပြီး စောင့်ထိန်းလို့ရတဲ့ သီလထဲမှာ ပါတယ်လေ။

ဒီတော့ စောင့်ထိန်းတဲ့သူအပေါ်မှာပဲ မူတည်တယ်၊ ကိုယ်ကတစ်ရက် စောင့်ထိန်းမယ်ဆိုရင်တော့ သီလယူပြီးချိန်ကနေ နောက်တစ်နေ့ အရုဏ်တက်ချိန်အထိ အကျုံးဝင်တယ်၊ အရုဏ်မတက်ခင်အတွင်း ဘာသိက္ခာပုဒ်မှ မပျက်စီးစေရဘူးလေ"

"သိက္ခာပုဒ် တစ်ပါးပျက်ရင် ကျန်တဲ့ သိက္ခာပုဒ်တွေပါ ပျက်ရောလား ကိုလေး"



"ဒါက...ဒီလိုရှိတယ် ညီမလေးရဲ့၊ သီလယူတဲ့နေရာမှာ တစ်ပေါင်းတည်းယူနည်း၊ တစ်ပါးချင်းယူနည်းဆိုပြီး နှစ်နည်း ရှိပြန်တယ်၊ အဲဒီမှာ တစ်ပေါင်းတည်းယူခဲ့ရင် တစ်ပါးပျက်ရင် အကုန်ပျက်တယ်၊ တစ်ပါးစီ ယူခဲ့ရင်တော့ တစ်ပါးပျက်ပေ မယ့် ကျန်တဲ့အပါးတွေ မပျက်ပါဘူး"

"တစ်ပေါင်းတည်း ယူတယ်ဆိုတာက"

"တစ်ပေါင်းတည်း ယူပုံက–

အဟံ ဘန္တေ တိသရဏေနသဟ ပဉ္စသီလံ သမာဒိ ယာမိ အဋ္ဌ ဥပေါသထင်္ဂါနိ သမာဒိ ယာမိ (လယ်တီ)

ပဉ္စင်္ဂ သမန္နာဂတံ သီလံ သမာဒိယာမိ(ဦးဗုဓ်)

ဒီပုံစံကခုခေတ် ယူခဲ့ကြပါတယ်၊ အချိန်မရတဲ့အခါမျိုး ဥပမာ တရားပွဲတစ်ပွဲမှာ အချိန်သိပ်မရကြဘူး ဆိုပါတော့ အဲဒီ အခါကျရင်တရားဟော ဆရာတော်ကအချိန် မကုန်အောင် အထက်ကတစ်ပေါင်းတည်း ယူနည်းနဲ့ပဲဆိုပေးလိုက်တယ်လေ၊ တချို့တရားပွဲတွေမှာတော့ ရှိတတ်ပါတယ်"

"ဒါဆို ခုခေတ် ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဲဒီလို ယူနေကြတာ တစ်ပါးချင်းယူနည်းပေါ့နော်ကိုလေး"

"ဟုတ်တယ်လေ"

"ဒီလိုဆို ခုခေတ်ယူနေတဲ့ ယူနည်းက တစ်ပါးပျက်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့်၊ ကျန်တဲ့အပါးတွေ မပျက်တော့ဘူးပေါ့"

"ဟုတ်တယ် မပျက်တော့ပါဘူး"

"ကဲပါလေ ကိုလေးကို မေးလက်စနဲ့ ဆက်မေးလိုက်ပါဦးမယ်"

"ကဲ... မေးပါဦးဗျာ"

"တချို့က ပြောတယ်၊ အရက်မူးလာတဲ့သူက သီလတောင်းရင် မပေးကောင်းဘူးဆို"

"ဒီမေးခွန်းမေးတာ ညီမလေးကို သိပ်ကျေးဇူးတင်ပါတယ်၊ ကဲ...ရှစ်ပါးသီလကိုပဲ ကိုင်ပြီး ပြောပြမယ်၊ အဲဒီ ရှစ်ပါးသီလမှာ ဋ္ဌာနသဒ္ဒါပါတဲ့ သိက္ခာပုဒ် နှစ်ပုဒ်ရှိတယ်။ ဘာတွေလဲဆိုတော့ နံပါတ် (၅) သုရာမေရယ မဇ္ဇပမာဒ ဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိနဲ့ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဲဒီမှာ ကြည့် မဇ္ဇပမာဒဋ္ဌာနမှာ ဋ္ဌာနသဒ္ဒါပါတယ်၊ ဝိဘူသနဋ္ဌာနမှာ ဋ္ဌာန သဒ္ဒါပါတယ်။ ဋ္ဌာနရဲ့ အနက်က ကာရဏ၊ ကာရဏနဲ့ အဓိပ္ပါယ်ကအကြောင်း၊ ဆိုလိုတာက ဋ္ဌာနသဒ္ဒါဟာ အကြောင်းဆိုတဲ့ အနက်ကို ဟောတယ်။ ဋ္ဌာနံ ဝေရမဏီ– အကြောင်းကို ရှောင်ကြဉ်ပါ၏၊ ဒီလိုဆိုရမှာ မဟုတ်လား"

"ဟုတ်ကဲ့"



"လိုရင်း အနှစ်ချုပ်ပြောရရင် အကြောင်းကို ရှောင်ကြဉ်ခိုင်းတာ၊ အကျိုးကို ရှောင်ခိုင်းတာ မဟုတ်ဘူး၊ ဒီတော့ ညီမလေးကို ပြန်မေးမယ်၊ အရက်သောက်တာနဲ့ အရက်မူးတာ ဘယ်ဟာက အကြောင်း၊ ဘယ်ဟာက အကျိုးလဲ"

"အရက်သောက်တာက အကြောင်း၊ အရက်မူးတာက အကျိုးပေါ့ ကိုလေးရဲ့"

"ဒါဆို သောက်တာကို ရှောင်ခိုင်းတာလား၊ မူးတာကို ရှောင်ခိုင်းတာလား"

"သောက်တာကို"

"ဟုတ်ပြီ၊ အကြောင်းနဲ့အကျိုး ယှဉ်လာရင် အကြောင်းက အဓိကကျတာကိုး၊ ဒါကြောင့် အကြောင်းကို ရှောင်ခိုင်းတာ၊ သောက်ခြင်းအကြောင်းက အတိတ်မှာ သောက်ခဲ့ပြီးပြီ၊ ဘာမှ လုပ်လို့မရတော့ဘူး၊ လက်ရှိမူးတဲ့ အကျိုးအပြစ်ကိုသိလို့ သီလတောင်းလာရင် ပေးကောင်းပါတယ်"

"ဒီလိုဆို ပန်းပန်တာ၊ နံ့သာလိမ်းတာတို့လည်း အတူတူပေါ့နော် ကိုလေး"

"ဟုတ်တာပေါ့ အတူတူပေါ့ ညီမလေးရယ်၊ ဒါပေမယ့် သီလယူမယ်လို့ အဓိဋ္ဌာန်ပြုပြီးမှ မယူခင်လေးဝိနည်းလွတ် အရက်သောက်တာတို့၊ ပန်းပန်တာတို့ကျတော့ ဘယ်ကောင်းပါ့မလဲ၊ မျှော်လင့်မထားဘဲ ဖြစ်တာကိုပြောတာ၊ သိလျက်နဲ့ ကြံလုပ်တာမျိုးကျတော့ မသင့်ဘူးလေ၊

www.burmeseclassic.com

www.burmeseclassic.com



သီလမယူခင် စိတ်ရော ရုပ်ရော သန့်ရှင်းနေတာ အကောင်းဆုံးပေါ့"

"ခုလို ဖြေကြားပေးတဲ့ ကိုလေးကို ညီမလေးက ကျေးဇူးတင်ပါသတဲ့ရှင်"

"ကိုလေးကို ကျေးဇူးမတင်နဲ့၊ ဆရာတော် ရဝေထွန်းကို ကျေးဇူးတင်၊ ဟိုတလောက ဆရာတော့်ဆီရောက်ရင်း ဒီအကြောင်းတွေ သိခဲ့ရတာ၊ ဒါနဲ့ စကားစပ်မိလို့ တစ်လက်စတည်းပြောရဦးမယ်"

"ပြောပါဦး ကိုလေး ဘာကိုလဲ"

"ဒီခေတ်မှာ မွန်းလွဲ (၁၂)နာရီ နောက်ပိုင်း ညနေတို့ ဘာတို့မှာပေါ့၊ ဘုရားကိုသစ်သီးဆွမ်းတွေ ဘာတွေ ကပ်နေကြတယ်"

"ဟင်း... မကပ်ကောင်းဘူးလား"

"မကပ်ကောင်းဘူး ညီမလေးရဲ့၊ မြတ်စွာဘုရားက အရဏ်တက်ချိန်ကနေ မွန်းလွဲ (၁၂)နာရီအတွင်းပဲ ဘုဉ်းပေးသုံးဆောင်တယ်လေ၊ အဲဒီကကျော်ရင် ဘုဉ်းမပေးတော့ဘူး၊ အကပ်လည်း မခံတော့ဘူး၊ ဖျော်ရည်တို့ ဘာတို့တော့ ကပ်ကောင်းပါတယ်"

"ဒီခေတ်မှာတော့ အိမ်တိုင်းလိုလို ကပ်နေကြတာပဲနော်၊ မြတ်စွာဘုရားက ဒီဝိကာလဘောဇန သိက္ခာပုဒ်ကို ဘယ်အချိန်ကစပြီး ရှောင်ကြဉ်ခဲ့တာလဲ ကိုလေး"



"အနော်မာမြစ်ကမ်းမှာ ရဟန်းပြုချိန်ကစပြီး ရှောင်ကြဉ်ခဲ့တာလေ"

"သြော်"

"ကဲ...တော်ဦးစို့ကွယ်"

"ဟုတ်ကဲ့ ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com

# ဘဝတိုင်းဆုံတွေ့ချင်ပါသလား

"ကိုလေးရေ ဒီမှာကြည့်ပါဦး၊ သတင်းစာထဲမှာ"

"ဖတ်ပြပါဦး၊ ဘာပါလို့လဲ"

"ဆယ်နှစ်မြောက်မင်္ဂလာ ကိုမောင်မောင်နိုင်–မဇင်မာဝေတဲ့၊ သူ့အောက်တည့်တည့်မှာကျတော့ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကိုစိုးသိန်း+မစန္ဒာတဲ့"

"ဘာလဲ အဲဒါတွေက ညီမလေး အသိတွေ ဖြစ်နေလို့လား"

"မသိပါဘူး ကိုလေးရဲ့၊ စာတစ်စုတည်းမှာ ဖတ်ရသူအဖို့ ခံစားမှုနှစ်မျိုး တစ်ပြိုင်တည်း ပေးနေလို့"

"ဘယ်လိုခံစားမှုမျိုး တစ်ပြိုင်တည်း ပေးနေလို့လဲ"

"ဒီလို ကိုလေးရဲ့ အထက်က ဆယ်နှစ်မြောက်မင်္ဂလာသတင်းဖတ်ရတော့ စိတ်ထဲ ဝမ်းမြောက်မိတယ်ပေါ့၊ အောက်ကနှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းသတင်း ဖတ်ရတော့



စိတ်မကောင်း ဖြစ်မိတယ်၊ အဲဒီသဘောကို ပြောတာပါ ကိုလေးရဲ့"

"ဒီလိုပါပဲ ညီမလေးရယ်၊ ကိုယ်နဲ့ မဆိုင်ပေမယ့် ဝမ်းသာစရာရှိရင် ဝမ်းသာပေးမယ်၊ ဝမ်းနည်းစရာရှိရင် ဝမ်းနည်းပေးမယ်၊ ဒါ မြန်မာတွေရဲ့ ဓလေ့စရိုက် တစ်ခုပဲလေ"

"ညီမလေး စာတစ်ခုထဲမှာ ဖတ်ရဖူးတယ် ကိုလေးရဲ့ မြန်မာတွေမှာ ချစ်စရာ၊ ကြည်ညိုစရာ ကောင်းတဲ့ဓလေ့စရိုက် တွေ အများကြီးရှိတယ်တဲ့၊ အဲဒီ ဓလေ့စရိုက်တွေထဲမှာ တစ်လင်တစ်မယားစနစ်ဟာလည်း တစ်ခုအပါအဝင် ဖြစ်တယ်တဲ့၊ တစ်လင် တစ်မယားစနစ်ဟာ တစ်ရွေ့ရွေ့ ကွယ်ပျောက်နေပြီလား မသိဘူးနော်၊ နောက်ရှိသေးတယ် ကိုလေးရဲ့၊ အထီးကျန်မှု များစွာတွေထဲမှာ အိမ်ထောင်ရေး အထီးကျန်မှုဟာ အပြင်းထန်ဆုံး ခံစားမှုကို ဖြစ်စေတယ်တဲ့၊ ပြီးတော့ အိမ်ထောင်ရေး အထီးကျန်မှုဟာ အသက်ကို တိုစေတယ်လို့လည်း ဖတ်ဖူးတယ်၊ ဟုတ်လားတော့ မသိဘူး"

"ငါ့ညီမကတော့ စာစုံဖတ်ထားတာပဲ"

"ကိုလေးပဲ စာစုံဖတ်ဆို"

"ကိုယ်စကားနဲ့ ကိုယ့်ကို ပြန်ပြောနေတော့ ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး၊ ဟုတ်တယ် ညီမလေးရဲ့ အိမ်ထောင်ရေး ပဋိပက္ခဖြစ်လာရင် ကာယကံရှင်တွေတင် မကဘူး၊ သူတို့နဲ့နွယ်တဲ့ ကလေးတွေပါ စိတ်ဒုက္ခရောက်ရတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုလေးရဲ့၊ သတင်းစာမှာ တစ်ပုဒ်ပါသေးတယ်၊ နိဗ္ဗာန်မရောက်သေးခင် သံသရာခရီးတစ်လျှောက် ထာဝရ လက်တွဲသွားရပါလို၏တဲ့၊ အဲဒီဆုတောင်းလေးက လှတယ်နော်၊ ဒါနဲ့ နေပါဦး ကိုလေးရဲ့၊ သူတို့ ဆုတောင်းတဲ့အတိုင်း လောကမှာ သံသရာခရီးတစ်လျှောက် နိဗ္ဗာန်ရတဲ့အထိပေါ့၊ ထာဝရလက်တွဲသွားလို့ရနိုင်ရဲ့လား ကိုလေးရဲ့"

"ရတာပေါ့ ညီမလေးရဲ့ ဘုရားဟော ပါဠိတော်တွေထဲမှာ အများကြီးတွေ့ရပါတယ်။ တွေ့ရုံတင်မကဘူး နိဗ္ဗာန်မရမီ ဘဝတိုင်း ဆုံတွေ့ချင်သူတွေအတွက် လမ်းညွှန်ဟောကြားထားတာတွေတောင် ရှိသေးတယ်"

"ဟာ... ဟုတ်လား ကိုလေးရဲ့၊ စိတ်ဝင်စားစရာပဲ၊ ဘဝတိုင်း ဆုံတွေ့ချင်ရင် ဘာလုပ်ရမလဲ ပြောပြပါဦး"

"အဲဒီအကြောင်း အင်္ဂုတ္တရနိကာယ် ပုညာဘိသန္ဒဝဂ် ပထမ သမဇီဝိသုတ်မှာ ဟောထားတာ ရှိတယ်"

"ပြောပါဦး ကိုလေး"

"ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေသကဠာတောမှာ မြတ်စွာဘုရား သီတင်းသုံးစဉ်တုန်းကပေါ့၊ မြတ်စွာဘုရားက နံနက်ရောက်တော့ သင်းပိုင်၊ ကိုယ်ဝတ်တွေကို သေသပ်စွာပြန်ဝတ်၊ သပိတ်၊ သင်္ကန်းကိုယူပြီး နကုလပိတာနဲ့ နကုလမာတာတို့ ဇနီးမောင်နှံအိမ်ကို ကြွသွားတယ်၊ အကြောင်းမဲ့ကြွတာတော့ မဟုတ်ဘူး။ ရှိခဲ့ဖူးတဲ့ကျေးဇူးကို



ပြန်ဆပ်ချင်လို့၊ ဒီလို ညီမလေးရဲ့၊ နကုလပိတာဟာ ဘဝငါးရာ မြတ်စွာဘုရားရဲ့ ဖခင်၊ ဘဝငါးရာ မြတ်စွာဘုရားရဲ့ ဘထွေး (ဦးလေး) ဖြစ်ခဲ့ ဖူးတယ်၊ ဒီအတူပဲ နကုလမာတာဟာလည်း ဘဝငါးရာ မြတ် စွာဘုရားရဲ့ မိခင်၊ အဘွား၊ မိထွေး (ဒေါ်လေး၊ အရီး) ဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် ကြွသွားတာ။

အိမ်ရောက်တော့ ဘဝအဆက်ဆက် သံယောဇဉ်ဖြစ်ခဲ့တဲ့ အတွက် နကုလပိတာတို့ ဇနီးမောင်နှံဟာ မြတ်စွာဘုရားကို 'ချစ်သား ချစ်သား' လို့ နှုတ်က အလိုလို ထွက်ခေါ်မိတဲ့အထိ ဖြစ်သွားတယ်၊ ပြီးတော့ နကုလပိတာတို့ဟာ မြတ်စွာဘုရား ကို မြင်တာနဲ့တစ်ပြိုင်နက် သောတာပန်ဖြစ်သွားတယ်၊ နောက် မြတ်စွာဘုရားက နကုလပိတာတို့ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူတယ်ပေါ့လေ။ အဲဒီအခါမှာ နကုလပိတာက မြတ်စွာဘုရားကို ဒီလို လျှောက်တယ်။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရားတပည့်တော်သည် ငယ်ရွယ်စဉ်အခါကပင်လျှင် ငယ်ရွယ်သော နကုလမာတာကို ထိမ်းမြားလက်ထပ်ခဲ့ပါတယ်။ လက်ထပ်ထိမ်းမြားချိန်ကစပြီး ယနေ့အထိ နကုလမာတာမှ တစ်ပါးအခြားသော အမျိုးသမီးနှင့်ဖောက်ပြန် ကျူးလွန်ခြင်း မရှိပါ၊ မြတ်စွာဘုရား တပည့်တော်သည် ယခုမျက်မှောက်ဘဝ၌လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုများစွာနဲ့ မခွဲမခွာ သက်ဆုံးတိုင် ထာဝရလက်တွဲသွားလိုပါတယ် ဘုရား၊ အဲဒီအတွက် ဘယ်လိုကျင့်ကြံနေထိုင်ရမယ်ဆိုတာကို လမ်းညွှန်တော်မူပါဘုရား'

"နကုလပိတာက မြတ်စွာဘုရားကို အဲဒီလို လျှောက်ပြီးတော့ နကုလမာတာကလည်း အားကျမခံ တပည့်တော်မသည် နကုလပိတာမှတစ်ပါး အခြားသော အမျိုးသားနှင့် ဖောက်ပြန်ကျူးလွန်ခြင်း မရှိပါ။ ဘာညာပေါ့လေ နကုလပိတာ ပြောတဲ့အတိုင်း ပြန်လျှောက်တယ်၊ ဒီနေရာမှာ နကုလပိတာတို့ ကိစ္စကို စကားရပ်ပြီး ပြောစရာတစ်ခုကို သတိရတယ်"

"ပြောပါဦး ကိုလေး ဘာကိုလဲ"

"လူနှစ်ယောက်ဟာ အခုပစ္စုပ္ပန်ဘဝမှာ တွေ့ကြုံဆုံတွေ့ပေါင်းသင်းရတာဟာ အကြောင်းနှစ်ချက်ကြောင့်ပဲတဲ့၊ ဇာတကအဋ္ဌကထာ ပထမအုပ်မှာ ဂါထာတစ်ပုဒ် ပြထားတယ်။

အဲဒီဂါထာက–

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ၊

ဧဝံတံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထော ဒကေ၊

အနက်ပါ တစ်ခါတည်း ပြန်ပြမယ်နော်"

"ဟုတ်ကဲ့ ကိုလေး"

"ဥပ္ပလံဝါ–ကြာညို၊ ကြာဖြူ၊ ကြာနီသည်လည်းကောင်း၊ အညံဝါ–အခြားသော ပဒုမ္မာစသော ကြာသည်လည်းကောင်း၊ ဥဒကေ–ရေ၌၊ ဇယမာနံ–ပွင့်ထွန်းပေါ်ပေါက်လာသည်ရှိသော်၊ ဒွိဟိကာရဏေဟိ–ရေနှင့် ညွန်ဟူသော နှစ်ပါးသော အကြောင်းတို့ကြောင့်၊ ဇာယတေယထာ–ဖြစ်ပေါ်လာရသကဲ့သို့။ တထာ–ထို့အတူ၊ တံပေမံ–ထိုချစ်ခြင်းသည်၊ ပုဗ္ဗေ–ရှေ့ဘဝ၌၊ သန္နိဝါသေနဝါ– အတူတကွ နေထိုင်ခဲ့ရခြင်းကြောင့်လည်း ကောင်း၊ ပစ္စုပ္ပန္နဟိတေနဝါ–ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ ဧဝံ–ဤနှစ်ပါးသော အကြောင်းတို့ကြောင့်၊ ဇာယတေ–ဖြစ်၏"

"အဓိပ္ပါယ် ပြောပြပါဦး ကိုလေးရဲ့"

"ကြာညို၊ ကြာဖြူ၊ ကြာနီ၊ ပဒုမ္မာကြာ စသည်တို့ ဖူးပွင့်ပေါ်ထွက်ရခြင်းဟာ ရေနဲ့ညွန်နှစ်ပါးသော အကြောင်းကြောင့် ဖြစ်ပေါ်ရသလို ဒီအတူပဲတဲ့၊ လူနှစ်ယောက်အခု ပစ္စုပ္ပန်ဘဝမှာချစ်ခင်တွေ့ကြုံပေါင်းသင်းရ ခြင်းဟာလည်း...

၁။ အတိတ်ဘဝ၌ အတူတကွ နေထိုင်ခဲ့ရခြင်း

၂။ ယခု ပစ္စုပ္ပန်ဘဝ၌ (မိမိ ပေါင်းသင်းရတဲ့သူရဲ့) အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်း၊ အဲဒီ အင်္ဂါနှစ်ချက်ကြောင့်ပဲတဲ့ ညီမလေးရဲ့"

"အဲဒီအကြောင်း ကိုလေးပြောပြမှပဲ ကြားဖူးတော့တယ်"

"ကဲ အဲဒီဟာ ဒီမှာရပ်လိုက်တော့၊ နကုလပိတာတို့အကြောင်း ပြန်ဆက်ရအောင်၊ နကုလပိတာတို့က မေးတော့ မြတ်စွာဘုရားက ပြန်ဖြေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'နကုလပိတာနှင့် နကုလမာတာတို့၊ သင်တို့ဟာ ယခုဘဝသာမက နောင်သံသရာ ဘဝအဆက်ဆက် ထာဝရ ပေါင်းသင်းနေထိုင်သွားလိုလျှင်–

၁။ တူညီသော သဒ္ဓါတရားရှိခြင်း၊

၂။ တူညီသော သီလရှိခြင်း၊

၃။ တူညီသော ပေးကမ်းစွန့်ကြဲမှုရှိခြင်း၊

၄။ တူညီသော ဉာဏ်ပညာရှိခြင်း ဤအင်္ဂါလေးပါးနှင့် ပြည့်စုံပါက သင်တို့ အလိုရှိတဲ့အတိုင်း ဖြစ်စေရမည်လို့ မိန့်တော်မူတယ်၊ မိန့်ပြီးတော့ ကျောင်းကို ပြန်ကြွသွားတော်မူတယ်ပေါ့လေ"

"ဒီနေရာမှာ ကိုလေးကို စောဒကတစ်ခု ဝင်ချင်တယ်"

"ဝင်ပါဦး"

"နံပါတ်(၄) တူညီသော ဉာဏ်ပညာရှိခြင်းဆိုတဲ့ နေရာမှာ ဥပမာပေါ့လေ၊ ယောက်ျားက ဘီအက်စ်စီဘွဲ့ရတယ်၊ မိန်းမက ဆယ်တန်းမအောင်ဘူး၊ အဲဒီလိုဆိုရင် ဘယ်လို လုပ်မလဲ၊ လောကမှာ ပညာတူဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ ကိုလေးရဲ့"

"ဟာ ငါ့ညီမကတော့ လုပ်ပြီ၊ တူညီသောဉာဏ်ပညာရှိခြင်းဆိုတာ လောကီအတန်းပညာကို ပြောတာမဟုတ်ဘူး ငတုံးမလေးရဲ့"

"ဒါဖြင့် ဘာကိုပြောတာလဲ အစ်ကိုပညာရှိကြီးရဲ့"



"ဉာဏ်ပညာ တူရမယ်ဆိုတာ ကောင်းတာကိုလုပ်ရင် ကောင်းတဲ့အကျိုးခံစားရမယ်၊ မကောင်းတာကိုလုပ်ရင် မကောင်းတဲ့အကျိုး ခံစားရတယ်၊ အဲဒီလို အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားဝေဖန်နိုင်တဲ့ ဉာဏ်ပညာမျိုးကို ပြောတာ ငတုံးမလေးရဲ့"

"သြော်...ဟုတ်လား"

"ကဲ ညီမလေးရေ ဒီလောက်ဆို တော်ရောပေါ့၊ မေးစရာရှိရင် နောက်မှပဲ ဆက်မေးတော့၊ ကိုလေး မြို့ထဲ သွားစရာရှိသေးတယ်"

"ဟုတ်ကဲ့ ကိုလေး"

www.burmeseclassic.com

www.burmeseclassic.com

# ဝသုန္ဒြေရီဆံရေညှစ်ပါသလား

"ကိုလေး"

"နောက်မှကိုလေးလုပ် လွှယ်အိတ်ကို အရင်သွား ထားဦး"

"ရပါတယ် ကိုလေးရဲ့၊ ဒီမှာ သင်တန်းက ပြဿနာပါ လာလို့"

"ဘာပြဿနာတုန်း"

"ညီမလေးတို့ ကွန်ပျူတာသင်တန်းမှာ သူငယ်ချင်း မိန်းကလေးတစ်ယောက်က ပန်းချီဝါသနာပါတယ် ကိုလေးရဲ၊ သူကမော်ဒန်တို့ဘာတို့တော့ ဝါသနာမပါဘူး ရိုးရာပန်းချီ သက်သက်ပဲ ဝါသနာပါတာ၊ အဲဒါ သင်တန်းမှာ သူဆွဲထား တဲ့ ပုံတွေယူယူလာပြီး ပြတတ်တယ်ကိုလေးရဲ့၊ ဒီနေ့ သူယူ လာတဲ့ပုံက "ဝသုန္ဒြေရီ ဆံရေညှစ်"တဲ့ ပြဿနာက အဲဒီမှာစ ဖြစ်တာ၊ ညီမလေးက ဝသုန္ဒြေရီနတ်သမီးဆံရေညှစ်တာ ထေရဝါဒမှာ မရှိဘူးလို့ ကြားဖူးတာကိုး၊ ဒါကြောင့် ဒီပုံဟာ



ထေရဝါဒမှာ မရှိဘူးလို့ ပြောမိတာပေါ့၊ သူကရှိတယ် ညီမလေးက မရှိဘူး ဒီလိုနဲ့ ငြင်းကြတာ ဘေးကသူငယ်ချင်း တွေကတော့ ဂဃနဏ မသိလို့ဘာမှ ဝင်မပြောကြဘူး၊ သူက အထောက်နဲ့ပြောတာ သူ့မှာ ဝသုန္ဒြေရီ နတ်သမီးဆံရေညှစ်နေ တဲ့ ရှေးဟောင်းရုပ်တုဓာတ်ပုံရှိတယ်တဲ့၊ အဲ့ဒီပုံကိုကြည့်ပြီး သူ့အိုင်ဒီယာနဲ့ ပြန်ဆွဲထားတာတဲ့၊ ပြီးတော့ သူကပြောသေး တယ်၊

"ဖြည်းဖြည်းပြောပါ ညီမလေးရဲ့"

"သူကဘာပြောသလဲဆိုတော့ ဟိုတလောက တီဗွီမှာ ရွှေတိဂုံဘုရားသမိုင်း ပြဇာတ်လာသွားတယ်လေ၊ မြတ်စွာ ဘုရားက ဗောဓိပင်အောက်မှာ သဗ္ဗညုတဉာဏ်ရတော့ မာရ် နတ်က ပလ္လင်တော်လာလုတဲ့ အခန်းလေး မာရ်နတ်က ဂိရိမေခလာဆင်စီးပြီးတော့လေ နောက်ပါစစ်သည်တွေနဲ့၊ အဲ့ဒီအချိန်မှာ ဝသုန္ဒြေရီနတ်သမီးအဖြစ် သရုပ်ဆောင်တဲ့ မင်း သမီး ပေါ်လာတယ်၊ ဝသုန္ဒြေရီနတ်သမီးက သူရဲ့ဆံရေတွေ ညှစ်ချလိုက်တာ မာရ်နတ်နဲ့စစ်သည်အပေါင်း ရေထဲမျောပါ ကုန်တာလေ၊ သူငယ်ချင်းက အဲဒါကိုးကားပြီးပြောတော့ ညီမလေးက ဘာပြောရမှန်းတောင် မသိတော့ဘူး၊ အဲ့ဒါ ဝသုန္ဒြေရီ ဆံရေညှစ်မညှစ် ပြောစမ်းပါဦး"

"ဝသုန္ဒြေရီ ဆံရေညှစ်တဲ့ ပြဿနာက ဘယ်ခေတ်ကာလ လောက်ကတည်းက ပေါ်ခဲ့တယ်ဆိုတာတော့ မပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကြာတော့ကြာလောက်ပြီထင်တယ်၊ ဒါပေမယ့် ခေတ်ကာလအဆက်ဆက် စာပေပရိယတ္တိ ကျွမ်းကျင်တဲ့ ဆရာတော်တွေကတော့ ဝသုန္ဓရီဆံရေမညှစ်တဲ့အကြောင်း ခေတ်အဆက်ဆက် ဖြေကြားပေးခဲ့တာ၊ ဒီနေ့ခေတ်အထိပဲ၊ စောစောက ညီမလေးပြောတဲ့ ဇာတ်လမ်းကိုလဲ ကိုလေး ကြည့်လိုက်ရပါတယ်၊ ကျန်တဲ့ဇာတ်လမ်းတွဲတွေမှားတာ သိပ်ပြီး ကိစ္စမရှိဘူး၊ ခုလိုဘာသာရေး ဇာတ်လမ်းတွေကျတော့ ကိစ္စရှိလာပြီ ဒါကြောင့် ဒီလိုဘာသာရေး ဇာတ်လမ်းတွေ ရိုက်ပြီဆိုရင် ထေရဝါဒပရိယတ္တိစာပေလဲ ကျွမ်းကျင်၊ ခေတ်အမြင် ခေတ်အတွေးအခေါ်လဲရှိတဲ့ ဆရာတော်တွေနဲ့ တိုင်ပင်ပြီး လုပ်သင့်တယ်၊ ဥပမာ ဆရာတော်ရဝေထွန်းတို့၊ ဆရာတော်မာဂဓီ (သာစည်) တို့ပေါ့၊ ကိုလေးတောင် ဆရာတော် ရဝေထွန်းဆီရောက်တော့ အဲဒီဇာတ်ကားအကြောင်းပြောဖြစ်သေးတယ်၊ သူတို့ယူဆတဲ့အလိုက မာရ်နတ်နဲ့ စစ်သည်အပေါင်း မြတ်စွာဘုရားကို လာတိုက်တော့ မြေကြီးကိုစောင့်တဲ့ ဝသုန္ဓရီနတ်သမီးက ဘုရားအလောင်း ဝေဿန္တရာမင်း ဘဝက ကုသိုလ်ပြုပြီး ချခဲ့တဲ့ ရေစက်ဟာ သူ့ခေါင်းပေါ်ကျတာ ခုအထိမခြောက်သေးဘူး ဆိုပြီး ဆံပင်ကိုညှစ်ချလိုက်တာ ကျလာတဲ့ရေတွေက မြစ်ကြီးမြစ်ငယ်ဖြစ်ပြီး မာရ်နတ်နဲ့စစ် သည်တွေ ရေထဲမျောပါကုန်ကြတာတဲ့၊ ဒါ-သူတို့အလို၊ ဒါပေမယ့် အလိုမှားပဲ၊



ခုညီမလေးက မေးလာတော့ တရားဝင်ဖြစ်အောင် ကျမ်းကိုးနဲ့ ပြောမှဖြစ်မယ်။

"ပြောလေ ကိုလေးရဲ့၊ ကျမ်းကိုးကိုပါ ညီမလေးက တခါတည်းသိချင်နေတာ"

"အပါဒါန် အဋ္ဌကထာစာမျက်နှာ(၈၈)မှာ ဖတ်ပြတယ်"

"မယုံ ပန - (လ) ပလာယိံသု "တဲ့

"အဓိပ္ပါယ်ကို ပါဠိအနက်အတိုင်း တိုက်ရိုက်မြန်မာပြန်မယ်နော်"

"ဟုတ်ကဲ့ကိုလေး"

"အချင်းမာရ်နတ်သား ဤအရပ်၌ စိတ်စေတနာရှိသော တစ်စုံတယောက်သော သက်သေသည်မရှိ၊ ဝေဿန္တရာဘဝမှ ကြွင်းသောဘဝတို့၌ ပေးအပ်သော အလှူကိုထားဘိဦး၊ ဝေဿန္တရာဖြစ်၍ သတ္တသတ္တက မဟာဒါနကိုပေးသော ငါ၏အဖြစ်၌ စိတ်စေတနာမရှိသော ဤတခဲနက်သော မဟာ ပထဝီသည် ငါ၏သက်သေတည်းဟု သင်္ကန်းတော်အကြားမှ လက်ယာလက်ရုံးတော်ကို ထုတ်ဖော်တော်မူ၍ "ဝေဿန္တရာ ဖြစ်သောအခါ သတ္တသတ္တက မဟာဒါနကို သင်သိသလော မသိသလော"ဟု မဟာပထဝီသို့ ရှေ့ရှုလက်ညှိုးညွှန်တော်မူလျှင် မြေကြီးသည် "ငါကား သက်သေတည်း"ဟု အထောင်သောမြည်ခြင်း၊ အသိန်းသောမြည်ခြင်းတို့ဖြင့် မြည်၍ မာရ်၏စစ်သည်ကို လွှမ်းမိုးဘိသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား မြတ်ဖြစ်တော်မူသော အသင်သိဒ္ဓတ် သင်လျှုအပ်သော အလှူသည် မြတ်သောအလှူတည်းဟု ပဲ့တင်ထပ်မျှ မြည်၏၊ ဤသို့ ဝေဿန္တရာအလှူကို သုံးသပ်သည်ရှိသော် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်သည်၊ ပုဆစ်တုပ်၍ ဝပ်၏၊ မာရ်နတ်၏ ပရိသတ်အပေါင်းတို့သည်လည်း ပြေးကုန်၏၊ နှစ်ယောက်သောသူတို့သည် တစ်ခရီးတို့တည်း၊ ပြေးသောမည်သည်မရှိ၊ ဦးခေါင်း၌ ဆင်သောတန်ဆာ၊ ခါးဝတ် ပုဆိုးတို့ကို စွန့်၍မျက်နှာရှေးရှုမိရာရာအရပ်သို့သာလျှင် ပြေးကြကုန်၏" တဲ့။

နောက် မူလပဏ္ဏာသအဋ္ဌကထာ ပါသရာသိသုတ်အဖွင့်မှာလဲ "ပါရမီကို ဖြည့်တော်မူသော ငါ့အား တစ်စုံတစ်ယောက်သော ရဟန်း ပုဏ္ဏား လူနတ် ဗြဟ္မာသက်သေသည် မရှိပြီဟု ကြံ၍ မြေကို လက်ညှိုးညွှန်လျှင် မြေကြီးသည်သာလျှင် ပြင်းပြစွာမြည်ဟီး၏"လို့ဆိုတယ်၊ ဝသုန္ဓရီနတ်သမီး ဆံရေညှစ်ပြီး သက်သေခံတယ်လို့ မဆိုပါဘူး။

မနော်သာရဥမင်မှာ ဝသုန္ဓရီနတ်သမီးရုပ်ရေးထားတာတွေ့တော့ တိပိဋကလင်္ကာရဆရာတော်က ထေရဝါဒကျမ်းဂန်မှာ မလာဘူး ဖျက်ဆိုပြီး မိန့်တော်မူလို့ ဖျက်ပေးရတဲ့သာဓကဝတ္ထုတွေလဲ ရှိပါတယ်၊ ဒါကြောင့် ဝသုန္ဓရီဆံရေမညှစ်တဲ့အကြောင်း ညီမလေး သူငယ်ချင်းကို ပြောပြလိုက်ပါ"



"ဟုတ်ကဲ့ ကိုလေး ပြောပြလိုက်ပါ့မယ်၊ ဒါနဲ့ နေပါဦး ကိုလေးရယ် ဒီလို ထေရဝါဒကျမ်းဂန်မလာတဲ့ အယူအဆ တစ်ခုက ဒီနေ့ဒီအချိန်ထိ ဘာဖြစ်လို့ ခိုင်ခိုင်မာမာ ရှိနေရတာလဲ"

"ဒါပြောရတော့ခက်သား ညီမလေးရယ်၊ ကြားဖူးတဲ့ ပုံဝတ္ထုလေး တစ်ပုဒ်အတိုင်း ဖြစ်နေမလားမသိဘူး၊ တခါက မုဆိုးတစ်ယောက် တောထဲမှာသွားရင်း ကျားလိုက်လို့ ထွက်ပြေးရတယ်တဲ့၊ ပြေးမိပြေးရာ ပြေးရင်း သစ်ငုပ် တစ်ခုပေါ် ရောက်သွားတယ်တဲ့၊ ကျားက အာရုံပြောင်းသွားလို့လား မသိပါဘူး၊ သစ်ငုပ်ပေါ်ရောက်နေတဲ့ မုဆိုးကိုအန္တရာယ်မပြုတော့ဘဲ လှည့်ပြန်သွားတယ်တဲ့၊ ဒါကို မုဆိုးက ဘယ်လိုတွေးလုပ်သလဲဆိုတော့"ဒီသစ်ငုပ်ဟာ ငါ့ရဲ့ ကယ်တင်ရှင်၊ ကျေးဇူးရှိတယ်"ဆိုပြီး သစ်ငုပ်ကြီးကို အိမ်သယ်လာပြီး တရိုတသေ ကိုးကွယ်ထားတယ်တဲ့၊ မနက် တောသွားခါနီးတိုင်း၊ သစ်ငုပ်ကို ဦးချပြီးသွားတယ်တဲ့၊ သူ့ရဲ့သားတွေကိုလည်း သစ်ငုပ်ကြီးကို ကိုးကွယ်ဖို့ ဦးချဖို့ ပြောတယ်၊ သားတွေကလဲ ဖခင်မုဆိုး ပြောတဲ့အတိုင်း သစ်ငုပ်ကြီးကို ကိုးကွယ်ကြတယ်တဲ့၊ တိုတို ပြောရရင် နှစ်ကာလတွေကြာတော့- ဖခင်မုဆိုးသေတော့ ကျန်တဲ့ သားတွေက သစ်ငုပ်ကြီးကို ဆက်ကိုးကွယ်၊ အဲ့ဒီသားတွေ သေပြန်တော့လဲ သူတို့ရဲ့မျိုးဆက်သားတွေက ဆက်ကိုးကွယ်၊ ဒီလိုနဲ့

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးရဲ့မျိုးဆက်တွေ သစ်ငုပ်ကြီးကို ကိုးကွယ် လိုက်ကြတာ မျိုးဆက်ဆယ်ခုအထိ ရောက်လာတယ်တဲ့။

မုဆိုးရဲ့ဆယ်ခုမြောက်မျိုးဆက်မှာ အသိဉာဏ်ရှိတဲ့ သားတစ်ယောက်ပေါ်လာတယ်၊ အဲဒီအသိဉာဏ်ရှိတဲ့ သားက သူ့အဖေကိုမေးတယ်၊ ဘာအဓိပ္ပါယ်နဲ့ ဒီသစ်ငုပ်ကြီးကို ကိုးကွယ်နေသလဲပေါ့၊ အဖေလုပ်တဲ့သူက ဖြစ်စဉ်ကိုပြောပြတယ်၊ ဒီတော့ အသိဉာဏ်ရှိတဲ့သားဖြစ်တဲ့ သူက "ဟာ–ဒါဆိုဘာမှ အဓိပ္ပါယ်မရှိဘူး"ဆိုပြီး သစ်ငုပ်ကို မီးဆိုက်ပစ်လိုက်တယ်တဲ့၊ ဘာမဟုတ်တဲ့ အပြုအမူလေးတစ်ခုက နောင်မျိုးဆက်များစွာအထိ ကိုးကွယ်မှုအမှားကြီးကို ဖြစ်စေခဲ့တဲ့ပုံ ဝတ္ထုလေးပဲ၊ အဲ့ဒီပုံစံအတိုင်း ဖြစ်နေမလား မသိဘူး"

"ဟုတ်တယ်နော် ကိုလေး၊ ဘာသာသာသနာအတွက် အရေးကြီးတဲ့အယူအဆတွေပဲ၊ ကာလရွေ့လျားလာမှုနဲ့အတူ အယူအဆအမှားတွေပါလာမှာပဲနော်"

"ပါလာမှာပေါ့ညီမလေးရယ်၊ ညီမလေး အရှင်သာရိပုတ္တရာ မြောင်းခုန်တဲ့အကြောင်းကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတယ်လေ၊ အရှင်သာရိပုတ္တရာကို ဒကာတစ်ယောက်က ဆွမ်းစားလာပင့်တယ် မြောင်းတစ်ခုရောက်တော့ အရှင်သာရိပုတ္တရာက ခုန်ကျော်လိုက်တယ်တဲ့၊ ဒါကို ကြည့်ပြီးဒကာက သင်္ကန်းသုံးစုံလှူဖို့ ရည်စူးထားတာ နှစ်စုံပဲ



လှူတော့မယ်ဆိုပြီး စိတ်ထဲက တေးထားလိုက်တယ် တဲ့၊ နောက်– ဒုတိယ မြောင်းတစ်ခုရောက်တော့ ရှေးကနည်းတူ ကျော်ခုန်လိုက်ပြန်ရောတဲ့၊ ဒီတော့ ဒကာကလဲ ကျန်တဲ့နှစ်စုံထဲက တစ်စုံပဲ လှူတော့မယ်လို့ စိတ်ထဲက တေးထားလိုက်တယ်တဲ့၊ ဒီလိုနဲ့ တတိယမြောင်းရောက်တဲ့အခါကျတော့ ရှေ့ကမြောင်းနှစ်ခုလို ခုန်မကျော်တော့ဘဲ အသာလေးဖြတ်ကြွသွားတယ်တဲ့၊ ဒီတော့ ဒကာက မနေနိုင်တော့ဘဲ အရှင်ဘုရား ဘယ်လိုလဲ ရှေ့မြောင်းနှစ်ခုကျတော့ ခုန်ကျော်ပြီး–

အခုဒီမြောင်းကျမှ ဘာဖြစ်လို့ ခုန်မကျော်တာလဲဘုရား" မေးလျှောက်သတဲ့၊ အဲဒီတော့ အရှင်သာရိပုတ္တရာက "ဒကာ သင်္ကန်းက တစ်စုံပဲ ကျန်တော့တာ ဒီမြောင်းခုန်ကျော်လို့ ဘယ်ဖြစ်တော့မလဲ"လို့ ပြန်မိန့်တော်မူတယ်တဲ့၊ ဒီလို ပြန်မိန့်သံကြားတော့ ဒကာက "ဩော်...ငါ့အကြံတွေ အရှင်သာရိပုတ္တရာ သိနေပါလား"ဆိုပြီး ရည်စူးထားတဲ့ သင်္ကန်းသုံးစုံလုံး လှူလိုက်တယ်၊ ဘာဖြစ်လို့ အရှင်သာရိပုတ္တရာ မြောင်းခုန်ရသလဲဆိုတော့ ရှေ့အတိတ်ဘဝက မျောက်ဖြစ်ခဲ့လို့၊ ရဟန္တာဖြစ်ပေမယ့် အထုံဝါသနာကိုတော့ မပယ်နိုင်ဘူးတဲ့၊ ဟုတ်တယ်မဟုတ်လားကိုလေး"

"မဟုတ်ဘူး ညီမလေးရဲ့"

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးဆိုတာက ညီမလေးပြောတဲ့ ဓာတ်လမ်းက ဟုတ်တယ်၊ မဟုတ်တာက အဲ့ဒီ အရှင်သာရိပုတ္တရာ မြောင်းခုန်တယ်ဆိုတဲ့ ကိစ္စက ထေရဝါဒကျမ်းဂန်မှာ မရှိဘူး၊ ဒါကြောင့် မဟုတ်ဘူးလို့ ပြောတာ"

"ဟင်... ပါဠိကျမ်းဂန်မရှိဘူး"

"ဟုတ်တယ် လုံးဝမရှိဘူး ညီမလေးရဲ့၊ သူ့ဟာနဲ့သူတော့ ယုတ္တိကိုရှိလို့၊ တလောကတောင် ဓမ္မကထိက ဆရာတော်တစ်ပါးက သူ့ရဲ့တရားပွဲမှာ အရှင်သာရိပုတ္တရာ မြောင်းခုန်တာထည့်ဟောလိုက်တယ်၊ အဲ့ဒီဟောစဉ်ကို လုံးချင်းစာအုပ်ထုတ်ဖို့ ကမ္ဘာအေးရုံးကိုတင်တော့ ကမ္ဘာအေးက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကျမ်းကိုးပြပါလို့ မှတ်ချက်ရေးပေးလိုက်တယ် ဓမ္မကထိက ဆရာတော်လဲ ပါဠိတော်အဋ္ဌကထာတွေမှာ အရှင်သာရိပုတ္တရာ မြောင်းခုန်တဲ့ဝတ္ထု လိုက်ရှာတာ မတွေ့ဘူးတဲ့" နောက်တော့ မတွေ့တဲ့အဆုံး ဆရာတော်ဦးတိလောကသာရ (ရဝေထွန်း)ဆီရောက်လာပြီး အကူအညီတောင်းတော့ ဆရာတော်ရဝေထွန်းက လိုက်ရှာမနေနဲ့ ကိုယ်တော် ပါဠိကျမ်းဂန်မှာ မရှိဘူးလို့ ပြောလိုက်ရတယ်တဲ့၊ ကိုလေး ဆရာတော်ရဝေထွန်းဆီရောက်တော့ ဆရာတော်က ပြောပြတာပါ၊ ပြောနေရင်းတောင် တစ်ခုပေါ်လာသေးတယ်"

"ဘာကိုလဲ ကိုလေး"

"မြတ်စွာဘုရားက ဝိသာခါကိုမေးသတဲ့၊ ငါဘုရားကို ဘယ်အချိန်တွေမှာ သတိမရလဲလို့၊ ဒီတော့ ဝိသာခါက ရေအိမ် တက်တဲ့အခါနဲ့ ကာမဂုဏ်ခံစားတဲ့ အခါတွေမှာ သတိမရဘူးလို့ ပြန်လျှောက်တယ်တဲ့၊ မြတ်စွာဘုရားက ရေအိမ်တက်တဲ့အခါ ငါဘုရားကိုသတိရရင် စမြင်းတွေ ဘာတွေ မခံစားရဘူး၊ ကာမဂုဏ်ခံစားတဲ့အခါ သတိရရင်လဲ သားကောင်းသမီး ကောင်းတွေဖွားမြင်တယ်တဲ့၊ ဘယ်သူက ဘယ်လိုထွင်ပြော လိုက်တယ် မပြောတတ်ပါဘူး၊ ဘယ်ပါဠိကျမ်းဂန်မှာမှ မရှိတဲ့စကားကို ဒီနေ့အထိ တွင်တွင်ကျယ်ကျယ် သုံးနေကြတယ်"

"အမှားကြာ အမှန်ဖြစ်သွားတာပေါ့နော် ကိုလေး"

"ဟုတ်တယ်၊ ကဲထားပါတော့ ညီမလေးရယ်၊ ဒီ ပါဠိကျမ်းဂန်မှာ မလာတာတွေပြောနေရင် ဒီနေ့ပြီးတော့မှာ မဟုတ်ဘူး"

ကိုလေးလဲ အပြင်သွားစရာရှိသေးတယ်၊ နောင်ကြုံမှ ဆက်ပြောကြတာပေါ့"

"ဟုတ်ကဲ့ ၊ ကိုလေး"

ကျမ်းကိုး

၁။ သမန္တစက္ခုဒီပနီ-(မုံရွေးဆရာတော်)
၂။ ဆရာတော်ဦးတိလောကသာရ (ရဝေထွန်း)၏ ပြောပြချက်များ



www.burmeseclassic.com

www.burmeseclassic.com

# တောင်းခြင်းသည် မှန်းခြင်းကို ဖြစ်စေပါသလား

"ကိုလေး"

"ပြောလေ ညီမလေး၊ ဘာမေးစရာရှိလို့လဲ"

"မြတ်စွာဘုရားက တောင်းတာကို မနှစ်သက်ဘူးဆို"

"ဘာလဲ ညီမလေးက ကိုလေးကို တောင်းစရာရှိနေပြီ ထင်တယ်"

"ဟာ...မဟုတ်ပါဘူး ကိုလေးရ၊ အဲဒီ တောင်းတာကို မနှစ်သက်တဲ့အကြောင်း သိချင်လို့"

"ဩော်"

"ပြောပြပါဦး ကိုလေးရ"

"ဒါဆိုလည်း ပြောပြရတာပေါ့၊ မြတ်စွာဘုရားဟာ တောင်းခြင်းကို မနှစ်သက်ဘူး၊ ဒီအကြောင်း စတာကတော့ မြတ်စွာဘုရားရဲ့ တပည့်ရဟန်း အချို့ကြောင့်ပဲ၊ မြတ်စွာဘုရားရဲ့ တပည့်ရဟန်းအချို့ဟာ ဒကာ၊ ဒကာမတွေဆီက မဆင်မခြင်တအားတောင်းကြတယ်၊ တောင်းပါများလာတော့



ဒကာ၊ ဒကာမတွေမှာ အခက်အခဲတွေ ဖြစ်လာတာပေါ့၊ ဒါကို မြတ်စွာဘုရားသိတော့ ဒကာ ဒကာမတွေဆီက မတောင်းရဘူးဆိုပြီး သိက္ခာပုဒ်တစ်ခု ပညတ်တော်မူတယ်၊

ပြီးတော့ အတိတ်ဝတ္ထုတွေ ပြန်ဟောပြီး တောင်းခြင်းရဲ့ အကျိုးအပြစ်ကို မိန့်တော်မူတယ်"

"အဲဒီ အတိတ်ဝတ္ထုတွေကို ပြောပြပါဦး"

"တစ်ခါက ရသေ့ညီနောင်နှစ်ပါးဟာ ဂင်္ဂါမြစ်ကို အမှီပြုပြီး နေကြတယ်၊ အဲဒီအချိန်မှာ မဏိကဏ္ဍမည်တဲ့ နဂါးတစ် ကောင်ဟာ ဂင်္ဂါမြစ်ကိုကူးပြီး ညီငယ်ရသေ့ဆီကို လာတယ်၊ ပြီးတော့ ညီငယ်ရသေ့ကို အခွေနဲ့ ခုနစ်ပတ် ရစ်ပတ်ပြီး ဦးခေါင်းပေါ်မှာ ပါးပျဉ်းကို မိုးထားတယ်"

"ဟင်...ကြောက်စရာကြီးနော်"

"ကြောက်စရာကြီးပေါ့၊ ညီငယ်ရသေ့က ကြောက်လွန်းလို့ တစ်နေ့တခြား ပိန်လာတယ်၊ အသွေးအသားတွေ ခေါင်းပါးပြီး ရုပ်အဆင်းအင်္ဂါတွေ ပျက်လာတယ်၊ တစ်နေ့မှာ ပိန်ချုံးနေတဲ့ ညီငယ်ကို ကြည့်ပြီး နောင်တော်ရသေ့က မေးတယ်၊ ဘာဖြစ်လို့ ပိန်နေရတာလဲပေါ့၊ ဒီအခါမှာ ညီငယ်ရသေ့က နောင်တော်ရသေ့ကို အကြောင်းစုံ ပြောပြတယ်။

ဒီတော့ နောင်တော်ရသေ့က 'ညီငယ် နဂါး မလာခြင်းကို အလိုရှိသလား' လို့မေးတယ်၊ ညီငယ်ရသေ့ကလည်း အားရဝမ်းသာနဲ့ အလိုရှိတယ်ပေါ့လေ၊ ဒါနဲ့ နဂါးမှာ ပတ္တမြားတစ်ခုခုပါလာတာကို မြင်မိသလားလို့ ထပ်မေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်ရသေ့ကလည်းနဂါးရဲ့လည်ပင်းမှာ ပတ္တမြား တစ်လုံး ဝတ်ဆင်ထားတာကို တွေ့တယ်ပေါ့လေ၊ ဒါဆို ဒီတစ်ခါ နဂါးလာရင် လည်ပင်းမှာဝတ်ထားတဲ့ ပတ္တမြားကို တောင်း ပေတော့လို့ အကြံပေးတယ်။

ညီငယ်ရသေ့လည်း နောင်တော်ရသေ့မှာတဲ့အတိုင်း နဂါးလာတာကိုမြင်တာနဲ့ 'နဂါးမင်း ပတ္တမြားကိုပေးပါ' ဆိုပြီး တောင်းတော့တာပဲ။

နဂါးမင်းကလည်း ငါ့ဆီကနေ ရသေ့က ပတ္တမြားကို တောင်းနေပြီဆိုပြီး ရောက်တဲ့နေရာကပဲ ပြန်သွားတယ်၊ ညီငယ်ရသေ့က နဂါးလာတိုင်း ပတ္တမြားကို တောင်းတယ်၊ တောင်းတိုင်းလည်း နဂါးက ရောက်တဲ့အရပ်က လှည့်ပြန်တော့တာပဲ၊ ဒီလိုနဲ့ သုံးကြိမ်မြောက်တဲ့အခါမှာ နဂါးမင်းက ညီငယ်ရသေ့ကို ဂါထာတွေနဲ့ ပြောတယ်၊ ကိုလေး ဆိုပြမယ်"

"ဟုတ်ကဲ့ ကိုလေး"

"မမန္နပါန ဝိပုလံဥဠာရံ၊
ဥပဇ္ဈတိ မဿ မဏိဿ ဟေတု၊
တံတေ န ဒဿံ အတိယာစကောသိ၊
နစာပိ တေ အဿမ မာဂမိဿံ၊
သုသူ ယထာ သက္ခရ ဓောတပါဏိ၊
တာသေသိ မံ သေလမာ ယာစမာနော၊
တံ တေန ဒဿံ အတိယာစကောသိ၊
န စာပိတေ အဿမ မာဂမိဿံ။



မြန်မာလိုပဲ တိုက်ရိုက်ပြန်မယ်၊ အနက်ပေး မပြန်တော့ ဘူးနော်"

"ဟုတ်ကဲ့"

"ရှင်ရသေ့၊ ငါ့အား ပြန့်ပြော မွန်မြတ်သော ထမင်း အဖျော်သည် ဤပတ္တမြား၏ အကြောင်းကြောင့် ဖြစ်ပေါ်၏၊ ထိုပတ္တမြားကို သင့်အားပေးလိမ့်မည်မဟုတ်၊ သင်သည် မသိ ဆိုးကောင်း အလွန်တောင်း၏၊ သင်၏ ကျောင်းသခ်မ်းသို့ လည်း လာတော့မည်မဟုတ်။

ကျောက်၌ သွေးအပ်သော သန်လျက် လက်၌ရှိသော ယောက်ျားပျိုသည် ငါ့ကိုခြိမ်းခြောက်နေဘိသကဲ့သို့ ထို့အတူ ပတ္တမြားကိုတောင်း၍ ခြိမ်းခြောက်လေပြီ၊ ထိုပတ္တမြားကို သင့်အားပေးလိမ့်မည်မဟုတ်၊ သင်သည် မသိဆိုးကောင်း အလွန်တောင်း၏၊ သင်၏ ကျောင်းသခ်မ်းသို့လည်း လာတော့မည်မဟုတ်'

နဂါးမင်းက အဲဒီလိုပြောပြီး ဘယ်တော့မှ မလာတော့ ဘူး၊ ဒါပေမယ့် ညီငယ်ရသေ့က မြင်နေကျ နဂါးကို မမြင်ရ တော့ ပိုပြီးပိန်ချုံးလာတယ်၊ ပိုပြီး အသွေးအသားတွေ ခေါင်းပါးလာပြီး ရုပ်အဆင်းအင်္ဂါတွေပျက်လာတယ်၊ ဒီတော့ နောင်တော်ရသေ့ကမေးတယ်၊ 'ဘာဖြစ်လို့ ပိုပြီးပိန်လာရ တာလဲ ပေါ့၊ အဲဒီတော့ ညီငယ်ရသေ့က 'မြင်နေကျ နဂါးကို မမြင်ရလို့' လို့ပြန်ဖြေတယ်၊ ဒါကိုကြည့်ပြီး နောင်တော် ရသေ့က ညီငယ်ရသေ့ကို ဂါထာနဲ့ပြောတယ်၊ မှတ်သားစရာ သိပ်ကောင်းတဲ့ ဂါထာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရွတ်ပြပါဦး ကိုလေး၊ အဲဒီ ဂါထာကို"

"နံ တံ ယာစေ ယဿ ပိယံဇိဂီသေ၊
ဝိဒေဿော ဟောတိ အတိယာစနာယ၊
နာဂေါ မဏိံ ယာစိတော ဗြာဟ္မဏေန၊
အဒဿနေဝ တဒဇ္ဈဂမာ။

မြန်မာပြန်က...

အကြင်သူအား ချစ်အပ်သော အကြင်ဝတ္ထုသည် ရှိ၏၊ ထိုသူ၏ ဝတ္ထုကို မိမိသည် နှစ်သက်မြတ်နိုးသော်လည်း မတောင်းရာ၊ အလွန်တောင်းခြင်းကြောင့် မုန်းခြင်းသည် ဖြစ်၏၊ သူမြတ်သည် နဂါးအား ပတ္တမြားကို တောင်း၏၊ ထိုနဂါးကို မမြင်ရခြင်းသို့သာလျှင် ရောက်လေ၏တဲ့"

"ဒါဆို တစ်ဖက်သား နှစ်သက်မြတ်နိုး တန်ဖိုးထားတဲ့ ပစ္စည်းဝတ္ထုကို မတောင်းရဘူးပေါ့နော် ကိုလေး"

"ဟုတ်တယ် ညီမလေး၊ မတောင်းရဘူး၊ တောင်းရင် မုန်းတတ်တယ်တဲ့"

"လူမှုဆက်ဆံရေးအတွက် မှတ်သားစရာပဲနော်"

"ဟုတ်တယ် ညီမလေး၊ ဒီနေရာမှာ မြတ်စွာဘုရားက ကောက်ချက်ချပြထားသေးတယ်"

"ဘယ်လို ကောက်ချက်ချထားလဲ ကိုလေး"

"တိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါတောင် တောင်းခြင်းကို မနှစ်သက်ဘူးတဲ့၊ လူဆိုရင်တော့ ပြောစရာတောင် မလိုဘူးတဲ့"



"ဟုတ်တာပေါ့ ကိုလေးရ"

"နောက်တစ်ပုဒ် မြတ်စွာဘုရား ဟောပြထားတာ ရှိသေးတယ်"

"ပြောပါဦး ကိုလေး"

"ရဟန်းတစ်ပါးဟာ ဟိမဝန္တာတောင်နံပါးရဲ့ တောအုပ်တစ်ခုမှာ နေတယ်၊ အဲဒီတောအုပ်ရဲ့ အနီးမှာလည်း ညွန့်အိုင်ရှိတယ်၊ အဲဒီ ညွန့်အိုင်ကို ငှက်အုပ်တစ်အုပ်က တစ်နေ့ပတ်လုံး လာပြီးကျက်စားတယ်၊ ညရောက်မှ ပြန်တယ်၊ ပြီးတော့ ဆူညံနေတယ်ပေါ့၊ ဒီလို ဆူညံမှုဟာ တောအုပ်မှာနေတဲ့ ရဟန်းအတွက် အနှောင့်အယှက်ဖြစ်တယ်၊ ဒီတော့ ရဟန်းက မိမိခံစားနေရတဲ့ အဖြစ်အပျက်ကို မြတ်စွာဘုရားကို သွားပြီး လျှောက်တယ်၊ မြတ်စွာဘုရားက 'ရဟန်း၊ သင်ဟာ ငှက်အုပ်ရဲ့ မလာခြင်းကို အလိုရှိသလား' လို့ မေးတယ်၊ ရဟန်းကလည်း အလိုရှိပါတယ်ပေါ့လေ၊ ဒီတော့ မြတ်စွာဘုရားက ဘာအကြံပေးသလဲဆိုတော့..."

"ပြောပါဦး မြတ်စွာဘုရားရဲ့ အကြံပေးချက်ကို"

"ငှက်အုပ်နေတဲ့ တောအုပ်ကိုသွားပြီး ငှက်အပေါင်းတို့ ငါဟာ သင်တို့ရဲ့ငှက်တောင်ကို အလိုရှိတယ်၊ ဒါကြောင့် ]အားတစ်တောင်စီ ပေးကြကုန်လော့'လို့ ကြွေးကြော်နိုင်းတယ်၊ ရဟန်းကလည်း မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း ကြွေးကြော်တယ်၊ ဒီတော့ ငှက်တွေက 'ငါတို့ကိုတော့ ရဟန်း

www.burmeseclassic.com



က အတောင်တွေ တောင်းနေပြီဆိုပြီး တောအုပ်ကနေ ထွက်သွားတယ်၊ နောက်တောအုပ်ကို ပြန်မလာတော့ဘူးတဲ့"

"ဒါဆို ကိုယ့်အိမ် မကြာမကြာ လာနေတဲ့ ဧည့်သည်ကို မလာစေချင်ရင် သူ့ဆီက သူတန်ဖိုးထားတဲ့ ပစ္စည်းတစ်ခုကို တောင်းလိုက်ရင် နောက်လာတော့မှာ မဟုတ်ဘူးနော်"

"ဟာ ညီမလေးကလည်း မြတ်စွာဘုရားဟောတဲ့ တရားကို မကောင်းတဲ့နေရာမှာ အသုံးချရတာ မဟုတ်ဘူး၊ ကောင်းတဲ့နေရာမှာ အသုံးချရတာ"

"အလကားပြောတာပါ ကိုလေးရာ၊ ကိုလေးရဲ့ ညီမပဲ၊ ဒီလိုစိတ် မရှိပါဘူး"

"နောက် မြတ်စွာဘုရားက တောင်းခြင်းနဲ့ ပတ်သက်လို့ ရဋ္ဌပါလနဲ့ သူ့ရဲ့အဖေတို့ အပြန်အလှန် ပြောတဲ့စကားကို ဂါထာနဲ့ ထပ်ဟောပြထားသေးတယ်၊ ကိုလေး ဂါထာတော့ ရွတ်မပြတော့ဘူး၊ မြန်မာပြန်ပဲ ရွတ်ပြမယ်နော်"

"ဟုတ်ကဲ့ ကိုလေး"

"ချစ်သား ရဋ္ဌပါလ၊ စင်စစ် ထိုလူအများစုတို့ကို ငါသည် မသိပါ၊ ထိုလူအများစုတို့သည် ငါ့ထံသို့ စုရုံးလာ၍ တောင်း ကြကုန်၏၊ အဘယ့်ကြောင့် သင်ချစ်သားသည် ငါ့ဖခင်ကို မတောင်းသနည်း"

"ဖခင် တောင်းသောသူသည် မုန်းဖွယ်ရာဖြစ်၍၊ တောင်းသည်ကို မပေးသောသူသည်လည်း မုန်းဖွယ်ရာပင်ဖြစ်၏၊



ကျွန်ုပ်အား မုန်းခြင်း မဖြစ်စေလိုသောကြောင့် အကျွန်ုပ်သည် သင်ဖခင်ကို မတောင်းပါ"

"ကဲ ညီမလေး၊ ရဋ္ဌပါလကို ကြည့်၊ မုန်းမှာကြောက်လို့ ဖခင်အရင်းကိုတောင် မတောင်းဘူးတဲ့"

"အတော် မှတ်သားစရာကောင်းတဲ့ အကြောင်းအရာပဲ နော်"

"ဟုတ်တယ် ညီမလေး၊ ကဲ...ကိုလေး ပြောပြတာကို လက်တွေ့အသုံးချပေတော့"

"ဟုတ်ကဲ့ ကိုလေး၊ ကျေးဇူးပဲ"

<u>ကျမ်းကိုး</u>

<u>ပါရာဇိကဏ်ပါဠိတော် (ကုရုကာရသိက္ခာပုဒ်အဖွင့်)</u>

www.burmeseclassic.com

www.burmeseclassic.com

## စကြဝတေးမင်း

"ကိုလေး၊ စကြဝတေးမင်းအကြောင်း သိချင်လို့"

"စကြဝတေးမင်းအကြောင်းက အများကြီး ရှိတာပဲ။ ဘာကို သိချင်တာလဲ ညီမလေးရဲ့"

"အဲဒီ အများကြီးကိုပဲ သိချင်တာ၊ ပထမ စကြဝတေးမင်း ကျင့်ဝတ်တွေကို သိချင်တယ် ကိုလေး"

"စကြဝတေးမင်း ကျင့်ဝတ်က...

၁။ ဒါန = အလှူပေးခြင်း၊

၂။ ဒမ္မ = ဣန္ဒြေကို ဆုံးမခြင်း၊

၃။ သံယမ = ငါးပါး ရှစ်ပါးသီလ်တို့ကို ဆောက်တည် ခြင်း(တစ်နည်း) ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း၊ အဲဒီ (၃) ပါးက မဟာသုဒဿနသုတ်မှာ လာတာ၊ နောက် ဒီဃနိ ကာယ် ပါထိကဝဂ် စက္ကဝတ္တိသုတ်မှာ (၁၀)ပါး၊ ဒါမှမဟုတ် (၁၂)ပါး ရှိတယ် ဆိုတာ ဖွင့်ထားတယ်။ အဲဒါတွေက...



၁။ သားမယားတို့ကို သီလ၌ ဆောက်တည်စေခြင်း၊ အဝတ် ပုဆိုး၊ နံ့သာ၊ ပန်း စသည်တို့ကို ပေးခြင်း၊ ဘေးဥပဒ် မရှိအောင် စောင့်ရှောက်ခြင်း။

၂။ အဘိသိက်ခံလေပြီးသော မင်းတို့အား မြည်း၊ မြင်း၊ အဿဇာနေယျ စသော ရတနာတို့ကို ပေး၍ ချီးမြှောက် ခြင်း။

၃။ မိမိထံ၌ နေကုန်သော မင်းတို့အား ထိုက်သည်နှင့်လျော်စွာယာဉ်၊ သံလျင်းပေးခြင်းဖြင့် နှစ်သက်စေခြင်း။

၄။ ပုဏ္ဏားတို့အား ထမင်း၊ အဖျော်၊ ပုဆိုးစသော လှူဖွယ်ဝတ္ထုကိုပေးခြင်း၊ သူကြွယ်တို့အား ထမင်းမျိုးစေ့၊ ထွန်တုံး ထွန်သွား၊ နွားလား စသည်တို့ကို ပေးခြင်း။

၅။ ထို့အတူ နိဂုံး ဇနပုဒ် နေသူတို့အား ထမင်း၊ မျိုးစေ့၊ ရိက္ခာ၊ ထွန်တုံး၊ ထွန်သွား၊ ကျွဲ၊ နွား စသည်ကို ပေးခြင်း။

၆။ ရဟန်း၊ ပုဏ္ဏားတို့အား ရဟန်း၊ ပုဏ္ဏားတို့နှင့် လျော်သော ပရိက္ခရာဖြင့် လှူဒါန်းပူဇော်၍ အရိုအသေပြုခြင်း။

၇။ သားရဲတိရစ္ဆာန်တို့အား လည်းကောင်း၊ ငှက်တို့အား လည်းကောင်း ဘေးမဲ့ပေး၍ သက်သာရာကို ရစေခြင်း။

၈။ မတရားသော အမှုအရာတို့ကို မပြုစေခြင်း။

၉။ ဥစ္စာမရှိသော သူတို့အား ဥစ္စာကို ပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ရဟန်း၊ ပုဏ္ဏားတို့ထံသို့ ကပ်၍ ကုသိုလ် အကုသိုလ် အပြစ်ရှိ၊ အပြစ်မရှိ၊ မှိုဝဲအပ်၊ မမှိုဝဲအပ်စသော တရားတို့ကို မေး၍ အကုသိုလ်ကိုပယ်၍ ကုသိုလ်ကို ဆောက်တည်စေခြင်း အဲဒီ(၁၀)ပါးပဲ ညီမလေး"

"(၁၂)ပါး တစ်နည်းဆိုတာကကော ကိုလေး"

"(၁၂)ပါး တစ်နည်းဆိုတာက ခုနပြောခဲ့တဲ့ (၁၀)ပါးထဲက(၄)ခု မြောက်မှာ ပုဏ္ဏားနဲ့ သူကြွယ်ကို နှစ်ခုခွဲ၊ (၇)ခုမြောက်မှာ သားနဲ့ငှက်ကို နှစ်ခုခွဲ။ ဒါဆို (၁၂)ပါး ဖြစ်သွားပြီလေ ရှင်းရဲ့လား ညီမလေး"

"ရှင်းပါတယ် ကိုလေး"

"နောက်တစ်နည်း ရှိသေးတယ် ညီမလေးရဲ့"

"ပြောပါဦး"

"အမိ မိထွေး၊ အဘ ဘထွေး၊ အရိုးစတဲ့အရာမှာ တပ်မက်ခြင်းဆိုတဲ့ အဓမ္မရာဂကို ပယ်ခြင်း၊ နောက် သုံးဆောင်ခြင်းငှာ ထိုက်တဲ့အရာမှာ အလွန်အကဲ တပ်မက်တဲ့ ဝိသမလောဘကို ပယ်ခြင်း၊ အဲဒီနှစ်ပါးကို အရင် (၁၀)ပါးထဲကိုထည့်၊ ဒါဆို တစ်နည်း(၁၂)ပါးတဲ့"

"စကြဝတေးမင်းဟာ ဘယ်အရပ်က ဖြစ်သလဲကိုလေး"

"စကြဝတေးမင်းဟာ အလျား ယူဇနာ (၁၀၀)၊ အနံ ယူဇနာ (၂၅၀)၊ အဝန်းယူဇနာ (၉၀၀)ရှိတဲ့ မဇ္ဈိမဒေသ အရပ်ကပဲ ဖြစ်တယ်။ ပစ္စန္တရစ်အရပ်က မဖြစ်ဘူး



"ဘုရားပွင့်တဲ့ အရပ်ကပဲ ဖြစ်တာပေါ့နော် ကိုလေး"

"ဟုတ်တယ် ညီမလေး၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကတဲ့ မြင့်မြတ်တဲ့သူတွေ ဖြစ်ရာအရပ်ကပဲ ဖြစ်တယ်"

"စကြဝတေးမင်းမှာ ရတနာ(၇)ပါးရှိတယ်လို့ ညီမလေး ကြားဖူးတယ်၊ အဲဒီ ရတနာ(၇)ပါးက ဘာတွေလဲ ကိုလေး"

"ရတနာ (၇)ပါးက...

၁။ စကြာရတနာ

၂။ ဆင်ရတနာ

၃။ မြင်းရတနာ

၄။ မြရတနာ

၅။ မိဖုရားရတနာ၊

၆။ သူဌေးရတနာ၊

၇။ သားကြီးရတနာ တို့ဖြစ်ကြတယ်"

"သာမန် မင်းတွေမှာလည်းပဲ စကြာရတနာနဲ့ မြရတနာ ကလွဲလို့ ကျန်တဲ့ ရတနာတွေ ရတယ်မဟုတ်လား ကိုလေး။ ရတနာချင်း ဘာထူးလို့လဲ"

"ထူးတာပေါ့ ညီမလေးရဲ့၊ ဆင်ရတနာ မြင်းရတနာတွေဟာ သာမန်မင်းတွေရဲ့ ဆင်ရတနာ မြင်းရတနာတွေထက်သာတယ်၊ မိဖုရားရတနာဆိုရင် အလွန်အဆင်းလှတယ်၊ ကြည်ညိုဖွယ်ရှိတယ်။ မြင့်ခြင်း၊ နိမ့်ခြင်းဆိုတဲ့ အပြစ်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ပါး ကင်းတယ်။ ကိုယ်နဲ့က စန္ဒကူးနံ့၊ ခံတွင်းနံ့က ကြာညိုနံ့ သင်းနေတယ်။ အဲဒီ မိဖုရားရတနာကို မဒ္ဒတိုင်း မင်းမျိုးကလည်း ရတယ်။ မြောက်ကျွန်းကလည်း ရတယ်။ သူဌေးရတနာကလည်း မြေကြီးအတွင်း တစ်ယူဇနာတိုင်တိုင် အရှင်ရှိပြီး မြှုပ်ထားတဲ့ဥစ္စာ၊ အရှင်မဲ့မြှုပ်ထားတဲ့ ဥစ္စာတွေကို မိမိမျက်စိနဲ့ မြင်နိုင်တယ်။ စကြဝတေးမင်း စုံးစမ်းခိုင်းတဲ့အခါ အဲဒီ ရတနာတွေကို ယူပေးလေ့ရှိတယ်။

နောက် သားကြီးရတနာက ပညာရှိတယ်။ လိမ္မာတယ်။ တစ်ပါးသူတွေရဲ့ အကြံအစည်ကို သိနိုင်တယ်။ ချီးမြှောက်သင့်တဲ့သူကို ချီးမြှောက်ပြီး ရှုတ်ချသင့်တဲ့သူကို ရှုတ်ချတယ်။ ဒါ သာမန် မင်းတွေရဲ့ ရတနာတွေထက် ထူးတာပဲ ညီမလေး"

"ဒါနဲ့ ကိုလေး စကြဝတေးမင်း ပေါ်တဲ့အခါ ရတနာ (၇)ပါးလုံး တစ်ပြိုင်နက်ရောက်တာလား"

"တစ်ပြိုင်နက် ရောက်တာမဟုတ်ဘူး ညီမလေးရဲ့၊ စကြာရတနာက အရင်ရောက်တာ"

"စကြဝတေးမင်း မရှိတော့တဲ့အခါ အဲဒီ ရတနာတွေဟာ ကျန်ခဲ့သေးသလား ကိုလေး"

"ဘယ်ကျန်တော့မှာလဲ ညီမလေးရယ်။ စကြာဝတေးမင်း သေပြီး (၇)ရက်မြောက်တဲ့နေ့မှာ စကြာရတနာ ကွယ်တယ်၊ နောက် ဆင်ရတနာ၊ တချို့သေ၊ တချို့ မိမိ



အမျိုးတွေဆီ ပြန်သွားတယ်။ မိဖုရားရတနာက တန်ခိုးအာနုဘော်နဲ့ ကွယ်သွားတယ်။ သူဌေးရဲ့ မျက်စိက သာမန်မျက်စိပဲ ရှိတော့ တယ်။ သားကြီးရဲ့ ဉာဏ်ပညာကလည်း သာမန်ဉာဏ် ပညာပဲရှိတော့တယ်။ ကဲ... ညီမလေး ဘာတွေ သိချင်သေးလဲ"

"ဒါလောက်ဆို လုံလောက်ပါပြီ ကိုလေးရာ၊ ကျေးဇူးပဲ"

<u>ကျမ်းညွှန်း</u>

<u>သမန္တစက္ခုဒီပနီ</u>

www.burmeseclassic.com

# ဗောဓိဆု (၃)မျိုး

"ကဲ...ဒီနေ့ ညီမလေး ကိုလေးကို ဘာမေးစရာရှိလဲ"

"ဟာ...ဒီနေ့တော့ ကိုလေးက စပြီး မေးခွင့်ပေးတော့ အတော်ပဲ၊ ညီမလေးလည်း ကိုလေးကို မေးတော့မလို့"

"ကိုင်း...ဆိုစမ်းပါဦး"

"ဗောဓိဆု သုံးမျိုးအကြောင်း သိချင်လို့ ကိုလေးရ"

"နေပါဦး၊ ဗောဓိဆု သုံးမျိုးကိုတော့ ညီမလေး သိပါတယ်နော်"

"သိတယ်လေ...

၁။ သမ္မာသမ္ဗောဓိဆု = သဗ္ဗညုဘုရားအဖြစ်ကို တောင်းတဲ့ဆု၊

၂။ ပစ္စေကဗောဓိဆု = ပစ္စေကဗုဒ္ဓဘုရားငယ် အဖြစ်ကို တောင်းတဲ့ဆု၊

၃။ သာဝကဗောဓိဆု = မြတ်စွာဘုရားရဲ့ တပည့်သာဝက အဖြစ်ကို တောင်းတဲ့ဆု



ဟုတ်တယ် မဟုတ်လား ကိုလေး"

"ဟုတ်ပါပြီ ညီမလေးက ဘာကို သိချင်တာလဲ"

"ညီမလေးက ခုနက ပြောခဲ့တဲ့ ဗောဓိဆု သုံးမျိုးရဲ့ အကျယ်ကို သိချင်တာ၊ ဥပမာ–သမ္မာသမ္ဗောဓိဆုကို ရဖို့အတွက် ပါရမီဘယ်လောက် ဖြည့်ရတယ်၊ ပစ္စေကဗောဓိဆု ရဖို့အတွက် ပါရမီ ဘယ်လောက် ဖြည့်ရတယ် စသည်ဖြင့်ပေါ့ ကိုလေးရာ၊ ညီမလေးက အသေးစိတ် အကျယ်ကို သိချင်တာ"

"ကိုင်း... ဒါဖြင့် နားထောင်၊ ဗောဓိဆု သုံးမျိုးထဲမှာ သမ္မာသမ္ဗောဓိဆုကိုပန်တဲ့ ဘုရားအလောင်းက သုံးမျိုးထပ်ပြီးကွဲပြားတယ်။ အဲဒီ သုံးမျိုးကတော့...

(က) ပညာဓိက = ပညာလွန်ကဲတဲ့ ဘုရားအလောင်း၊

(ခ) သဒ္ဓါဓိက = သဒ္ဓါလွန်ကဲတဲ့ ဘုရားအလောင်း၊

(ဂ) ဝီရိယာဓိက = ဝီရိယလွန်ကဲတဲ့ ဘုရားအလောင်း၊

အဲဒီ သုံးမျိုးထဲမှာ နိယတဗျာဒိတ်ရပြီးတဲ့ နောက်ပိုင်းမှာပေါ့။ ပညာဓိကဘုရားအလောင်းဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ သဒ္ဓါဓိက ဘုရားအလောင်းဟာ ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ ဝီရိယာဓိက ဘုရားအလောင်းဟာ တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ အဲဒီလို အသီးသီး ပါရမီဖြည့်မှ ဘုရားအဖြစ်ကိုရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို ညီမလေးတို့ ဂေါတမဘုရားဟာ ပညာဓိက ဘုရားပေါ့"

"ဟုတ်တယ် ညီမလေး"

"ဒါနဲ့ နေပါဦး ကိုလေးရ၊ သုံးမျိုးသုံးစား ပါရမီဖြည့်တဲ့ နေရာမှာ ဘာဖြစ်လို့ ကွဲသွားရတာလဲ"

"အင်း...ညီမလေး မေးမယ်ဆိုလည်း မေးစရာပဲ၊ ဘာဖြစ်လို့ သုံးမျိုးသုံးစား ကွဲပြားသွားရသလဲဆိုတော့ ပညာဓိက ဘုရားအလောင်းက သဒ္ဓါနဲ့နှေးပြီး ပညာထက်တယ်၊ သဒ္ဓါဓိကဘုရားအလောင်းက ပညာ အလယ်အလတ်တန်းစားပေါ့၊ ဝီရိယာဓိက ဘုရားအလောင်းကတော့ သဒ္ဓါပညာနှစ်ခုစလုံးနဲ့နှေးတယ်၊ အဲဒီလို ပညာ အထက်၊ အလတ်၊ အနုံ့ အနှေးကိုလိုက်ပြီး ပညာထက်တဲ့ ဘုရားအလောင်းက လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ပညာအလတ်တန်းစားဖြစ်တဲ့ ဘုရားအလောင်းက ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ပညာနုံ့နှေးတဲ့ ဘုရားအလောင်းကတော့ တစ်ဆယ့်ခြောက်အသင်္ချေ နဲ့ ကမ္ဘာတစ်သိန်း၊ အဲဒီလို ဖြည့်ကျင့်ရတော့တာပဲ၊ သဘော ကောပေါက်ရဲ့လား ညီမလေး"

"ပေါက်ပါတယ် ကိုလေးရ"

"ဒါဆို ပစ္စေကဗောဓိဆုကို ဆက်ကြရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"ပစ္စေကဗုဒ္ဓါအဖြစ်ကို တောင်းတဲ့ ပစ္စေကဗောဓိဆုကတော့ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြင့်ကျင့်ရတယ်။



အဲဒီလိုဖြည့်ကျင့်မှ ပစ္စေကဗုဒ္ဓါဖြစ်နိုင်တယ်"

"ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ ဘယ်လိုထူးလဲ ကိုလေး"

"ထူးတာပေါ့ညီမလေးရ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းတွေ နိယတဗျာဒိတ်ရကြောင်း (၈)ပါးရှိတယ်။ အဲဒါတွေက...

(၁) လူသားဖြစ်ခြင်း၊

(၂) ယောကျ်ားဖြစ်ခြင်း၊

(၃) ထိုအတ္တဘော၌ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်ခြင်းအကြောင်း ကောင်းမှုရှိခြင်း၊

(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊

(၅) သာသနာ့ဝန်ထမ်း ရသေ့ရဟန်း ဖြစ်ခြင်း၊

(၆) ဈာန်အဘိညာဉ် သမာပတ်ကျေးဇူးကို ရရှိနေခြင်း၊

(၇) ဘုရားတို့အား ကိုယ့်အသက်ကို စွန့်ခြင်းဟု ဆိုအပ်သော ကုသိုလ်ရှိခြင်း၊

(၈) ဘုရားဖြစ်ရန် လွန်ကဲသော ဆန္ဒရှိခြင်း စတဲ့ ရှစ်ပါးပေါ့၊ ပစ္စေကဗုဒ္ဓါတွေ ဗျာဒိတ်ရကြောင်းကျတော့ (၁) (၂) (၇) (၈)က သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေနဲ့ အတူတူပဲ။ (၄)မှာ သက်တော်ထင်ရှား မြတ်စွာ ဘုရားကို ဖူးတွေ့ရခြင်းဆိုတဲ့ နေရာမှာ သက်တော် ထင်ရှား မြတ်စွာဘုရားကိုပဲဖြစ်ဖြစ်၊ ပစ္စေကဗုဒ္ဓါကို ပဲဖြစ်ဖြစ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝက

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးပါးကိုပဲဖြစ်ဖြစ်ဖူးတွေ့ပြီး ဆုတောင်းရင် ပြည့်စုံနိုင်တယ်။

အဲဒီလို ဆုတောင်း နိယတဗျာဒိတ်ခံ၊ နောက်–ဆိုခဲ့တဲ့ အချိန်ကာလအတိုင်း ပါရမီတွေဖြည့်ကျင့်၊ ဒီလိုနဲ့ နောက်ဆုံးဘဝရောက်တဲ့အချိန်မှာပေါ့ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊ သူဆင်းရဲမျိုးဆိုတဲ့ အမျိုးလေးပါးမှာ မြတ်စွာဘုရားတွေဟာ မင်းမျိုးနဲ့ ပုဏ္ဏားမျိုးမှာပဲ ဖြစ်တယ်။ ပစ္စေကဗုဒ္ဓါကတော့ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ သုံးမျိုးထဲက တစ်မျိုးမျိုးမှာ ဖြစ်တယ်။

တစ်ဆက်တည်း ပြောရရင် အဂ္ဂသာဝကတွေဟာမြတ်စွာဘုရားတွေလိုပဲ မင်းမျိုးနဲ့ ပုဏ္ဏားမျိုးနှစ်ပါးမှာပဲ ဖြစ်တယ်။

ခပ်သိမ်းသော မြတ်စွာဘုရားတို့ဟာ ဝိဝဋ္ဋကပ် (ကမ္ဘာဖြစ်နေတုန်း ကမ္ဘာ့အဆောက်အအုံတွေ တိုးပွားနေတုန်းအခါ) မှာပဲ ပွင့်တော်မူကြတယ်။ သံဝဋ္ဋကပ်(ပျက်နေတုန်းအခါ)မှာ ဘယ်တော့မှ မပွင့်ကြဘူး။ ပစ္စေကဗုဒ္ဓါတွေကလည်း ဒီအတိုင်းပဲ ဝိဝဋ္ဋကပ်မှာပဲ ပွင့်တော်မူကြတယ်။ ဒါပေမယ့် ပစ္စေကဗုဒ္ဓါတွေဟာ ဘုရားပွင့်ချိန် ဘုရားသာသနာ ထွန်းလင်းရာအချိန်တွေမှာ ဘယ်တော့မှ မပွင့်ကြဘူး။

"ဟင်...ဒါဆို ခုခေတ်၊ ပစ္စေကဗုဒ္ဓါ မရှိဘူးပေါ့နော် ကိုလေး"

"ဟုတ်တယ် ညီမလေး၊ ခုခေတ်မှာ ပစ္စေကဗုဒ္ဓါ မရှိဘူး။



ပစ္စေကဗုဒ္ဓါထဲမှာ နောက်ဆုံးဖြစ်တဲ့ မာတင်္ဂ ပစ္စေကဗုဒ္ဓါဟာ ဂေါတမဘုရားအလောင်း ဖွားမြင်တဲ့အထိ သက်တော်ထင်ရှား ရှိနေတယ်တဲ့။ ဒါပေမယ့် ဘုရားအလောင်းကို ပူဇော်ဖို့သွားတဲ့နတ်တွေရဲ့ ပြောသံကြားမှ မိမိရဲ့ အသက်အပိုင်းအခြား ကုန်ပြီဆိုတာသိပြီး ပရိနိဗ္ဗာန် ပြုသွားတယ်တဲ့။

နောက် ဘုရားနဲ့ ပစ္စေကဗုဒ္ဓါထူးတာတွေ အများကြီးရှိသေးတယ်၊ မြတ်စွာဘုရားတွေဟာ သစ္စာလေးပါးတရားတွေကို ကိုယ်တိုင်လည်း သိတယ်၊ ဝေနေယျသတ္တဝါတွေကိုလည်း သိစေတော်မူတယ်၊ ပစ္စေကဗုဒ္ဓါတွေကျတော့ အဲဒီလို မဟုတ်တော့ဘူး၊ သစ္စာလေးပါးတရားကို မိမိကိုယ်တိုင်ပဲ သိတယ်၊ သူတစ်ပါးကို သိဖို့အတွက်ကျတော့ မစွမ်းနိုင်တော့ဘူး၊ နောက်အတ္ထရသကိုပဲ ထိုးထွင်းသိနိုင်တယ်၊ ဓမ္မရသကို ထိုးထွင်း မသိနိုင်ဘူး၊ လောကုတ္တရာတရားကို ပညတ်သို့တင်ပြီး ဟောဖို့အတွက် မစွမ်းနိုင်ဘူး၊ ဒါတွေ ထူးတာပဲ။

အဋ္ဌကထာဆရာတွေက ပစ္စေဗုဒ္ဓါကို လောကဥပမာ ပေးထားတယ်။ ပစ္စေကဗုဒ္ဓါတွေဟာ လူအ,အိပ်မက်မက်တာနဲ့တူတယ်တဲ့"

"ရှင်းပါဦး ဥပမာကို"

"ဒီလိုလေ လူအဟာ ညက အိပ်မက်မက်တယ်၊ မနက်ကျတော့ အိပ်မက်မက်တဲ့ အကြောင်းအရာကို သိတော့သိတယ်၊ ဒါပေမဲ့ ရှေ့အ ဆိုတော့ အိမ်သားတွေကို ပြန်ပြောမပြ

www.burmeseclassic.com

www.burmeseclassic.com



တတ်တော့ဘူး၊ အဲဒီလိုပဲ ပစ္စေကဗုဒ္ဓါတွေဟာ ကိုယ်တိုင်တော့ သစ္စာလေးပါးတရားကို သိထားတယ်၊ လူအ အိပ်မက်မက်သလိုပဲ သူတစ်ပါးကို ပြန်ပြီးပြောမပြတတ်ဘူး။

နောက် ဥပမာတစ်ခု ရှိသေးတယ်၊ တောမုဆိုးဟာ မြို့မှာ စားကောင်းသောက်ဖွယ် ဟင်းလျာတွေကို စားခဲ့ရတယ်။ ဒါပေမယ့် တောပြန်ရောက်တဲ့အခါ စားခဲ့တဲ့ ဟင်းလျာတွေရဲ့အရသာကို ပြန်ပြောမပြတတ်သလိုပဲတဲ့"

"တန်ခိုး သမာပတ်ကျတော့ကော ကိုလေး"

"တန်ခိုး သမာပတ်အရာမှာ မြတ်စွာဘုရားအောက်၊ သာဝကတွေအထက်မှာရှိတယ်။ အလယ်အလတ်တန်းစားပေါ့"

"သာဝက ဗောဓိဆုကို ဆက်ပါဦး ကိုလေး"

"သာဝက ဗောဓိဆုကလည်း သုံးမျိုးရှိတယ်...

(၁)အဂ္ဂသာဝက = တပည့်ထဲမှာ အမြတ်ဆုံးသာဝက

(၂) မဟာသာဝက= တပည့်သာဝကကြီး

(၃) ပကတိသာဝက= ရိုးရိုးသာဝက

အဲဒီ သုံးမျိုးထဲမှာ အဂ္ဂသာဝကဟာ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရတယ်။ ခု ဂေါတမဘုရားလက်ထက်မှာဆိုရင် ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ပဲပေါ့။



မဟာသာဝကဟာ ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ရတယ်။ ရှင်မဟာကဿပတို့လိုပေါ့။

ပကတိသာဝကတွေကတော့ ကာလအပိုင်းအခြား မရှိဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းပြီးသာဝကဘဝ ကာလတစ်ခုခုကစပြီး ဖြည့်ကျင့်ခဲ့တဲ့ ပါရမီပြည့်စုံရင် ပကတိသာဝကအဖြစ်ကို ရနိုင်တယ်။ အဲ...ဒီလောက်ဆို ညီမလေးသိချင်တာ ပြည့်စုံလောက်ပါပြီနော်"

"ဟုတ်ကဲ့ ကိုလေး ပြည့်စုံပါပြီ။ ကျေးဇူးပါပဲ ကိုလေးရယ်"

—

<u>ကျမ်းကိုး</u>

၁။ <u>ကျမ်းဦးမှတ်ဖွယ်</u>

၂။ <u>တိပိဋကယောဆရာတော်၏ ဟောပြောပို့ချချက်များ</u>

www.burmeseclassic.com

www.burmeseclassic.com

## ဝိရတိ (၃)ပါး

"ကိုလေး"

"ဟာ...ညီမလေး၊ စာမကြည့်ဘူးလား"

"အို...ကိုလေးကလည်း ဆယ်နာရီ ထိုးပြီလေ၊ ကိုလေးကို မေးစရာရှိတာနဲ့ ထလာတာ"

"ငါ့ညီမကတော့ ကိုလေးကို ပညာရှင်မှတ်နေသလား မသိဘူး၊ ကဲ..ဆိုစမ်းပါဦး"

"ဟို...ဝိရတိတရားအကြောင်း သိချင်လို့"

"အင်း...ကိုလေးသိသလောက်တော့ ပြောပြရတာပေါ့၊ ဒီတစ်ခါ ပုဒ်တစ်ခုကိုပြောရင် သဘောတရားနဲ့၊ သာဓကနဲ့ တင်မကဘူး၊ သဒ္ဒါရေးပါ ထည့်ပြောရအောင်"

"သဒ္ဒါရေးမကလို့ သင်္ဂြိုဟ်ရေးပဲ ထည့်ပြောပြော နားလည်ဖို့က အဓိက မဟုတ်လား"

"ညီမလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သဒ္ဒါရေးတွေ ထည့်ပြောတဲ့အခါ ပါဠိတွေ ပါလာလိမ့်မယ်၊ ပါဠိတွေ



ပါလာရင် ညီမလေး အိပ်ချင်လာမှာစိုးလို့"

"ဟာ ကိုလေးကလည်း အထင်သေးလိုက်တာ၊ အဘိဓမ္မာ ဒုတိယဆင့် အောင်ပြီးသားဆိုတာ မေ့နေပြီလား"

"ကဲ...ထားပါတော့ ထားပါတော့၊ တရားစကား ဆွေးနွေးနေတဲ့အခါ အကုသိုလ်ဇောတွေ စောနေရင် မကောင်းဘူး၊ ကုသိုလ်ဇောတွေပဲ စောကြရအောင်"

"ဟုတ်ကဲ့"

"ပြီးတော့ ပရမတ္ထတရားတွေဟာ အမှန်ရှိပေမယ့်အလွန်နက်နဲတယ်၊ သာမန်ဉာဏ်မျိုးနဲ့ မသိမမြင်နိုင်ဘူး၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတောင် အတော်ထင်မြင်အောင် လက္ခဏာဒိ စတုက္ကနည်းဖြစ်တဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနဲ့ အဖန်ဖန် ဆင်ခြင်ရတယ်၊ အဋ္ဌကထာကျမ်းတွေမှာဆို ပရမတ္ထတရားတွေကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနဲ့ ဖွင့်ကြတယ်၊ အထူးသဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းမှာပဲ၊ ဒါကြောင့် ကိုလေးတို့လည်း ပရမတ္ထတရားတွေကို ဆွေးနွေးတဲ့အခါ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနဲ့ သုံးသပ်ပြီး ဆွေးနွေးရအောင်"

"နေပါဦး ကိုလေးရ၊ အဲဒီ ခုနကပြောတဲ့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေရဲ့ အဓိပ္ပါယ်တွေကို အရင်ရှင်းပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟုတ်တယ်၊ ကိုလေး ပြောတာ လောသွားတယ်၊ လက္ခဏဆိုတာက အမှတ်အသား လက္ခဏာကိုခေါ်တာ၊ လူတစ်ဦးတစ်ယောက်မှာ ပိန်တယ်၊ ဝတယ်၊ လှတယ်၊ မလှဘူးဆိုတဲ့ အမှတ်အသား လက္ခဏာတွေ ရှိသလိုပဲ ပရမတ္ထတရားတွေမှာလည်း ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ် သိဖို့အတွက် အမှတ်အသား တစ်မျိုးစီရှိတယ်၊ အဲဒီအမှတ်အသားကို လက္ခဏာလို့ခေါ်တယ်...

ရသမှာ ကိစ္စရသ၊ သမ္ပတ္တိရသဆိုပြီး နှစ်မျိုးရှိတယ်၊ ပရမတ္ထတရားတွေရဲ့ ပြုဖွယ်ကိစ္စကို ကိစ္စရသလို့ ခေါ်တယ်၊ အကြောင်းစုံညီဖြစ်ပုံကို သမ္ပတ္တိရသလို့ခေါ်တယ်...

ပစ္စုပဋ္ဌာန်မှာလည်း ဖလပစ္စုပဋ္ဌာန်နဲ့ ဉပဋ္ဌာနာကာရပစ္စုပဋ္ဌာန်ဆိုပြီး နှစ်မျိုးရှိတယ်၊ ဖလပစ္စုပဋ္ဌာန်ဆိုတာက ကိစ္စရသကြောင့် ရထိုက်တဲ့အကျိုးကိုခေါ်တာ၊ ဉပမာ အလုပ်ကိစ္စတစ်ခုလုပ်ရင် အခကြေးငွေဆိုတဲ့ အကျိုးတစ်ခု ရသလိုပေါ့၊ ဉပဋ္ဌာနာကာရပစ္စုပဋ္ဌာန် ဆိုတာက တရားကို ဆင်ခြင်တဲ့အခါ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ ထင်မြင်လာတဲ့ အခြင်းအရာကို ခေါ်တာ၊ ဉပမာ ပစ္စည်းတစ်ခုခုကို အကဲခတ်ရင် အကဲခတ်သူရဲ့ စိတ်ထဲမှာ မှတ်ချက်ချစရာ တစ်မျိုးမျိုးပေါ်လာသလိုပေါ့။

ပဒဋ္ဌာန်ဆိုတာကတော့ ပရမတ္ထတရား ဖြစ်ရခြင်းရဲ့ အနီးဆုံး အကြောင်းတရားကို ခေါ်တာပဲ၊ ကဲ...ရှင်းပြီလား"



"ရှင်းပြီ ကိုလေး"

"ဝိရတိကို ဆက်ကြရအောင်"

"ဟုတ်ကဲ့"

"ဝိရတိကို တိုက်ရိုက်အနက်ပြန်ရင် ရှောင်ကြဉ်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဝိဂြိုဟ်ဆိုရင်တော့ ပါဏာတိပါတာဒီဟိ ဧတာယ ဝိရမန္တီတိ ဝိရတိ၊ အဲဒီလို ဆိုရမှာပဲ"

"အနက်ပေးပြပါဦး ကိုလေးရ"

"ဧတာယ–ဤတရားသဘောဖြင့်၊ ပါဏာတိပါတာဒီဟိ ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့မှ၊ ဝိရမန္တိ–ရှောင်ကြဉ်တတ်ကုန်၏၊ ဣတိတသ္မာ–ထို့သို့ ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ကြောင်း၏ အဖြစ်ကြောင့်၊ တာဓမ္မဇာတိ–ထိုတရားသဘောသည်၊ ဝိရတိ–ဝိရတိမည်၏တဲ့၊ သဘောကောပေါက်ရဲ့လား"

"ပေါက်ပါတယ် ကိုလေး၊ အဲဒီ ဝိရတိကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌန်၊ ပဒဋ္ဌာန်တွေနဲ့ ဝေဖန်ပြပါဦး"

"ပါဠိတွေကတော့ ဆိုမပြတော့ဘူးနော်၊ မြန်မာလိုပဲ ပြောပြမယ်"

"ဟုတ်ကဲ့ ကိုလေး"

"ဝိရတိတရားဟာ လက္ခဏာအနေနဲ့ ကာယဒုစရိုက် အစရှိတဲ့ ဝတ္ထုတွေကို မလွန်ကျူးခြင်း လက္ခဏာရှိတယ်၊ ရသအနေနဲ့ ကာယဒုစရိုက်စတဲ့ ဝတ္ထုတွေမှာ တွန့်ဆုတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိတယ်၊ ပစ္စုပဋ္ဌာန်အနေနဲ့ ကာယဒုစရိုက်အစရှိတဲ့ ဝတ္ထုတွေကို မပြုမကျင့် ရှောင်ကြဉ်ရမယ်လို့ ကမ္မဋ္ဌာန်းအား ထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ ထင်လာတယ်၊ ပဒဋ္ဌာန် အနေနဲ့ကတော့ သဒ္ဓါ၊ ဟိရီဩတ္တပ္ပ၊ အပိစ္ဆတာ အစရှိတဲ့ ဂုဏ်အပေါင်းနဲ့ နီးစွာသော အကြောင်းရှိတယ်၊ ဆိုလိုတာ ကတော့ အဲဒီ သဒ္ဓါ၊ ဟိရီစတဲ့ တရားတွေရှိမှသာ ဒုစရိုက်တွေ ကို ရှောင်ကြဉ်နိုင်မယ်ပေါ့

ပြီးတော့ ဝိရတိက သုံးမျိုးရှိတယ်"

"ပြောပါဦး၊ ဝိရတိ သုံးမျိုးကို"

"ဝိရတိသုံးမျိုးက...

(၁) သမ္ပတ္တဝိရတိ၊

(၂) သမာဒါနဝိရတိ၊

(၃) သမုစ္ဆေဒဝိရတိတဲ့ သုံးမျိုးပေါ့၊ သိက္ခာပုဒ်တွေကို သီးသန့် ဆောက်တည်မထားဘူး၊ ဒါပေမယ့် 'ငါတို့ဟာ အမျိုး မြတ်တယ်၊ ငါတို့ဟာ အရွယ်ကြီးတယ်၊ ငါတို့ဟာ ဗဟုသုတ ဂုဏ်ရှိတယ်' အဲဒီလို ဆင်ခြင်တယ်၊ ပြီးတော့ 'ငါတို့အနေနဲ့ ဒီလိုမကောင်းမှုကို မပြုသင့်ဘူး' အဲဒီလို နှလုံးသွင်းပြီး မိမိ ရှေ့မှာရောက်လာတဲ့ ဒုစရိုက်အမှုကို မလွန်ကျူးဘူး၊ ရှောင် ကြဉ်တယ် စောင့်စည်းတယ်. အဲဒီလို ရှောင်ကြဉ်မှုမျိုးကို သမ္ပတ္တဝိရတိလို့ ခေါ်တယ်"

"ခဏနေဦး ကိုလေး၊ အဲဒီလို သိက္ခာပုဒ်ကို ဆောက် တည် မထားဘဲ ကိုယ့်ရှေ့မှာ ရောက်လာတဲ့ ဒုစရိုက်အမှုကို



ရှောင်ကြဉ်လိုက်တဲ့အတွက် သမ္ပတ္တဝိရတိဖြစ်ပုံ သာဓက ဝတ္ထုတွေ ဘာတွေ မရှိဘူးလား"

"ရှိတာပေါ့ ညီမလေးရာ"

"ရှိရင် ပြောပြစမ်းပါဦး ကိုလေး"

"သီဟိုဠ်ကျွန်းမှာ ဇက္ကနဆိုတဲ့ သူငယ်တစ်ယောက် ရှိတယ်၊ တစ်နေ့မှာ ဇက္ကနရဲ့အမေဟာ ရောဂါတစ်ခုဖြစ်တယ်၊ အဲဒီတော့ ဆေးဆရာပင့်ပြီး ကုရတော့တာပေါ့၊ ဆေးဆရာ က ပြောတယ်၊ အသက်ရှင်ဆဲ ယုန်သား၊ ဒါမှမဟုတ် လတ် လတ်ဆတ်ဆတ် ယုန်သားကို ကျွေးရမယ်တဲ့၊ ဒါနဲ့ ဇက္ကနရဲ့ အစ်ကိုက ဇက္ကနကို 'ငါ့ညီ အမေ့ရဲ့ ဓာတ်စာအတွက် တော ထဲကို ယုန်သွားရှာချေ'လို့ဆိုပြီး ယုန်အရှာ လွှတ်လိုက်တယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ တောထဲရောက်တော့ ယုန်တစ်ကောင် က မြက်နုတွေစားဖို့အလာ ဇက္ကနနဲ့ သွားတွေ့တယ်၊ ယုန်က ဇက္ကနကို မြင်တော့ ကြောက်လန့်ပြီး ထွက်ပြေးတော့တာပေါ့၊ ဒါပေမယ့် နွယ်တွေနဲ့ပိတ်ပြီး မပြေးနိုင်ဘဲ ဖြစ်နေတယ်၊ ကိရိ...ကိရိလို့ အော်နေရတော့တာပေါ့။ ဇက္ကနက အသာလေး ဖမ်းယူလိုက်တယ်၊ 'ငါ့အမေအတွက် ဓာတ်စာရပြီ'ဆိုပြီး ဝမ်း မြောက်သွားတယ်၊ ဒါပေမယ့် ဇက္ကနက တစ်ခါပြန်စဉ်းစား တယ်၊ 'ငါ့အမေရောဂါ ပျောက်ဖို့အတွက် တစ်ဖက်သားကို သတ်မယ်ဆိုတာ အဓိပ္ပါယ် မရှိလှဘူး'ပေါ့၊ ကိုင်ထားတဲ့ ယုန်လေးကို ကြည့်လိုက်ပြန်တော့လည်း အတော်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



လန့်နေတယ်၊ ဒါနဲ့ ဇဂ္ဂနလည်း ဘာမှ စဉ်းစားမနေတော့ဘဲ ယုန်ကလေးရေ တောထဲမှာ မင်းရဲ့အဖော်တွေနဲ့ မြက်နုတွေ သွားစားတော့'ဆိုပြီး လွှတ်လိုက်တယ်။

ဇဂ္ဂနလည်း လက်ချည်း အိမ်ပြန်လာခဲ့တယ်၊ အိမ်ရောက်တော့ ဇဂ္ဂနအစ်ကိုက ယုန်ရခဲ့လားလို့ မေးတော့တာပေါ့၊ ဇဂ္ဂနက တောထဲမှာဖြစ်ခဲ့တဲ့ အကြောင်းစုံကို ပြောပြတယ်၊ အဲဒီတော့ ဇဂ္ဂနအစ်ကိုက ဇဂ္ဂနကို ဒေါကန်ပြီး ဆဲရေးတော့တာပေါ့၊ ဒါပေမယ့် ဇဂ္ဂနက အစ်ကိုကို ခွန်းတုံ့မပြန်ဘူး၊ အိပ်ရာထဲမှာလဲနေတဲ့ ရောဂါသည် အမေနား သွားထိုင်တယ်၊ ပြီးတော့ 'ကျွန်ုပ်သိနားလည်သော အချိန်မှစ၍ သတ္တဝါဟူသမျှ အမှတ်ရှိသည်ဖြစ်၍ သေစေလိုသော ဆန္ဒနှင့် သတ္တဝါကို မသတ်ဖူးပါ' အဲဒီလို သစ္စာဆိုတယ်၊ သစ္စာဆိုဆဲ ခဏမှာပဲ ဇဂ္ဂနအမေရဲ့ ရောဂါဟာ ပျောက်သွားတယ်။

ဒီဝတ္ထုကို ညီမလေးကြည့်၊ ဇဂ္ဂနဟာ သိက္ခာပုဒ် သီးသန့် ဆောက်တည်မထားဘူး၊ ဒါပေမယ့် မိမိရှေ့မှာ ရောက်လာတဲ့ ယုန်ကို သတ်ရမယ့် ဒုစရိုက်အမှုကို ရှောင်ကြဉ်လိုက်တယ်၊ ဒီတော့ သမ္ပတ္တဝိရတိ ဖြစ်သွားတော့တာပေါ့"

"ဝတ္ထုလေးက စိတ်ဝင်စားစရာပဲနော် ကိုလေး၊ သမာဒါန ဝိရတိကို ဆက်ပြောပါဦး"

"အေး ဆက်ပြောတာပေါ့၊ ဒီတစ်ခါကျတော့ သိက္ခာပုဒ်တွေကို သီးသန့်ဆောက်တည်ထားတယ်၊ သိက္ခာပုဒ်ဆောက်



တည်ရာအခါနဲ့ သိက္ခာပုဒ် ဆောက်တည်ပြီးအခါမှာ မိမိရဲ့ အသက်ကိုတောင် စွန့်ပြီး ကိုယ့်ရှေ့ရောက်လာတဲ့ လွန်ကျူးထိုက်တဲ့ ဒုစရိုက်အမှုကို မလွန်ကျူးဘူး၊ ရှောင်ကြဉ်တယ်၊ စောင့်စည်းတယ်၊ အဲဒီလို ရှောင်ကြဉ်မှုမျိုးကို သမာဒါန ဝိရတိ ဟုခေါ်တယ်"

"သမာဒါနဝိရတိဖြစ်ပုံ ဝတ္ထုတစ်ပုဒ်လောက် ပြောပြပါဦး ကိုလေး"

"တစ်ခါက ဥပါသကာတစ်ယောက် ရှိတယ်၊ တစ်နေ့မှာ အဲဒီ ဥပါသကာဟာ အမ္ဗရိယကျောင်းမှာ သီတင်းသုံးနေတဲ့ ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်ရဲ့ အထံမှာ သိက္ခာပုဒ်တွေကို ဆောက်တည်တယ်၊ ပြီးတော့ လယ်တောသွားပြီး လယ်ထွန်တယ်၊ လယ်ထွန်ပြီးတော့ နွားရင်း နွားက ပျောက်သွားတယ်၊ ဒါနဲ့ ဥပါသကာလည်း နွားပျောက် ရှာရတော့တာပေါ့၊ နွားပျောက်ရှာရင်းနဲ့ ဥတ္တရဝဍ္ဍမာန တောင်ပေါ်ကို ရောက်သွားတယ်၊ တောင်ပေါ်ရောက်တော့ ဥပါသကာကို စပါးကြီးမြွေတစ်ယောက်က ရစ်ပတ်ထားလိုက်တယ်၊ အဲဒီအချိန်မှာ ဥပါသကာရဲ့ ပခုံးမှာ အရိုးတပ်ထားတဲ့ အသွားထက်ထက် ပဲခွပ်တစ်လက်ပါလာတယ်၊ ဒါနဲ့ ဥပါသကာလည်း 'ဒီအသွားထက်ထက် ပဲခွပ်နဲ့ စပါးကြီးမြွေရဲ့ ဦးခေါင်းကို ဖြတ်မယ်'အဲဒီလို အကြံဖြစ်တယ်၊ ဒါပေမယ့် ဥပါသကာက ပြန်ပြီး စဉ်းစားတယ်၊ ဘယ်လို စဉ်းစားသလဲဆိုတော့ ငါဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမထေရ်ထံမှာ သိက္ခာပုဒ်တွေ ဆောက်တည်ခဲ့တယ်၊ ဆောက်တည်ပြီးသား သိက္ခာပုဒ်တွေကို မဖျက်သင့်ဘူး'ပေါ့၊ အဲဒီလို သုံးကြိမ်းသုံးခါ စဉ်းစားပြီး 'ကဲပါလေ ငါ့ရဲ့အသက်ကိုပဲ စွန့်တော့မယ်၊ ဆောက်တည်ထားတဲ့ သိက္ခာပုဒ်တွေကိုတော့ မစွန့်တော့ပါဘူး' အဲဒီလို ယတိပြတ်ဆုံးဖြတ်ပြီး ပခုံးမှာ လွယ်ထားတဲ့ အသွားထက်ထက် ပဲခွပ်ကို တောထဲ စွန့်ပစ်လိုက်တယ်၊ အဲဒီခဏမှာပဲ စပါးကြီးမြွေက ဥပါသကာကို လွှတ်ပြီး တခြားဆင်းသွားတယ်။

ကဲ...ညီမလေး ဒီဝတ္ထုကိုကြည့်၊ ဥပါသကာဟာ ဆရာမထေရ်ဆီမှာ သိက္ခာပုဒ်တွေ ဆောက်တည်ခဲ့တယ်၊ လွန်ကျူးထိုက်တဲ့ မြွေဆိုတဲ့ ဒုစရိုက်အမှုကို တွေ့တယ်၊ ဒါပေမယ့် အသက်ကိုသာ စွန့်မယ်၊ သိက္ခာပုဒ်တွေကို မစွန့်ဘူးဆိုပြီး ကိုယ့်ရှေ့ရောက်လာတဲ့ ဒုစရိုက်အမှုကို မလွန်ကျူးဘူး၊ ရှောင်ကြဉ်တယ်၊ စောင့်စည်းတယ်၊ အဲဒီတော့ သမာဒါနဝိရတိ ဖြစ်တော့တာပေါ့"

"ကိုလေးကို ညီမလေး တစ်ခုမေးမယ်"

"တစ်ခုမကဘူး ကြိုက်သလောက် မေးပါဗျာ"

"ထားပါတော့၊ ညီမလေးက စကားအရ ပြောတာပါ၊ ဥပါသကာဟာ တောင်ပေါ်အရောက်မှာ တကယ်လို့ စပါးကြီးမြွေကို မတွေ့ခဲ့ရင် အဲဒီဥပါသကာမှာ သမာဒါနဝိရတိ ဖြစ်မလား"



"ဟာ...ဘယ်ဖြစ်မှာလဲ ညီမလေးရဲ့၊ သိက္ခာပုဒ်ဆောက်တည်ပြီး တောင်ပေါ်ရောက်တဲ့အထိ ဝိရတိ မဖြစ်သေးဘူး၊ မြွေကို မသတ်ဘဲ ရှောင်ကြဉ်လိုက်မှ ဝိရတိ ဖြစ်သွားတာ"

"ြသော်"

"ကဲ...သမုစ္ဆေဒဝိရတိကို ဆက်ပြောရအောင်"

"ဟုတ်ကဲ့"

"ဒုစရိုက်အမှုတွေကို အကြွင်းမဲ့ ပယ်ဖြစ်ပြီး ရှောင်ကြဉ်တာကို သမုစ္ဆေဒဝိရတိလို့ ခေါ်တယ်၊ ဒီဝိရတိက ပုထုဇဉ်ပုဂ္ဂိုလ်တွေနဲ့ မဆိုင်တော့ဘူး၊ အရိယာ ရဟန္တာတွေမှာ ဖြစ်တဲ့ဝိရတိ၊ အရိယာ ရဟန္တာတွေဟာ သူတစ်ပါးအသက်ကို သတ်မယ်ဆိုတဲ့စိတ် ဘယ်တော့မှ မဖြစ်တော့ဘူး၊ ဒုစရိုက်အမှုတွေကို အကြွင်းမဲ့ ပယ်ဖြတ်ပြီးပြီ၊ ကဲ ညီမလေး ဘာမေးစရာရှိသေးလဲ"

"မေးစရာတော့ မရှိတော့ပါဘူး၊ ကျေးဇူးပါပဲ ကိုလေး"

<u>ကျမ်းကိုး</u>

<u>အဌသာလိနီအဋ္ဌကထာ (ဝိရတိအဖွင့်)</u>
<u>သင်္ဂြိုဟ်ဘာသာဋီကာ</u>

www.burmeseclassic.com

www.burmeseclassic.com

# နိယာမ (၅) ပါး

"ကဲ ဒီနေ့ ညီမလေး ကိုလေးကို ဘာမေးစရာရှိလဲ"

"ဟာ...အတော်ပဲ၊ ညီမလေး နိယာမရဲ့ သဘောတရားကို သိချင်တယ်"

"နိယာမအကြောင်း သိချင်တော့လည်း ပြောပြရတာပေါ့။ ဒါနဲ့ နိယာမသဒ္ဒါရဲ့ အနက်ကို ညီမလေး ဘယ်လိုနားလည်ထားသလဲ"

"နိယာမသဒ္ဒါဟာ မြဲခြင်းလို့ အနက်ထွက်တယ် မဟုတ်လား ကိုလေး"

"ဟုတ်တယ် ညီမလေး၊ လယ်တီဆရာတော်ဘုရားကြီးကလည်း နိယာမနဲ့ ပတ်သက်လို့ နိယာမဒီပနီဆိုပြီး စာအုပ်တစ်အုပ် ရေးထားတာ ရှိတယ်။ အဲဒီစာအုပ်ထဲမှာ နိယာမရဲ့ ဆိုလိုရင်းကို ရေးထားတာရှိတယ်"

"ဟုတ်ကဲ့"

"နိယာမတရားဆိုတာ တစ်စုံတစ်ယောက်သော လူ၊ တစ်စုံတစ်ယောက်သော နတ်၊ တစ်စုံတစ်ယောက်သော



သိကြား၊ တစ်စုံတစ်ယောက်သော ဗြဟ္မာ၊ တစ်စုံ တစ်ယောက်သော သူတို့ရဲ့ ပြုလုပ်မှု၊ ဖန်ဆင်းမှုတို့နှင့် မစပ်ဆိုင်ဘဲ ဓာတ်သဘာဝအလျောက် မဖောက်မပြန် အမှန်အမြဲ မလွဲမပြောင်း သူ့အကြောင်း သူ့အကျိုး သူ့အနွယ်နဲ့ သူ့အမျိုး အရိုးမပျက် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွားနေမှုကို နိယာမတရားလို့ဆိုတယ်။

နောက် ...ဆရာတော် အရှင်ဇနကာဘိဝံသက အဋ္ဌသာလိနီဘာသာဋီကာမှာ ရေးထားတာ ရှိသေးတယ်။ ကဲ...နားထောင်၊ ကိုလေး ဖတ်ပြမယ်...

'သဘာဝဓမ္မတို့၏ မိမိသဘော မိမိကိစ္စတို့ဖြင့် အကျိုးပစ္စုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်ဟူသော သတ္တိကို နိယာမ မြဲသောသဘောဟု ဆိုသည်။ (တစ်နည်း) သဘာဝဓမ္မတို့၏ မိမိသဘော မိမိကိစ္စရှိသော ပစ္စုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်ဟူသော သတ္တိကို နိယာမ မြဲသောသဘောဟု ဆိုသည်'

ဒါက ဆရာတော် အရှင်ဇနကာဘိဝံသ ရေးပြတာ၊ ညီမလေး ပျင်းနေပြီလား"

"မပျင်းပါဘူး ကိုလေးရ"

"ကိုလေးက အကြောင်းအရာတစ်ကိုပြောရင် အခြေခံကပဲ စပြောချင်တာ၊ ဒါကြောင့် အခြေခံတွေကို အရင်ပြောပြနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါ ကိုလေး၊ ညီမလေး စိတ်ဝင်စားပါတယ်"

"နိယာမက ငါးမျိုး ရှိတယ်။ (၁) ဗီဇနိယာမ၊ (၂) ဥတုနိယာမ (၃) ကမ္မနိယာမ၊ (၄) ဓမ္မနိယာမ၊ (၅) စိတ္တနိယာမ၊ ပေါင်း ငါးမျိုးပေါ့"

"အဲဒီ နိယာမတစ်ခုချင်းရဲ့ အဓိပ္ပါယ်တွေကို ရှင်းပြပါဦး ကိုလေး"

"အေး...ပြောပြတာပေါ့။ ဗီဇနိယာမမှာ ဗီဇသဒ္ဒါဟာ မျိုးစေ့လို့ အနက်ထွက်တယ်။ ဘယ်သူကမှ မပြုမပြင် မဖန်တီးဘဲနဲ့ မြက်သစ်ပင်တွေဟာ မျိုးစေ့ရဲ့ တန်ခိုးသတ္တိကြောင့် အစဉ်အမြဲ ဖြစ်ပေါ်နေတယ်။ ဒါကို ဗီဇနိယာမ မျိုးစေ့ရဲ့ တန်ခိုးသတ္တိကြောင့် ဖြစ်တယ်ပေါ့။ ကုလားပဲပင်ဟာ မြောက်အရပ်ကို အညွန့်ထွက်နေတတ်တယ်။ နေကြာပန်းတွေဟာ နေရှိရာအရပ်ကို မျက်နှာမူနေတတ်တယ်။ ဒက္ခိဏာနွယ်ဟာ သစ်ပင်ကို တောင်အရပ်ကနေ နွယ်တက်တတ်တယ်။ မာလောနွယ်ဟာ သစ်ပင်ရှိရာကို ရှေးရှုသွားတယ်။ အုန်းသီးရဲ့ထိပ်မှာ အပေါက်ရှိနေတတ်တယ်။ ဒီလို ဖြစ်နေတာတွေဟာ ဘယ်သူကမှ ပြုပြင်စီရင်ထားတာ မဟုတ်ဘူး။ မျိုးစေ့ရဲ့ တန်ခိုးသတ္တိကြောင့် ဖြစ်နေတာပဲ။ ဒီသဘောကို ဗီဇနိယာမလို့ ခေါ်တယ်။

ဥတုနိယာမ ဆိုတာကတော့ ဘယ်သူမှ မဖန်တီးဘဲနဲ့ ဥတုရဲ့ တန်ခိုးသတ္တိကြောင့် ဖြစ်နေတာကို ခေါ်တာ၊ ဥပမာ-



တန်ခူးလမှာ ကံ့ကော်ပန်း ပွင့်တယ်။ တခြား လတွေမှာလည်း သူ့လနဲ့သူ ဆိုင်ရာပန်းတွေ ပွင့်ကြတယ်။ ဥတုကြောင့် ဖြစ်တာကို ဥတုနိယာမလို့ ခေါ်တယ်။

ကမ္မနိယာမအကြောင်း ဆက်ရအောင်၊ ကမ္မနိယာမကတော့ လူတွေနဲ့ သက်ဆိုင်တယ်လို့ ထင်ပါတယ်။ အဋ္ဌကထာ မှာ အကျယ်တဝင့် ဖွင့်ထားတယ်။ ရှေ့ကပြုခဲ့တဲ့ ကံရဲ့ တန်ခိုးသတ္တိကြောင့် ဖြစ်တာကို ကမ္မနိယာမလို့ ခေါ်တယ်။ ဒီကမ္မနိယာမဖြစ်ပုံကိုဝတ္ထုသုံးပုဒ်နဲ့ ပြထားတယ်"

"ကမ္မနိယာမနဲ့ ပတ်သက်လို့ ပြောပါဦး။ ဝတ္ထုသုံးပုဒ် ဆိုတာကို"

"မြတ်စွာဘုရားရှင် လက်ထက်က သာဝတ္ထိမြို့ရဲ့ တံခါး အနီးမှာ ရွာတစ်ရွာ ရှိတယ်။ တစ်နေ့တော့ အဲဒီရွာက မီး လောင်နေတဲ့ မြက်ကရွတ်ခွေတစ်ခွေဟာ လွင့်တက်လာပြီး တိုက်တိုက်ဆိုင်ဆိုင်ပဲ ကောင်းကင်မှာ ပျံနေတဲ့ ကျီးတစ် ကောင်ရဲ့ လည်ပင်းကို သွားစွပ်တယ်။ ကျီးက မြေမှာကျပြီး သေသွားတယ်။

နောက်ဝတ္ထုတစ်ပုဒ်က သမုဒ္ဒရာထဲမှာ လှေကြီးတစ်စင်း ဟာ လှေအောက်မှာ တစ်ခုခုခံနေလို့ ရှေ့ဆက်မသွားနိုင်ဘဲ ဖြစ်နေတယ်။ ဒါကို မသိကြဘူး။ ဘာလုပ်ကြသလဲဆိုတော့ 'ငါတို့လှေမှာ သူယုတ်မာပါပြီ'ဆိုပြီး မဲချကြတယ်။ မဲချတော့ လှေသူကြီးရဲ့ မယားလက်ထဲကို သုံးကြိမ်သုံးခါကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ လေ့သူကြီးက 'လူတစ်ယောက်အတွက်နဲ့တော့ အားလုံး မပျက်စီးသင့်ဘူးပေါ့၊ ဒါပေမယ့် ဒီအတိုင်း ရေထဲ ပစ်ချရင် ပေါလောပေါ်နေမှာ သူမကြည့်ရက်ဘူးပေါ့။ ဒါကြောင့် ရေထဲတစ်ခါတည်း မြုပ်သွားအောင် သဲအိုးကို လည်ပင်းမှာချည်ပြီးပစ်ချပါ"လို့ ပြောတယ်။ ပြောတဲ့အတိုင်း ပစ်ချလိုက်တော့ လှေက မြားတစ်စင်း ပစ်လွှတ်လိုက်သလို တစ်ဟုန်ထိုး ပြေးထွက်သွားတော့တာပဲတဲ့။

နောက်တစ်ပုဒ်ကတော့ ရဟန်းတစ်ပါးဟာ တောင်ခြေ ရင်းမှာရှိတဲ့ လိုဏ်ဂူတစ်ခုမှာ သီတင်းသုံးနေတယ်။ အဲဒီ အချိန်မှာ အပေါ်မှာရှိတဲ့ တောင်ထွတ်ကြီးတစ်ခုဟာ ပြိုကျပြီး လိုဏ်ပေါက်ဝကိုပိတ်သွားတယ်။ နောက်ခုနစ်ရက်အကြာမှာ အလိုလိုပွင့်သွားတယ်။

ဒီဝတ္ထုသုံးပုဒ်ဖြစ်နေချိန်မှာ မြတ်စွာဘုရားက ဇေတဝန် ကျောင်းတော်မှာ တရားဟောနေတယ်။ ဒီတော့ ဒီအကြောင်း တွေကို မြတ်စွာဘုရားကို လျှောက်တယ်။ မြတ်စွာဘုရားက...

'ဒီအမှုတွေဟာ တစ်စုံတစ်ယောက်သူက ဖန်တီးတာ မဟုတ်၊ မိမိပြုခဲ့တဲ့ကံက ဖန်တီးတာပဲ'လို့ မိန့်တော်မူပြီး ဒီလိုဖြစ်ရခြင်းရဲ့ အတိတ်ကံကို ပြန်ဟောပြတယ်။

ကျီးဟာ ရှေ့ဘဝက လူဖြစ်တဲ့အခါမှာ နွားကြမ်းတစ် ကောင်ကို မဆုံးမနိုင်ဘဲ ဖြစ်နေတယ်။ ဒါနဲ့ နွားလည်ပင် မှာ ကောက်ရိုးစည်းကို ကရွတ်ခွေပြီး စွပ်လို့ မီးရှို့လိုက်တယ်။



အဲဒီမီးကြောင့်ပဲ နွားက သေသွားတယ်။

အဲဒီလူ သေတဲ့အခါ နောက်ဘဝမှာ ကျီးဖြစ်ပြီး ပြုခဲ့တဲ့ ကံကြောင့် ကောင်းကင်မှာ ပျံနေပေမယ့် လည်ပင်းမှာ မီးကွင်း စွပ်ပြီး သေရခြင်း ဖြစ်တယ်တဲ့။

ရေထဲပစ်ချခံရတဲ့ မိန်းမကတော့ ရှေ့ဘဝက ခွေးတစ် ကောင်နဲ့ အတော်ခင်တယ်။ တောသွားရင် အဲဒီခွေးနဲ့ သွား လေ့ရှိတယ်။ အတူပြန်လေ့ရှိတယ်။ အဲဒီတော့ လူတွေက အဲဒီမိန်းမကို 'ငါတို့ရဲ့ ခွေးမုဆိုးတော့ တောသွားပြီပေါ့'ဆိုပြီး စ,ကြတယ်။ ဒီလိုစတော့ အဲဒီမိန်းမက ရှက်တာပေါ့။ ဒါနဲ့ မိမိသွားတဲ့အခါ ခွေးကို မလိုက်နိုင်အောင် မောင်းမဲတယ်။ ဒါပေမယ့် ခွေးက သူ့ကိုခင်နေတော့ တားမြစ်မရဘူး။ ဒါနဲ့ပဲ ခွေးလည်ပင်းမှာ သဲတွေအပြည့်ထည့်ထားတဲ့ အိုးကိုချည်ပြီး ရေထဲပစ်ချလိုက်တယ်။ အဲဒီကံဟာ နောက်ဘဝမှာ သမုဒ္ဒရာ မှာ သွားနေပေမယ့် မလွတ်ဘူး။ ရေထဲ ပစ်ချခံရတယ်တဲ့။

"အင်း တကယ်လို့သာ အဲဒီမိန်းမဟာ ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုကို ဂရုမစိုက်ခဲ့ရင် ဘာမှဖြစ်မှာမဟုတ်ဘူးနော် ကိုလေး"

"ဟုတ်တာပေါ့ ညီမလေးရာ၊ ပတ်ဝန်းကျင်ဆိုတာက ဂရုစိုက်သင့်တဲ့ နေရာရှိသလို ဂရုမစိုက်သင့်တဲ့ နေရာလည်း ရှိတယ်။ ကိုယ်က အရာရာကို ချင့်ချိန် သုံးသပ်တတ်ဖို့ လိုတယ်။ ဂရုမစိုက်သင့်တဲ့ နေရာမှာ ဂရုစိုက်မိရင် ကိုယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



နစ်နာရတာ။ ဝေဖန်တဲ့ ပတ်ဝန်းကျင်က နစ်နာမှာ မဟုတ်ဘူး"

"ဒါကတော့ လောကဓံပေါ့နော် ကိုလေး"

"ဟုတ်တယ် ညီမလေး၊ လောကဓံတရားပဲ။ ကဲ ရှေ့ဆက်ရအောင်"

"ဟုတ်ကဲ့"

"လိုဏ်ပိတ်ခံရတဲ့ ရဟန်းကတော့ ရှေးဘဝက နွားကျောင်းသား ဖြစ်ခဲ့တယ်။ တစ်နေ့မှာ နွားကျောင်းရင်း ဖွတ်တစ်ကောင် တွင်းထဲဝင်သွားတာကို မြင်လိုက်တယ်။ ဒါနဲ့ သစ်ခက်တွေ ချိုးပြီးတွင်းဝကို ပိတ်ထားတယ်။ ခုနစ်ရက်ပြည့်တဲ့နေ့မှာ ပိတ်ထားတဲ့ တွင်းကို ဖွင့်တယ်။ အဲဒီတော့ ဖွတ်က အစာငတ်ပြီး တုံတုံရိရိနဲ့ တွင်းထဲက ထွက်လာတယ်။ နွားကျောင်းသားလည်း ဖွတ်ကို သနားပြီးမသတ်ဘဲ လွှတ်လိုက်တယ်။ အဲဒီကံကြောင့် ရဟန်းဖြစ်တဲ့ဘဝမှာ လိုဏ်ထဲဝင်နေပေမယ့် မလွတ်ဘူး။ ခုနစ်ရက်တိုင်တိုင် လိုဏ်ပိတ်ခံခဲ့ရတယ်တဲ့"

"ဒါတောင် သနားပြီး မသတ်ဘဲ လွှတ်လိုက်ပေလို့ပေါ့နော်။ သတ်မိရင် ပိုဆိုးမှာပဲနော် ကိုလေး"

"ဟုတ်တာပေါ့ ညီမလေးရာ၊ မြတ်စွာဘုရားက ဒီဝတ္ထုသုံးပုဒ်ကို ပေါင်းပြီး ဂါထာတစ်ပုဒ် ဟောတော်မူတယ်။ ကိုလေးဆိုပြမယ် နားထောင်...



န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။
မြန်မာလို ဘာသာပြန်ရင်တော့...

မကောင်းမှုပြုသူသည် ကောင်းကင်၌ နေသော်လည်း မကောင်းမှုမှ မလွတ်နိုင်၊ သမုဒ္ဒရာ၏ အလယ်၌ နေသော်လည်း မကောင်းမှုမှ မလွတ်နိုင်၊ တောင်စောင်းကျောက်ဂူ၌ ဝင်၍နေသော်လည်း မကောင်းမှုမှ မလွတ်နိုင်၊ မကောင်းမှုမှ လွတ်ရာ အရပ်မည်သည် မရှိနိုင်ပေ။

အခု ပြောတာတွေဟာ ကမ္မနိယာမရဲ့ သဘောတရားတွေ ပဲ ညီမလေး၊ ကိုလေးပြောတာ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ကိုလေးရဲ့"

"အေး ဒါဆို ဓမ္မနိယာမကို ဆက်ရအောင်၊ ဓမ္မနိယာမဆိုတာက ဘုရားအလောင်းတော်တွေရဲ့ ပဋိသန္ဓေယူတဲ့အခါ၊ အာယုသင်္ခါရလွှတ်တဲ့အခါ၊ ဓမ္မစကြာတရားကို ဟောတော်မူတဲ့အခါတွေမှာ ပုညဓမ္မသမ္ဘာရရဲ့ တန်ခိုးသတ္တိကြောင့် စကြဝဠာတစ်သောင်း တုန်လှုပ်မှုဖြစ်ခြင်းကို ခေါ်တာပဲ"

"နေပါဦး ကိုလေးရဲ့ အာယုသင်္ခါရ လွှတ်တယ်ဆိုတာ ဘာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အာယုသင်္ခါရ လွှတ်တယ်ဆိုတာ အုတ်ခဲတို့ ဘာတို့ကို လက်ကလွှတ်သလို လွှတ်တာမျိုး မဟုတ်ဘူး။ ဘယ်နေ့မှာတော့ ပရိနိဗ္ဗာန်ပြုမယ်လို့ ပိုင်းခြားတာကို ခေါ်တာ၊ သဘောပေါက်ရဲ့လား"

"ပေါက်ပါပြီ ကိုလေး"

"နောက်ဆုံးဖြစ်တဲ့ စိတ္တနိယာမ ဆိုတာကတော့ အဆင်းအသံစတဲ့ အာရုံတွေဟာ မျက်စိ၊ နားစတဲ့ ပသာဒများကို ထိခိုက်တဲ့အခါမှာ 'သင်ကတော့ အာဝဇ္ဇန်းမည်လော့၊ သင်ကတော့ ဇောမည်လော့'အဲဒီလို ဘယ်သူကမှ ပြုပြင်စီရင်မှုမရှိဘဲ သူ့ကိစ္စနဲ့သူ ဖြစ်နေတာကို ခေါ်တယ်။ ကိုင်း... ရှင်းပြီလား"

"အင်း ကိုလေး ပြောပြမှပဲ နိယာမအကြောင်း နားလည်သဘောပေါက်ရတော့တာပဲ။ ကျေးဇူးပါပဲ ကိုလေးရာ"

"ကောင်းပါပြီတဲ့ဗျာ"

ကျမ်းကိုး

အဋ္ဌသာလိနီ အဋ္ဌကထာ (နိယာမအဖွင့်)

နိယာမဒီပနီ (လယ်တီဆရာတော်)

အဋ္ဌသာလိနီဘာသာဋီကာ

(အရှင်ဇနကာဘိဝံသ)

## အဟိတ် (၃)ပါး

"ကိုလေး"

"ဆိုပါဦး"

"ညီမလေး အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ တရားသုံးပါးရဲ့ အကျိုးတရားတွေကို သိချင်လို့"

"လောဘ မရှိသူ၊ ဒေါသ မရှိသူ၊ မောဟ မရှိသူတွေ ရရှိကြတဲ့ အကျိုးတရားတွေပေါ့"

"ဟုတ်တယ် ကိုလေး"

"အဲဒီ တရားသုံးပါးကို အဟိတ်သုံးပါးလို့လည်း ခေါ်တယ်။ ဟိတ်မရှိတဲ့ တရားပေါ့။ ညီမလေး သိချင်တာတွေကို အဋ္ဌသာလိနီ အဋ္ဌကထာမှာ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပြထားတယ်။ အဲဒီ ကျမ်းထဲကပဲ ကိုလေး ပြောပြမယ်"

"အခုတလော ညီမလေး မေးသမျှတွေကို အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းထဲကပဲ ကိုလေး ဖြေနေတာပဲ"

"ဟ...ညီမလေးမေးတဲ့ အမေးရဲ့ အဖြေတွေကလည်း အဲဒီ ကျမ်းထဲမှာပဲ ရှိနေကြတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ကိုလေးပြောတဲ့ အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းဆိုတာ ဘာကို ပြောတာလဲဟင်"

"အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းဆိုတာက အဘိဓမ္မာ ခုနစ်ကျမ်းမှာ တစ်ကျမ်းအပါအဝင်ဖြစ်တဲ့ ဓမ္မသင်္ဂဏီကျမ်းရဲ့ အဖွင့်အကျယ်ကို ပြောတာပဲ၊ နိုင်ငံခြား ဘာသာနဲ့တောင် ဘာသာပြန်ထားတယ်လို့ ကြားတယ် စကားစပ်လို့ ပြောရရင် ဂေါတမဘုရားအလောင်း မိန်းမဘဝနဲ့ ဘုရားဆုပန်ခဲ့တဲ့အကြောင်းပါတဲ့ သောတ္တကီကျမ်းကို ပြုစုတဲ့ ရှင်ဗုဒ္ဓဃောသမထေရ်ရဲ့ တောင်းပန်မှုကြောင့် အရှင်မဟာဗုဒ္ဓဃောသမထေရ်က အဲဒီ အဋ္ဌသာလိနီကျမ်းကို ရေးသားခဲ့တာပဲ"

"ဩော်"

"ညီမလေး မေးတဲ့အကြောင်းအရာတွေကို အဲဒီကျမ်းမှာ အကျယ်ကြီး ဖွင့်ပြထားတယ်။ ဖွင့်သမျှ အကုန်ပြောပြနေရင်တော့၊ ဒီနေ့တစ်နေ့လုံး ပြီးတော့မှာမဟုတ်ဘူး။ အဲဒီတော့ ကိုလေးအကျဉ်းချုံးပြီးပဲ ပြောတော့မယ်နော်"

"ဟုတ်ကဲ့ ကိုလေး"

"ဒါနဲ့ အလောဘ၊ အဒေါသ၊ အမောဟ တရားသုံးပါးကို တစ်ခုချင်းပဲ ပြောပြရမလား၊ ဒါမှမဟုတ် သုံးခုစလုံး ပေါင်းပြီးပဲ ပြောပြရမလား"

"တစ်ခုချင်းပဲ ပြောပြပါ ကိုလေးရာ"

"အင်း...တစ်ခုချင်း ပြောပြဆိုပေမယ့် အချို့နေရာတွေမှာ တော့ ပေါင်းပြောမှ အဆင်ပြေမယ့် နေရာတွေရှိ



တယ်။ အဲဒီ နေရာတွေကျတော့ ပေါင်းပြောတာပေါ့"

"ဟုတ်ကဲ့ ကိုလေး"

"ပထမ အလောဘကို လက္ခဏာဒိ စတုက္ကနည်းနဲ့ ကြည့်ရင် အလောဘဟာ ရူပါရုံ၊ သဒ္ဒါရုံတွေကို မမက်မောခြင်း လက္ခဏာရှိတယ်တဲ့၊ တစ်နည်းအားဖြင့် ကြာဖက်ပေါ်မှာ ရေပေါက်ဟာ မငြိကပ်သလိုဘဲ၊ ရူပါရုံစတဲ့ ကာမဂုဏ်အာရုံတွေမှာ မငြိကပ်ခြင်း လက္ခဏာရှိတယ်။ ရဟန္တာပုဂ္ဂိုလ်ဟာ ဘာတစ်ခုကိုမှ လိုချင်သိမ်းပိုက်မှု မရှိတော့သလို ဘာမှ မသိမ်းပိုက်လိုခြင်း ကိစ္စရသရှိတယ်။ ပစ္စုပဋ္ဌာန်ကတော့ မစင်ထဲမှာ ကျနေတဲ့ ယောကျာ်းဟာ မစင်တွေ ကပ်ငြိနေပေမယ့် စိတ်အားဖြင့်တော့ မကပ်ငြိခြင်းကို အလိုရှိသလို လောဘနေယျ အာရုံ့ခတွနဲ့ ရောယှက်နေရပေမယ့် မကပ်ငြိလိုတဲ့ သဘောတရားလို့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ ရှေ့ရှုထင်လာတယ်။ ဒါလက္ခဏာဒိစတုက္က သဘောတရားနဲ့ ပြောပြတာ"

"ခဏ...ခဏ နေပါဦး၊ ကိုလေး စကားကို ဖြတ်ပြီး မေးရဦးမယ်။ အလောဘ၊ အဒေါသ၊ အမောဟ တရားသုံးပါးကို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ တရားသုံးပါးနဲ့တွဲလို့ ရတယ် ဆို ဟုတ်လား"

"ဟုတ်တယ်၊ တွဲလို့ရတယ်၊ ကြည့်...ညီမလေးကို တွဲပြမယ်။ အစဉ်အတိုင်းပဲ ဒါနတရားကြောင့် အလောဘဖြစ်တယ်တဲ့၊ ဒါနတရားများတဲ့ ပုဂ္ဂိုလ်တွေမှာ အလောဘ

www.burmeseclassic.com

www.burmeseclassic.com



တရားရှိတယ်လို့ ဆိုလိုတာပဲ။ နောက် သီလတရားကြောင့် အဒေါသဖြစ်တယ်။ ဘာဝနာတရားကြောင့် အမောဟ ဖြစ်တယ်တဲ့"

"နောက်ပြီးတော့ အဲဒီတရားသုံးပါးကို ဘုံအားဖြင့် ခွဲလို့ ရသေးတယ်ဆိုတာကော ဟုတ်လား ကိုလေး"

"ဟုတ်တယ်၊ ရတယ် ညီမလေးရဲ့။ ကဲ… နားထောင်၊ ကိုလေး ခွဲပြမယ်။ အလောဘတရား ရှိသူက ပြိတ္တာဘုံကို မရောက်ဘူးတဲ့။ အဒေါသတရား ရှိတဲ့သူဟာ ငရဲဘုံကို မကျ မရောက်ဘူးတဲ့။ အမောဟတရား ရှိတဲ့သူဟာ တိရစ္ဆာန်ဘုံကို ရောက်ဘူးတဲ့။ အမောဟတရား ရှိတဲ့သူဟာ တိရစ္ဆာန်ဘုံကို မရောက်ဘူးတဲ့"

"ဟယ်…ဒါဆို လောဘရှိတဲ့သူက ပြိတ္တာဖြစ်ရမယ်။ ဒေါသရှိတဲ့သူက ငရဲကျမယ်၊ မောဟရှိတဲ့ သူကတော့ တိရစ္ဆာန်ဖြစ်ရမယ်လို့ ဆိုလိုတာပေါ့၊ ဟုတ်လားဟင် ကိုလေး"

"ဟုတ်တာပေါ့"

"ကြောက်စရာကြီးနော် ကိုလေး"

"ကြောက်စရာကြီးပေါ့ ညီမလေးရာ၊ ညီမလေးမှာ ရှိနေတဲ့ ပစ္စည်းတွေကို လောဘတက်ပြီး မက်မောနေရင် ပြိတ္တာဖြစ်လိမ့်မယ်။ အဲဒီတော့ ညီမလေးမှာရှိတဲ့ ပစ္စည်းတွေကို ကိုလေးကို လှူလိုက်လေ"

"လှူလိုက်ပါပြီတဲ့။ ကိုလေးက ညီမလေး ပစ္စည်းတွေကို ဘာလုပ်မလဲ"



"ရောင်းစားမှာပေါ့"

"ဒါဆို…ကိုလေး ပြိတ္တာ ဖြစ်သွားမှာပေါ့"

"ဟာ… ဟုတ်သားပဲ။ ကဲ…ကဲ ဒါတွေထားလိုက်ပါ တော့၊ ရှေ့မရောက်ဘဲ နေတော့မယ်။ ရှေ့ဆက်ကြရအောင်။ အလောဘတရား ရှိတဲ့သူ ဒါမှမဟုတ် လောဘ မရှိတဲ့သူဟာ အနာကင်းတယ်။ ကျန်းမာတယ်တဲ့။ ဘာဖြစ်လို့ အနာကင်း ရ ကျန်းမာရသလဲဆိုတော့ လောဘမရှိတဲ့သူဟာ တပ်မက် နှစ်သက်မှု မရှိပေမယ့် မလျောက်ပတ်တဲ့ ဘောဇဉ် ဥတု စတာတွေကို ဘယ်တော့မှ မမှီဝဲဘူးတဲ့။ အဲဒီလို မမှီဝဲလို့ အနာရောဂါမရှိဘဲ ကျန်းမာနေတယ်တဲ့"

"နောက် လောဘ မရှိတဲ့သူဟာ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနေရတယ်တဲ့။ ဘာဖြစ်လို့ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံ နေရသလဲဆိုတော့ လောဘ မရှိတဲ့သူဟာ အမြဲတမ်း ပေးကမ်းလှူဒါန်းမှု ဒါနကို ပြုနေတယ်။ အဲဒီလို ပေးကမ်းလှူ ဒါန်းခြင်းကြောင့် စည်းစိမ်ဥစ္စာတွေဟာ ပစ္စုပ္ပန်ဘဝမှာသာ မကဘူး။ နောင်တမလွန်ဘဝအထိ တိုးပွားနေတယ်တဲ့။

နောက် အကျိုးတွေကတော့ လောဘ မရှိတဲ့သူဟာ ပထမစျာန်လေးပါးကို ရနိုင်တယ်။ ပြီးတော့ မိမိရဲ့ အသင်း အပင်း၊ အသိုက်အဝန်းမှာ ပင်ပန်းမှုမရှိဘဲ အေးအေးငြိမ်းငြိမ်း နေရတယ်တဲ့"

"ဒီနေရာမှာလည်း လောဘရှိတဲ့သူဟာ ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



ချို့တဲ့မယ်။ စည်းစိမ်ဥစ္စာချို့တဲ့မယ် စသည်ဖြင့် အဲဒီလို အပြန် အလှန်အားဖြင့် ယူရမှာပေါ့နော်။ ဟုတ်လား ကိုလေး"

"ဟုတ်တယ် ညီမလေး။ အပြန်အလှန်အားဖြင့် ယူရမယ်။ ကိုင်း...ဒေါသကို ဆက်ကြရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"အဒေါသတရားရှိတဲ့သူ၊ ဒါမှမဟုတ် ဒေါသ မရှိတဲ့သူဟာ အရွယ်အားဖြင့် ပျိုမျစ် နုနယ်နေတတ်တယ်တဲ့။ ဘာဖြစ်လို့အရွယ်အားဖြင့် ပျိုမျစ်နုနယ်နေရသလဲဆိုတော့ ဒေါသဆိုတဲ့မီးဟာ သတ္တဝါတွေကို အရေတွန့်ခြင်း၊ ဆံဖြူခြင်းစတဲ့ ဆိုးကျိုးတွေကို ပေးတယ်တဲ့။ ဒေါသမီးမလောင်တဲ့သူဟာ အရေတွန့်ခြင်း၊ ဆံဖြူခြင်းစတဲ့ ဆိုးကျိုးတွေကို မဖြစ်စေဘဲ အမြဲတမ်း နုပျိုနေရတယ်တဲ့"

"နောက် အကျိုးတွေကတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဈာန်ဆိုတဲ့ ဗြဟ္မဝိဟာရကို ရနိုင်တယ်။ သူတစ်ပါး အသင်းအပင်း အသိုက်အဝန်းမှာ ပူပန်မှုမရှိဘဲ အေးအေး ငြိမ်းငြိမ်းနေရတယ်တဲ့။ ရှင်းတယ်နော်။ ဒါဆို ကိုလေးတို့ နောက်ဆုံး တရားဖြစ်တဲ့ အမောဟကို ဆက်ကြရအောင်"

"ဟုတ်ကဲ့ ကိုလေး"

"မောဟ မရှိတဲ့သူဟာ အသက်ရှည်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ မောဟမရှိတဲ့သူဟာ မိမိရဲ့အစီးအပွားကို ဆောင်တတ်တယ်၊ မဆောင်တတ်ဘူး ဆိုတာကို ခွဲခြားသိ

BURMESE CLASSIC .com



တယ်တဲ့။ ဒါကြောင့် အစီးအပွားမဲ့ကို ရှောင်ပြီး အစီးအပွားကိုပဲ မှီဝဲတယ်။ အဲဒါကြောင့်မို့လို အသက်ရှည်ခြင်း ဖြစ်ရတာတဲ့။ နောက် မောဟမရှိတဲ့သူဟာ အစီးအပွားကိုပဲ အမြဲပြုနေတဲ့အတွက် မိမိကိုယ်မိမိ ပြည့်စုံနေရတတ်တယ်တဲ့။ ဖလသမာပတ်ဆိုတဲ့ အရိယာဝိဟာရကိုလည်း ရနိုင်တယ်။ အလယ်အလတ်ဖြစ်တဲ့ အသင်းအပင်း (လျစ်လျူရှုထိုက်တဲ့ အသင်းအပင်း)မှာ ပူပန်မှုမရှိဘဲ အေးအေး ငြိမ်းငြိမ်း နေရတယ်တဲ့၊ ကိုင်း...ရှင်းပြီလား"

"ရှင်းပါပြီ ကိုလေး၊ ရဟန္တာမဖြစ်သရွေ့ ပုထုဇဉ်ဘဝနဲ့တော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေကတော့ ရှိနေမှာပဲနော်"

"အဲဒီလို ကိုယ့်ကိုယ်ကိုယ် အပြစ်ပေါ့အောင် မပြောရဘူး ညီမလေးရဲ့။ ပုထုဇဉ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ ကတော့ ရှိနေမှာပဲ။ ဒါပေမယ့် ကိုလေးတို့ဟာ ရဟန္တာလို လောဘ၊ ဒေါသ၊ မောဟ ကင်းအောင် မလုပ်နိုင်ပေမယ့် လောဘ၊ ဒေါသ၊ မောဟ နည်းပါးအောင်တော့ လုပ်ရမယ်"

"ကိုလေး ပြောသလို လောဘ၊ ဒေါသ၊ မောဟတွေ ကင်းပြီး အလောဘ၊ အဒေါသ၊ အမောဟတရားတွေ ကိန်းအောင်းလာအောင် ရှုပွားပုံ ဘာဝနာကမ္မဋ္ဌာန်းတွေ ဘာတွေ မရှိဘူးလား ကိုလေး"

"ရှိပါ့ဗျား...ရှိပါ့။ ကိုလေး ပြောပြမယ် အဲဒီအဋ္ဌသာလိန် အဋ္ဌကထာမှာပဲ ဆက်ဖွင့်ပြထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ကိုလေးရဲ့"

"ဒီပစ္စည်းဝတ္ထုတွေဟာ မမြဲတဲ့ အနိစ္စတရားပါလားလို့ ရှုရင် အလောဘတရား ဖြစ်လာတယ်။ လောဘ နည်းလာတယ်ပေါ့။ ခန္ဓာကိုယ်ကြီးဟာ ဆင်းရဲခြင်း ဒုက္ခပါလားလို့ရှုရင် အဒေါသတရား ဖြစ်လာတယ်။ နောက် ကိုယ်ဖြစ်ချင်တာ ဘာတစ်ခုမှ မဖြစ်၊ အစိုးမရခြင်းဟာ အနတ္တပါလားလို့ရှုရင် အမောဟတရား ဖြစ်လာတယ်။ ကိုင်း... ညီမလေး ရှုပေတော့"

"ဟုတ်ကဲ့ ကိုလေး၊ ကျေးဇူးပါပဲ"

ကျမ်းကိုး:

အင်္ဂုတ္တရ ဿလိနီအင်္ဂကထာ

(အလောဘ စသည်အဖွင့်)

"စာဖတ်ပရိသတ်အားလုံး ငြိမ်းချမ်းတဲ့ဘဝတစ်ခုကို ကိုယ်စီတည်ဆောက်နိုင်ကြပါစေ"

ရဝေနွယ် (အင်းမ)

ဖုန်း ၆၆၁၅၉၇



ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်

## ဓမ္မဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁,၄၀၀,၀၀၀ |
| ၂။ | ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး<br>(တက်လမ်းဆောက်လုပ်ရေး) | ၁,၀၆၀,၀၀၀ |
| ၃။ | ကိုစိုးနိုင် + မစိမ့်ဟန်နီ<br>(ဓိဝဇိုးပွဲရုံနှင့် စိမ့်ရဘနာဆိုင်) | ၆၄၀,၀၀၀ |
| ၄။ | ဦးခင်မောင်အေး + ဒေါ်ခင်စောမူ<br>(ပရင့်ဆက်ဟိုတယ်) | ၅၀၀,၀၀၀ |
| ၅။ | ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) | ၅၀၀,၀၀၀ |
| ၆။ | ဦးအောင်ဇော် + ဒေါ်နန်းကျော့<br>(ဩစတြေးလျ) | ၄၅၀,၀၀၀ |
| ၇။ | ဦးအောင်မြင့် + ဒေါ်သုခ<br>(အောင်သုခမြန်မာထမင်းဆိုင်) | ၄၀၀,၀၀၀ |
| ၈။ | Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း | ၄၀၀,၀၀၀ |
| ၉။ | ဦးမောင်မောင်စိုး + ဒေါ်မဠူ<br>သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ | ၄၀၀,၀၀၀ |
| ၁၀။ | ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ<br>(ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ) | ၃၅၀,၀၀၀ |
| ၁၁။ | ဘိုကလေးမြို့တရားနာအလှူရှင်များ | ၃၅၀,၀၀၀ |
| ၁၂။ | ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း<br>(စိန်မျှားဆေးပေါ့လိပ်) | ၃၅၀,၀၀၀ |
| ၁၃။ | Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး<br>(U . S . A) | ၃၀၀,၀၀၀ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၄။ | ကိုအောင်ထွန်းသိန်း + မလွင်မာအောင်<br>သား မင်းသန့်ကျော်<br>(အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး) | ၃၀၀,၀၀၀ |
| ၁၅။ | ဖခင် ဦးမောင်မောင်အား အမှူးထား၍<br>ဦးသန့်ဇင်ဦး + ဒေါ်လှဲလှဲ | ၂၅၀,၀၀၀ |
| ၁၆။ | ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ | ၂၅၀,၀၀၀ |
| ၁၇။ | ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ | ၂၅၀,၀၀၀ |
| ၁၈။ | ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့်<br>သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ်<br>(စာပေလောက–၆) | ၂၁၀,၀၀၀ |
| ၁၉။ | ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) | ၂၀၀,၀၀၀ |
| ၂၀။ | ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊<br>သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ) | ၂၀၀,၀၀၀ |
| ၂၁။ | ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး<br>သမီးမမျိုးမြတ်လင်း (ဘိုကလေး) | ၂၀၀,၀၀၀ |
| ၂၂။ | ဦးကျော်စွိုး+ဒေါ်မိမိခိုင် (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၃။ | ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါ<br>မင်္ဂလာဦးအလှူ (မြိတ်မြို့) | ၂၀၀,၀၀၀ |
| ၂၄။ | ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု | ၁၇၅,၀၀၀ |
| ၂၅။ | လွန်းထားထား (ဆေးတက္ကသိုလ်) | ၁၅၁,၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ(ပေါင်းတည်) | ၁၅၀,၀၀၀ |
| ၂၇။ | (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ၊<br>သား(Capt:)ကိုဆွေးမြင့် | ၁၅၀,၀၀၀ |
| ၂၈။ | မယဉ်မျိုးမျိုးအေး (Costume Designer) | ၁၅၀,၀၀၀ |
| ၂၉။ | စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး | ၁၅၀,၀၀၀ |



| | | |
|---|---|---|
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+<br>ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကဲ့ပူ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A +<br>B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီး<br>မောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး +<br>ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး<br>(ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ<br>သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်ရှူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး<br>သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋေအောင်<br>ကုဋေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄၇။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် သမီးကြည်ဖြူသျှင် – နုရွှေရည် | ၁၀၀,၀၀၀ |
| ၄၈။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊ သမီးသဥ္စာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၄၉။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ မြသီရိ မိသားစု | ၁၀၀,၀၀၀ |
| ၅၀။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၁။ | ဦးဝိုင်စိန်+ဒေါ်ထွေးသိန်းမိသားစု (ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၂။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၃။ | ဦးကျော်ခင် + ဒေါ်မွေးမွေးမိသားစု ( Decoland Co.Ltd ) | ၁၀၀,၀၀၀ |
| ၅၄။ | ဦးစိုးနိုင် + ဒေါ်သီသီအောင် သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၅။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | မောင်ကျော်ကျော်စိုး + မညီညီလွင် | ၁၀၀,၀၀၀ |
| ၅၇။ | ဒေါ်မွေးမွေးကြည်၊ သားမောင်ကောင်းကျော် (U.S.A) | ၁၀၀,၀၀၀ |
| ၅၈။ | ဦးဟုန် + ဒေါ်သန်းလှ သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၅၉။ | ဒေါက်တာနွယ်နွယ်ဦး ( U.K ) | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၁။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+ ဒေါ်ခင်ခင်ခ | ၁၀၀,၀၀၀ |



| | | |
|---|---|---|
| ၆၂။ | ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ သော်တာမြင့်စိုး | ၁၀၀,၀၀၀ |
| ၆၃။ | ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ဈေးအနောက်–ပွဲစားတန်း၊ (မိတ္ထီလာ) | ၁၀၀,၀၀၀ |
| ၆၄။ | ဦးစိုး+ဒေါ်ခင်မေမိသားစု (အောင်စိုးမိုးဆန်စက်) ဝေါမြို့ | ၁၀၀,၀၀၀ |
| ၆၅။ | မိခင်ကြီးDr.ဒေါ်လှကြည်အားရည်စူး၍ ဦးထွန်းထွန်း၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွန်း၊ ဇင်နွယ်ထွန်း | ၁၀၀,၀၀၀ |
| ၆၆။ | ကိုစိုးလွင် + မမိုးမိုးစိုး၊ သားစည်သူဝင်းထွန်း (ဝေါ) | ၁၀၀,၀၀၀ |
| ၆၇။ | ဒေါ်အေးအေးဝင်း | ၁၀၀,၀၀၀ |
| ၆၈။ | မကေသီ (Yangon Air Way) | ၁၀၀,၀၀၀ |
| ၆၉။ | ကိုအောင်ကျော်ဆင့်+မနှင်းငွေရည် (မြကြာငုံစာပေ) | ၁၀၀,၀၀၀ |
| ၇၀။ | ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ သမီးမမို့မို့(ဖျာပုံ) | ၉၀,၀၀၀ |
| ၇၁။ | ဒေါ်ခင်စောတင့် | ၈၀,၀၀၀ |
| ၇၂။ | ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) | ၇၀,၀၀၀ |
| ၇၃။ | ကိုခင်ဇော် + မမိုးသူ၊ သား ဟန်သုတ(လက်ပန်ကျေးရွာ) | ၇၀,၀၀၀ |
| ၇၄။ | ကိုတိုးလွင်+ မကေသီနိုင် သားလွင်ကိုဦး | ၇၀,၀၀၀ |
| ၇၅။ | ဦးစံမင်း + ဒေါ်မာလာဝင်း (NEW DAY – ကာလာခွဲ) | ၇၀,၀၀၀ |
| ၇၆။ | ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင် အောင်သက် | ၇၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇၇။ | ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း | ၆၃,၀၀၀ |
| ၇၈။ | ကိုကျော်သူ + မရွှေဇီးကွက် | ၆၀,၀၀၀ |
| ၇၉။ | ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) | ၅၅,၀၀၀ |
| | မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း | |
| ၈၀။ | ဖခင်ဦးလေးမောင်အားရည်စူး၍ | ၅၅,၀၀၀ |
| | မအေးစံပယ်၊ မယုဇနေ (ရန်ကင်း) | |
| ၈၁။ | ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရှီ၊ | ၅၀,၀၀၀ |
| | သမီး နန်းရတနာသိန်း | |
| ၈၂။ | မငွေးငွေးမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) | ၅၀,၀၀၀ |
| ၈၃။ | ပဲနွယ်ကုန်းဆရာတော် | ၅၀,၀၀၀ |
| ၈၄။ | ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း | |
| | သမီး ဧဇင်ဦး(မဃလုလင်သက်န်းတိုက်) | ၅၀,၀၀၀ |
| ၈၅။ | (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၆။ | ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) | ၅၀,၀၀၀ |
| ၈၇။ | ဒေါ်ခင်ခင်သိန်း | ၅၀,၀၀၀ |
| ၈၈။ | ဦးရဲထွန်း + ဒေါ်သင်္ဂီဇင် | ၅၀,၀၀၀ |
| ၈၉။ | ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် | ၅၀,၀၀၀ |
| ၉၀။ | ဦးကျင်တိတ် + ဒေါ်ကျင်ဖွမ် (မန္တလေး) | ၅၀,၀၀၀ |
| ၉၁။ | ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် | ၅၀,၀၀၀ |
| ၉၂။ | ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း | ၅၀,၀၀၀ |
| ၉၃။ | ကိုထွန်းထွန်းလင်း | ၅၀,၀၀၀ |
| ၉၄။ | မမြမြအေး (ဈေးချို၊ မန္တလေး) | ၅၀,၀၀၀ |
| ၉၅။ | ဦးလွင်သိန်း + ဒေါ်တင်အေး၊ | ၅၀,၀၀၀ |
| | သမီး အိအိအေး၊ သား မောင်ပိုင်စိုး၊ | |
| | နေလစာပေ | |
| ၉၆။ | မရတနာဖြိုး Golden Princess Fashion | ၅၀,၀၀၀ |
| | Yuzana Plaza | |
| ၉၇။ | ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု | ၅၀,၀၀၀ |
| ၉၈။ | ကိုထွန်း၊ + ငြိမ်းငြိမ်း၊ သား - သားထူး | ၅၀,၀၀၀ |
| | ပရင့်ဆက်ဟိုတယ် | |
| ၉၉။ | ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ | ၅၀,၀၀၀ |
| ၁၀၀။ | ကိုနိုင်အေး+မငွေဇာဖူး၊ သားမောင်သုတဇော် | ၅၀,၀၀၀ |
| | မောင်စွမ်းပြည့်နိုင်မိသားစု | |
| ၁၀၁။ | ကိုအောင်အောင်+မသန္တာလွင်၊ | ၅၀,၀၀၀ |
| | သားကျော်ဒေးယျ (မန္တလေး) | |
| ၁၀၂။ | ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ | ၅၀,၀၀၀ |
| | သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု | |
| ၁၀၃။ | ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ | ၅၀,၀၀၀ |
| | သားပြည့်သိမ်းနိုင်မိသားစု | |
| ၁၀၄။ | ဒေါ်ဘောဘီ+ဒေါ်ရွှေနီ(အရိုးအထူးကုဆေးရုံကြီး) | ၅၀,၀၀၀ |
| ၁၀၅။ | ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် | ၅၀,၀၀၀ |
| | ဒေါ်ညိုညိုလွင် (ဓမ္မဗျူဟာမိသားစု) | |
| ၁၀၆။ | ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး | ၅၀,၀၀၀ |
| | မောင်စစ်သွေးအောင်မိသားစုကောင်းမှု | |
| ၁၀၇။ | ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း | ၅၀,၀၀၀ |
| ၁၀၈။ | ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ | ၅၀,၀၀၀ |
| | သမီး မခိုင်စံရီ မိသားစု | |
| ၁၀၉။ | ဖခင်ဦးလေးမောင်အားရည်စူး၍ | ၅၀,၀၀၀ |
| | ကိုကျော်ကျော်မိုး + မမူမူမြင့် (မန္တလေး) | |
| | သမီး စိမ်းလဲ့မိုး၊ အေးချစ်စု | |



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၁၀။ | ဦးညဏ်စိုး+ဒေါ်တင်မမ၊ သား မောင်တင်ကျော်စိုး | ၅၀,၀၀၀ |
| ၁၁၁။ | ဦးကျော့ရှင်း + ဒေါ်ခင်ခင်စော | ၅၀,၀၀၀ |
| ၁၁၂။ | ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) | ၄၅,၀၀၀ |
| ၁၁၃။ | မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) | ၄၀,၀၀၀ |
| ၁၁၄။ | ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး | ၄၀,၀၀၀ |
| ၁၁၅။ | ဒေါက်တာစိုးလွင်+ဒေါ်လှလှချော | ၄၀,၀၀၀ |
| ၁၁၆။ | ဦးရှောင်ဟီး+ဒေါ်ကြူ(သမီး)မမိုးမိုး၊မရွှေဝါ | ၄၀,၀၀၀ |
| ၁၁၇။ | ကိုခိုင်ဝင်း + မခင်အေးမွန် | ၄၀,၀၀၀ |
| ၁၁၈။ | ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာထင်ကျော် | ၃၆,၀၀၀ |
| ၁၁၉။ | မစိုးစိုးအေး (စိုးစိုး – အပ်ချုပ်ဆိုင်) | ၃၆,၀၀၀ |
| ၁၂၀။ | ဦးသန်းမြင့် + ဒေါ်ခင်ကြွေ၊ (သမီး) မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ) | ၃၆,၀၀၀ |
| ၁၂၁။ | အဖွားခင်နှင့် မြေး မွန်မွန် | ၃၅,၀၀၀ |
| ၁၂၂။ | ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မင်းသိမ့် | ၃၃,၀၀၀ |
| ၁၂၃။ | ဒု–ဗိုလ်မှူးကြီးကျော်မြင့်+ဒေါ်ချိုချိုအေး | ၃၂,၀၀၀ |
| ၁၂၄။ | မိုမို (ဆေးတက္ကသိုလ်) | ၃၀,၀၀၀ |
| ၁၂၅။ | ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း | ၃၀,၀၀၀ |
| ၁၂၆။ | ဦးကျော်ဇောလူ + ဒေါ်ချယ်ရီကြွယ် | ၃၀,၀၀၀ |
| ၁၂၇။ | Dr. ဦးမြအောင်+Dr. ဒေါ်ခင်အေးသီ | ၃၀,၀၀၀ |
| ၁၂၈။ | ဦးယောသက(သုခပဋိပဒါ သဒ္ဓမ္မရုံသီ) | ၃၀,၀၀၀ |
| ၁၂၉။ | ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး | ၃၀,၀၀၀ |
| ၁၃၀။ | မခင်ဖြူဖြူစိုး (ဝေါ) | ၃၀,၀၀၀ |
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂန္ဓမာ သမီးရူပါမျိုးမြင့် (မန္တလေး) | ၃၀,၀၀၀ |

BURMESE CLASSIC .com

www.burmeseclassic.com